www.burmeseclassic.com

# မေသူ

## တစ္ဆေတစ်ကောင်၏ စီရင်ထုံးများ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၀၄၀၆၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၃၉၇၀၆၀၄

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၆၊ ဇွန်လ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)

ရွှေစာပေတိုက်

တိုက် ၄၊ အခန်း ၁၀၊

မြည်တော်သစ်ရိပ်သာ၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်

အမှတ် ၃၀/၃၃၊ ၅၃ လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး ၇၀၀ ကျပ်

အုပ်ရေ - ၁၀၀၀ အုပ်

# နှောဝ်တော်ကြီး

၁

ကျွန်တော်တို့၏ မျိုးရိုးစဉ်ဆက်တွင် ဓလေ့ထုံးတမ်းများအရ ဇနီးမယားတို့သည် ခင်ပွန်းတို့ကို ရိုးကျိုးမှုပ်ဝပ်စွာ ဆက်ဆံကြရမှာဖြစ်ပြီး၊ သားယောက်ျားလေးများအား အင်မတန် တန်ဖိုးထား မက်မောမျှော်လင့်ကြရမည် ဖြစ်သည်။ လက်ထပ်ထားသော ဇနီးမယားတို့သည် အကယ်၍ သမီးမိန်းကလေး မွေးဖွားလာလျှင် စွန့်ပစ်ကာ နောက်ထပ် သားယောက်ျားလေး မွေးဖွားနိုင်မည့် အမျိုးသမီး နောက်တစ်ယောက်ကို ထပ်မံ၍ လက်ထပ်ပိုင်ခွင့်ရှိလေသည်။ အချစ် သံယောဇဉ်ဟူသည် ထားရှိရန်မလိုအဲ့ မိမိတို့၏

www.burmeseclassic.com



တန်ဖိုးထားသော ထုံးတမ်းစဉ်လာတယ်ခုကိုသာ လိုက်နာရန် ဖြစ်၏။

အချစ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့၏ မျိုးရိုးဓလေ့အရ သားယောကျ်ားလေးများသာဦးစားပေးသော သတ်မှတ်ချက်နှင့်အတူ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်၏ လက်ထပ်ရမည့် ဇနီးမယားတို့သည်လည်း ညီအစ်မသုံးယောက်ပင် ဖြစ်ရမည်ဟူသော ပညတ်ချက်ကြောင့် သူမတို့တစ်တွေနဲ့ တိုက်ဆိုင်စွာ ဆုံစည်းခဲ့ရခြင်းပင် ဖြစ်၏။

သို့ပေမယ့် ကျွန်တော်၏ညီနှစ်ယောက်ဖြစ်သော နောင်တော်လေတ်နှင့် နောင်တော်လေးတို့အား သူမတို့ထဲတွင် နှစ်မြှုပ်မသွားစေရန် ကြိုးစားခဲ့ရပါသည်။

× × ×

BURMESE CLASSIC

# လင်းရောင်ဗျူ

လောကကြီးထဲတွင် မုန်းရာအကောင်းဆုံးမှာ ယောကျ်ားတွေဖြစ်ပြီး၊ ကြောက်ရာအကောင်းဆုံးမှာ ထိုယောကျ်ားများမှ ပေးအပ်လာမည့် အချစ်တို့ပင် ဖြစ်၏။ ထိုအထဲတွင် ရွံရာအကောင်းဆုံးမှာ ယောကျ်ားတို့နှင့်အတူ တကွ နေထိုင်ရန်သဘောတူခြင်း (ဝါ) လက်ထပ်ခြင်းပင် ဖြစ်သည်။ မယုံကြည်ရဆုံးမှာ သူတို့၏ သစ္စာတို့ဖြစ်လေတာကြောင့် အချစ်အားဖြင့်ဆိုလျှင် ကျွန်မတို့ မိန်းမသားများသည် ယောကျ်ား အချစ်၊ အိမ်ထောင်ပြုခြင်းနှင့် သစ္စာစကားတို့ကို ခပ်ဝေးဝေးမှပင် ရှောင်ကြဉ်ရပါလိမ့်မည်။

သို့သော် ကျွန်မနှင့် မိနစ်အနည်းငယ်သာနောက်ကျကာခြားပြီး လူ့လောကထဲရောက်ရှိလာသည့် လတ်လတ်လည်နှင့် မွန်းသစ်စတို့တွင် ထိုတွေးခေါ်ယူဆချက်များ ရှိမနေတာကြောင့် ကျွန်မသည် အချိန်တိုင်း နာလိုခံခက်ရ၊ အခွင့်အရေးကြုံလျှင် ထိုစိတ်မာတ်ကို ရိုက်သွင်းရန် ကြိုးစားလုံးပမ်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ကျွန်တော်သည် ကန်ဘောဝ်ပေါ်တွင် အပြေးတက်ကာ နင်းခွေ့တွေ့ပါသောလေကို ရင်ဖွင့်ပြီး တဝကြီးရှူသွင်းကာ နံနက်ခင်း ဆောင်းအရက်ကို ခံစားမိချိန်တွင် တော်လေးနှင့် ဒေါ်လတ်တို့က နောက်ပါးဆီမှာ ခပ်တိုးတိုး ပွကျဲဆဲဖြစ်ပါသည်။

"အမလေးဗျာ . . . ကိုလတ် . . . ဟိုမှာကြည့်စမ်း အကြီးအကျယ် ကြွင်နာနေတာဗျ"

"သူတို့က ကျန်းမာရေးအတွက် မဟုတ်ဘူးကွ။ အချစ်ရေးအတွက် သတ္တရာဇ်ကြီးတွေဝါကွာ။ မင်း သွားကြည့်မနေနဲ့ မင်းမျက်လုံးတွေ အိုရစ်ဆင်သွားလိမ့်မယ် ငါ့ညီ"

"ဟာ . . . အိုရစ်တော့ မဆင်နိုင်ပါဘူး ကိုကြီးလိုပဲ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ေရကသိုက္ရွေတာ့မယ္ . . . ကဲ ရွၿပီေနာ္"

"ေအးကြ . . . မင္းမ်က္လုံးထဲမွာ ေရရိပ္ေတြ ဆင္လာၿပီ"

ဟူ၍ ေနာက္တီးေနာက္ေတာက္ေတြ ေျပာရင္း ေနာင္ေတာ္လတ္၏မ်က္၀န္းအစုံသည္ ကန္ေဘာင္တစ္ေနရာဆီ အေရာက္ ရွတ္တရက္ အသက္ရႉေတြ မိန္းမွားကုန္ကာ နံေဘးမွာရွိ ေနာင္ေတာ္ေလးအား သတိေပးလိုက္တာပါ။

"ေတာ္ေလး . . ၾကည့္စမ္း . . တူလွခ်ည္လားကြ။ အဲ့ဒါ အမြဲရွားလား"

"ကိုလတ္ အမြာႀကီးက သုံးေယာက္ေတာင္ . . ."

ေနာင္ေတာ္ေလးကလည္း မယုံၾကည္ႏိုင္ျခင္းမ်ားစြာနဲ႔ ေငးစိုက္ရင္း အမြာဆိုတာ ဆင္တူခ်က္စြပ္ႏွစ္ေယာက္သာ ရွိျခင္းပါ။ ဘယ္႔နယ္ေၾကာင့္မ်ား သုံးေယာက္တိတိႀကီး ျဖစ္ေနရပါလိမ့္။

ေတာ္ေလးသည္ ျမႇုန္နင္းခံ၀ါး၀ါးၾကားမွ အဆန္းတၾကယ္ ျဖစ္ေနစဥ္ . . .

"ေတာ္ေလး . . . အေတာ္၀ဲကြာ . . .ကြက္တိ . . ပြဲသိမ္းရွင့္ အႀကိဳးႀကိဳးပဲ . . . ႏွုတ္ရွယ္"

"ဟာဗ် . . .ဘာလဲ . . .ကိုလတ္ . . .ဘာလဲ"



"ေဟာ့ေကာင္ သူတို႔လည္း သုံးေယာက္ . . . ငါတို႔လည္း သုံးေယာက္"

ဟု ခပ္တိုးတိုးေရရြတ္ကာ ကိုႀကီးဆီ အေျပးသြားရင္း

"ကိုႀကီး . . . ဟိုဘက္ကန္ေဘာင္ေထာင့္တစ္ေနရာကို ရွုစားလိုက္စမ္းပါ"

ေနာင္ေတာ္လတ္၏ အေမာတေကာ ဟန္ပန္ကို ၾကည့္ မရလွန္းစြာနဲ႔ ကၽြန္ေတာ္က . . .

"ဘာျဖစ္လာတာလဲ . . .မင္းက"

"ေဟ်ာ္ . . . ေခါင္းနည္းနည္းပဲ ငဲ့လိုက္ပါ"

"ဟုတ္တယ္ . . .ကိုႀကီးရ အဆန္းတၾကယ္ပဲဗ်"

ရုတ္တရက္ႀကီး အသဲအသန္ျဖစ္ေနေစ့ ထိုႏွစ္ေယာက္ေၾကာင့္ ကၽြန္ေတာ္က နားမလည္ႏိုင္စြာနဲ႔ လွည့္အၾကည့္တြင္ ခပ္ေ၀းေ၀းမွ တူညီေသာ အရိပ္သဏၭာန္သုံးခုကို စတင္ျမင္ေတြ႕ရပါတယ္။

သူမတို႔သုံးေယာက္သည္ ေဘးတေစာင္းအရ ခပ္ရႈိ ရွုန္ရွာတဲ့ေတြ၊ ထူအမ္းတဲ့ႏွုတ္ခမ္းတို႔က မ်ဥ္းတစ္ေျပးတည္း ဆြဲရေလာက္ေအာင္ ထပ္တူထပ္မွ် က်လုပါတယ္။

www.burmeseclassic.com



တစ်ဝုံတစ်ရာကို ရေရွတ်သီဆိုဟန်နဲ့အတူ ခပ်ဟဟ ရယ်မောခြင်း၊ ချက်လုံးအကြည့် ရွှေလျားပုံကအစ ဇာတ်တိုက် ထားသလို ဆင်ဆင်တူမှုခြင်းပါ။ အညိုနရောင်ဆွယ်တာနဲ့ ခပ်ပွပွဘောင်းဘီရှုတ်ချောင်တို့သည် သူမတို့၏ တူညီမှုကို ပံ့ပိုး ပေးသယောင်။

သူမတို့တစ်တွေတွင် ကွဲခွဲလျက်မှာ မတူညီသော ဆံပင်ပုံစံတို့ဝင်း

"ကိုကြီး . . .ကိုကြီး"

"ဘာလဲကွ"

"တော်ပါသေးရဲ့ . . . ဟိုသုံးယောက် ဝိညာဉ်များ နှုတ် သွားသလားလို့"

"တော်စပ်းပါ . . .တော်လတ်ရာ"

တော်လတ်သည် ကျွန်တော်၏မှင်သက်မှုကို အမိအရ ဖမ်းနိုင်လေဟန်နဲ့ ရယ်ကျဲကျဲ ဖြစ်နေပါတယ်၊ တော်လေးက ဆံပင်ပျော့စင်းစင်းတွေကို ခါယမ်းရင်း . . .

"သူတို့လည်း ညီအစ်မသုံးယောက်နော် ကိုကြီး၊ တော် လေးတို့ စိတ်ကူး မလွဲသင့်ဘူး"



"ဟုတ်တယ်ဗျ၊ ဒါပေမယ့် ဘယ်သူက အကြီး၊ အလတ် အငယ်လည်းကွ"

"ကျွန်တော့် အထင်တော့ ကြေးနီရောင်တိုတစ်လုညှို ရှည်တစ်ခါ ဆံပင်နဲ့ကောင်မလေးက အငယ်ဖြစ်မှာ၊ ကျွန်တော် တလည်း ဆံပင်ရှည်တယ်လေ . . .အဟဲ"

"ဒါဆို အလတ်လေးက နားရွက်ဖျားထိ ခပ်ကုပ်ကုပ် ဆံပင်ပိုင်ရှင်ပဲ ဖြစ်မှာ"

"ဟာ . . .ဟ ကိုကြီးတော့ ကောက်ကွေးတွန့်ဖောင်းနေ တဲ့ ဟိုတစ်ယောက်နဲ့ပေါ့"

"ဟာ . . .ဒီနစ်ကောင် ဘယ်လိုဖြစ်နေလဲ"

"ကိုကြီးကလည်း . . . သူတို့ကလည်း ညီအစ်မလေး၊ ကျွန်တော်တို့ရဲ့ ထုံးတမ်းစဉ်လာအရ အံဝင်တယ်၊ ဒါမျိုးက ရှားပါး စွာ တိုက်ဆိုင်ခြင်းနော်"

ကျွန်တော်က တော်လတ်အား စိတ်ပျက်လက်ပျက်နဲ့ ငေးစိုက်ကြည့်ရင်း . . .

"သူတို့ရဲ့မျိုးရိုး၊ အရည်အချင်း၊ ဂုဏ်သိက္ခာ အဲဒါတွေ ရှိသေးတယ်လေကွာ၊ ညီအစ်မဖြစ်တိုင်း အံဝင်ခွင်ကျ ဖြစ်ရော

www.burmeseclassic.com

www.burmeseclassic.com



လား တော်လတ်ရာ"

နောင်တော်လတ်သည် မလွန်ဆန်ရဲ၍သာ နာခံရပေမယ့် စိတ်ထဲမှာတော့ ထိုသုံးယောက်နဲ့ တိတ်တဆိတ် တွေ့ဆုံစုံစမ်းမည်ဟု ဆုံးဖြတ်မိပါတယ်။ တော်လေးပါ သူ၏ဆုံးဖြတ်ချက်ကို ထောက်ခံမည်ဟူသော အဓိပ္ပါယ်နဲ့အတူ လှမ်းအကြည့်တွင် . . .

တော်လေးသည် ကိုလတ်၏အကြည့်ကို နားလည်စွာနဲ့ လက်ဝါးတစ်ဖက်ကို ဖြန့်ပေးလျှင် ကိုလတ်က သူ့လက်တစ်ဖက်ကို အလျင်အမြန် ထည့်ကာ တစ်ဆက်တည်း ကိုကြီးလက်ကိုပါ ဆွဲယူလိုက်ပါသည်။

"မင်းတို့အကြောင်း ငါ မသိရင်ခက်မယ်နော် . . .။ ဒုက္ခနဲ့ကို မရှာဘူး ဆတ်ဝလှူးကိုဖြစ်နေတာပဲ။ ကဲ . . .ပြန်မယ် ပြန်မယ်"

"နေပါဦး ကိုကြီးရာ"

သို့ဖြင့်ထွက်လာတဲ့ တာမြစ်သံကို ကျွန်တော် လျစ်လျူရှုရင်း ဦးဆောင်ပြီး ထွက်လာခဲ့၏။ သေချာသည်တော့ သူမတို့သုံးယောက်သည် ကျွန်တော်တို့ဘဝထဲ ဝင်ရောက်ဆွဲခေါ်နိုင်ရန် ကြိုးစားရမည်ပြီတည်း။

× × ×



"ဒီလောကကြီးထဲမှာ ယောက်ျားနှစ်မျိုးနှစ်စားပဲ ရှိတယ်။ တစ်မျိုးက ဖမ်းဆုပ်ကိုင်တွယ်မရတဲ့ အချစ်ဆိုတာကြီးကို တိုးတွယ်ပြီး မိန်းမတွေကိုပါ နစ်မြုပ်လိုက်တဲ့ ယောက်ျားမျိုးရယ်၊ နောက်တစ်မျိုးက ပကာသနတွေ ဂုဏ်တွေကို မက်မောပြီး အချစ်ဆိုတဲ့ အရိပ်မည်းမည်းကြီးနဲ့ ဖုံးအုပ်ချင်တဲ့ ယောက်ျားမျိုးရယ်၊ ကဲ နင်တို့ ရွေးစမ်း ... ဘယ်လိုဟာမျိုးမှ ရွေးလို့မရတဲ့အဖြစ်"

"ဒါပေမယ့် ဖျာရာ . . .လောကကြီးထဲမှာ အချစ်စစ်ဆိုတာမျိုးရော မရှိဘူးလား"

"နင် အဲ့ဒါမျိုးရှာလို့ကတော့ နင် အိုပြီးသေသွားလိမ့်မယ် လည်၊ တစ်သက်လုံး တွေ့မှာမဟုတ်ဘူး။ စကားထဲက ဇာတ်တွေ ပြမနေနဲ့။ နင်တို့တွေကလေ မိန်းကလေးချာပြီးမွေးတဲ့ ငါနဲ့ဘာဖြစ်လို့ မတူရတာလဲ"

ကျွန်မသည် စိတ်တိုတိုနဲ့ ကုန်းအော်ပစ်ပြီး ဒေါသတွေ တလိမ့်ပြီးတလိမ့် တက်လာရပါတယ်။ ကိုယ်မဟုတ်တဲ့ တခြားတစ်ယောက်ဆီက အကောင်းဆုံးတွေကို မျှော်လင့်ခြင်းသည် အိပ်မက်မက်ခြင်းပါပဲ။

"စိတ်ဓာတ်က အဓိကပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖျန်းသစ်နော် . . . ငါ့ကို လာမတွေ့နဲ့။ ငါ နောက်ဆုံး ပြောမယ်။ လက်လတ်လည်ရော ဖျန်းသစ်ဝရော ယောက်ျားတွေနဲ့ ကင်းကင်းနေ၊ အချိန်တန်တဲ့တစ်နေ့ သင့်တော်တဲ့လူနဲ့ ငါ နေရာချပေးမယ်။ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ"

"အို . . . ဘို့တော့ တစ်ကိုယ်လည်း အပျိုကြီးပဲ လုပ်ရမလား"

"ဖျသင့်တော်မယ့်လူဆို ဒီတစ်သက်မထင်ဘူး လည်ရေ့ . . . အဟီ"

ဖျန်းသစ်နဲ့ လည်တို့သည် ရှတ်နောက်နောက် ပြောရင်း ဖျ အနားကလစ်သွားဖို့ မျက်ရိပ်ပြရပါပြီ။ ဖျ တစ်ယောက်ဟာ ဖေဖေ့ကို နာကြည်းမုန်းတီးတာနဲ့ပဲ ဝါးလုံးရှည်နဲ့ သိမ်းကျုံး ရမ်းတတ်တာပါ။

သို့ပေမယ့် ဖျကို အပြစ်တင်၍လည်း မရချေ။ ဖျသည် သမီးဦးဖြစ်၍ ဆိုးဝါးခါးသက်တဲ့ ဖေဖေ့အကြောင်းကို မေမေ၏ ရင်ဖွင့်ဖော်အဖြစ် ရပ်တည်လာခဲ့ရခြင်းကြောင့်ပင်။

. . . ပဲဖြစ်ဖြစ် သူမတို့နှစ်ဦးစလုံးကတော့ ကိုယ့်ထက် (၅)မိနစ် (၁၀)မိနစ် ပိုကြီးတဲ့ ဖျ၏ စကားကို နာခံချင်စိတ် အချစ်



၏ နူးညံ့လတ်ဆတ်မှုကို ရင်ခုန်ကြည့်လိုစိတ်တို့နှင့် ဒွိဟ များရလေပြီ။

"မေမေ့သမီးနှစ်ယောက် ပြေးပြီတွေ့လား။ တကယ် မရှိတဲ့အရာကို ရှာချင်နေတာ"

"အကြီးမရယ် . . . သမီးလောက်တော့လည်း ဘယ်ပြင်းထန်ပါ့မလဲ။ အပြာဆိုတာ ရှုပ်ချင်းချွတ်စွပ်ပေမယ့် စိတ်ချင်း ဆင်တူဖို့က အရေးအကြီးလေ။ အချိန်တော့ အဆင်ပြေသွားမှာပေါ့"

"ဟင့်အင်း မေမေ . . .ဖျရှိနေသရွေ့ ဖေဖေ့လိုလူမျိုး ဘယ်တော့မှ မပေးစားရဘူး။ လက်ရှိအိမ်ထောင်ကို စွန့်ပြီး နောက်အိမ်ထောင်ပြုရဲတဲ့ယောက်ျား၊ လိုသမျှငွေကို လက်ဝါးဖြန့်ပြီး သူ့နောက်အိမ်ထောင်အတွက်ပါ တောင်းခံနေတဲ့ ယောက်ျားမျိုးကို ဖျ နာတယ် မေမေ"

"ငါ့ရဲ့ အဲ့တွေ့ ကြီးကုန်တော့မယ် လင်းရောင်ဖျ . . .။ အဲဒါ အဖေပဲ"

"အဖေမပြည့်တဲ့ အဖေမျိုး ဖျ ဘယ်လိုအဖေတော်ရမှာလဲ မေမေ။ ခုချိန်ထိ ငါ့မှာ သမီးသုံးယောက်ရှိသေးတယ်ဆိုတာကို အသိအမှတ်မပြုနိုင်တဲ့လူဟာ ဖျ အဖေတဲ့လား မေမေ"

ကျွန်မဟာ ရင်ခုန်မဆုံးအောင် နာကျင်နေမှုတွေကို တင်းတင်းကျပ်ကျပ်ထားတဲ့ မျက်ရည်တို့ လည်လာမိပါတယ်။ စဉ်းစားကြည့်စမ်းပါ။ လောကရဲ့ပေါ်မှာ အမြွှာကလေးသုံးယောက် မွေးဖွားပြီးစ မိန်းမထက်ဦးသည့် ခင်ပွန်းသည်ရဲ့ ဖောက်ပြန်လိမ်ညာမှုကြီးကို သိလိုက်ရချိန် မည်မျှခံနိုင်ရည်ရှိမှာတဲ့တုန်း။

အလေးသုံးယောက်ကို ရှန်းကန်ကျွေးမွေးရင်း လောကကြီးကို ကျားကန်ကန်ထားရတဲ့ကာလတွေမှာ နာကြည်းဝမ်းနည်းစိတ်တို့ ပြည့်မောက်နေမယ့် မိန်းမသားတစ်ဦးပုံကို မြင်ကြည့်စမ်းပါ။

တကာယ်တမ်း အခြေကျအနည်ထိုင်ကာ တင့်တယ်လာချိန်မှာ နောက်အိမ်ထောင်အတွက် ထောက်ပံ့စရိတ်တောင်းခဲ့တဲ့ ဖခင်ဖြစ်သူ လူစားမျိုးကို ကျွန်မကမှ မနာကြည်းလျှင် ကဲ . . . လင်းရောင်ဖျ မပီသတော့ဘူးဖြစ်ပေတော့မှာပေါ့။

"အလင်းရောင်ဖျဖျလေး လာတဲ့အချိန်မှာ သမီးကို မွေးခဲ့တာမို့ လင်းရောင်ဖျပေါ့။ နောက် (၅)မိနစ်ခြားမှာ အလတ်လည်းဖြစ်၊ အလယ်လူလည်း ဖြစ်တာကြောင့် လတ်လတ်လည်၊



နောက်(၅)မိနစ်ခြားမှ အရက်ဖျန်းစ မွေးခဲ့တဲ့ ဖျန်းသစ်စပေါ့"

ဟူ၍ အတိတ်ကိုပြောပြတိုင်း အဖေဆိုတဲ့ အရိပ်နာမတ ပျောက်ကွယ်ပုန်းလျှိုးနေခဲ့တာ မေမေ့မျက်ရည်တွေ၊ အားငယ်မှုတွေက ကျွန်မအတွက် နာကြည်းစရာ ပြောင်းလဲခဲ့ခြင်းပါ။

ဤသို့ လင်းရောင်ဖျတား ကမ္ဘာပေါ်ရှိ သက်ရှိယောက်ျားအားလုံးကို မုန်းတီးရွံရှာခြင်းဖြင့် အသက်ရှင်ခဲ့ရသူပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

# လင်းရောင်ဖျ

လူသားတစ်ယောက်အား . . .

အညွန့်တုံးသွားအောင် ...

စိတ်ကူးယဉ်တတ်လာအောင် . . .

မှီခိုအားထားချင်အောင် . . .

မြူစားတတ်သူသည်

ချစ်ခြင်းတရွေ့တစ်ကောင်ပင်

ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ဗော်ဗော်လည်

အချစ်သည့် စွမ်းအင်သတ္တိနဲ့

တန်ဖိုးရှင်တစ်ပါးတည်း။

# ဖျန်းသစ်စ

ရင်ခုန်စရာကောင်း၍

ကျေနပ်ပျော်ရွှင်မှုပေးနိုင်တဲ့

ကာဗားဖော်သည်

အချစ်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

"ဟဲ့ . . . လည် . . . လာ မြန်မြန် . . . ဒီဘက်ကို"

ဖျန်းသစ်သည် ရှေ့မှ ငိုက်စိုက်စိုက်နဲ့ ကားဆီမှာရသွန်လှုပ်နေတဲ့ ဖျအလစ်တွင် လည်ကို ဆွဲ၍ နီးစပ်ရာ ဆိုင်တစ်ဆိုင်ထဲ ပြေးဝင်ရန် ကြံစည်မိခြင်းပါ။

"ဖျန်းသစ် ဘာလုပ်မလို့လဲ . . . ကားနောပဲ ရောက်တော့မယ့်ဥစ္စာ"

"လာစမ်းပါဟာ . . . ဖျကိုနောက်မလို့ ငါတို့ ပါမလာတာတွေ့ရင် ခေါင်းတောက်အောင် ရှာလိမ့်မယ် . . ကြည့်နေ"

"နင်ဟာလေ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... ဘာနင်ဟာလေလဲ၊ နင်ရော အဲ့လိုလုပ်ရ တာ မပျော်လို့လား"

"ပျော်တာပေါ့ဟဲ့ ... ဟီ ... ဟိ ... မြန်မြန်လုပ် ဖျ ကားနားရောက်နေပြီဟဲ့"

သူမတို့နှစ်ယောက်က အလောသုံးဆယ်နဲ့ ဆိုင်ထဲ အဝင်မှာပင် အဖြစ်အပျက်က စခဲ့ခြင်းပင်၊ လှည့်ကြည့် လှည့်ကြည့် လုပ်ကာ ဆိုင်ဝအရောက် တရှူးထိုးပြေးဝင်မှုကြောင့် ...

"အင့် ... အောင်မယ်လေးဗျာ"

ဟူသော အသံရှင်ရှင်နဲ့အတူ တစ်စုံတစ်ယောက်၏ ရင် အုံနှင့် သူမဦးခေါင်းသည် ဒုတ်ခနဲ တိုက်မိခြင်းပင်၊ ဖျန်းသစ်သည် လည်အား လက်တွဲထားတာမို့ လည်သည်လည်း ဝင်တိုက်မိပုံရ ပါသည်။

"အား ... လာ ... လာ ... သေပါပြီ"

လည်ထံမှ ထိုအသံကို ကြားရချိန်မှာ ဖျန်းသစ်သည် ရှေ့မှလူကို ဖျတ်ဆို မော့အကြည့် ...

အိုကွယ် ... ခပ်ဝဲဝဲကျဆင်းနေတဲ့ နက်ပြောင်စိုလက်



နေတဲ့ နှုတ်ခမ်းပါးကော့ကော့လေးတွေ၊ အထူးခြားဆုံးက ရင်းနှီး နှစ်လိုမှုတွေ ပျော်ဝင်လဲ့ရှိနေတဲ့ မျက်ဝန်းအစုံပင်တည်း။

"ဆောရီး ..."

ဖျန်းသစ်ထံမှ ထိုသို့ ခြောက်ကပ်စွာထွက်ပေါ်လာတဲ့ အသံကြားမှ လည်သည် သတိပြန်ဝင်လာရပါတယ်၊ ဘုရားရေ လည်ဟာ ညှို့ဓာတ်အပြည့်နဲ့ သူ့မျက်ဝန်းထဲမှာ ကျောက်ရုပ်တစ် ရုပ်လိုပဲ နစ်မျောသွားရခြင်း[illegible]ရက်ဖွယ်ဖြစ်ရပ်ပင်တည်း။ လည် သည် ရုတ်တရက်ကြီး သတိပြန်ဝင်လာတာ ...

"ရှင်တို့ပစ္စည်းတွေ ကျကုန်ပြီ ... လည် ပြန်ကောက် ပေးပါ့မယ်"

"ဟာ ... မဟုတ်တာဗျာ ... ရပါတယ်"

"လည်ကြောင့် ဖြစ်တာပဲ"

ဟု ခပ်တိုးတိုးရေရွတ်ပြီး လည်က ငုံ့ပြီးကောက်ဟန် အပြင်တွင် ...

"လတ်လတ်လည် ... ဖျန်းသစ်စ"

အေးခဲပြီး တိုးရကာ အစိမ်းရောင်လွှမ်းခြုံတဲ့ ထိုအသံကို

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက် ခပ်တင်းတင်း ဆွဲကာ ဝုန်းဆို ထိုလူနှစ်ယောက်ကြားထဲ တိုးခွဲဝင်ရောက်ကာ Mini Market ထဲ ပြေးဝင်ပုန်းလျှိုးရပါတယ်။

ထိုပုန်းလျှိုးမှုသည် တခဏပဲဖြစ်ရပြီး၊ အိမ်အရောက်မှ ဖျားနာမှုကို ခေါင်းငုံခံရတော့တာပါပဲ။

"ငါ အကုန်မြင်တယ်၊ တမေ့တမော ကြည့်နေပုံများ ဘေးကနေ ဝိတ်တီးချင်စရာ၊ နေစမ်းပါဦး အဲ့ဒီနှစ်ယောက်ကို တွေ့တာနဲ့ နင်တို့က ဆိုင်ထဲ ခိုးဝင်ရလောက်အောင် ဘာတွေလဲ . . . ဘယ်လိုလဲ"

"ဘာမှမဟုတ်ဘူး ဗျာ . . . ငါက နင့်ကို ပုန်းတာ"

"ဟဲ့ လမ်းမကြီးမှာ တူတူပုန်းတမ်း ကစားရအောင် နင်တို့တွေက ကလေးနပ်ချေးတွဲ့လောင်းလား။ ဖျန်းသစ် ပုန်းစရာ ဘာမှ မရှိဘူး။ reason ကလည်း အဓိပ္ပာယ်မဲ့"

"ဖျရယ် . . . နင်ကလည်း၊ ဖျန်းသစ်အကြောင်း မသိတဲ့ အတိုင်းပဲ။ သူက အမြဲတမ်း အဲ့လို ပုန်းချင်စိတ် အမြဲရှိတဲ့ဥစ္စာ၊ ခုတာက မဆော်တာခပါ"

"မတော်တာဆကလည်း တစ်ကိုယ်လုံး အရည်တွေပျော်



နေပုံပါပဲ"

ကျွန်မသည် ခုထိ ဒေါသသွေးတွေ ဆူပွက်နေတာ အမှန်ပါ။ ဒီလောက်သွားလေရာ တပူးတွဲတွဲရှိနေတာတောင် ဒီ မိန်းမနှစ်ယောက်သည် အလစ်ဖမ်းချပ်တဲ့အဖြစ် ဘယ်လောက် ဆိုးဝါးလိုက်ပါသလဲ။

ဒီယောက်ျားတွေရဲ့အကြည့် တပ်မက်မောတဲ့ အကြည့်တွေကို လက်ခံရရှိမယ့်အစား ခွေးတစ်ကောင်ရဲ့ မာန်ဖီကိုက်ခဲမှုကို ခံစားလိုပါတယ်၊ တကယ်တမ်း ဖျန်းသစ်နဲ့လည့်တို့သည် ထို အကြည့်တွေကိုပဲ မိန်းမူးသွားမှာကို စိုးရိမ်ရပြန်ပါတယ် . . .။

"နင်တို့နှစ်ယောက်စလုံး အဲ့အကြည့်တွေကို အိပ်မက်မက်မနေနဲ့၊ နင်တို့ ကျိုးပဲ့ကန်းနေရင် ဒင်းတို့က တမေ့တမော ကြည့်ဖို့ မပြောနဲ့ သူတို့အကြည့် မြူတစ်မှုံတောင် ရှေ့လာမှာ မဟုတ်ဘူး။ အလကားကောင်တွေ ရုပ်ကိုက ပြိတ်တီနဲ့ . . . ငါက ဒေါသနဲ့ စိုက်ကြည့်တာကို ဒင်းတို့က မကြောက်မရွံ့ ပြန်စိုက်ကြည့်ရဲသေးတယ်၊ ဒင်းတို့ကို မှတ်မိအောင်ကြည့်ထားတာ နောက်တစ်ခါဆို ကားနဲ့ဝင်တိုက်ပစ်မယ် . . . ကြည့်နေ . . ."

ဖျန်းသစ်နဲ့ လည်တို့သည် ဒေါသခွေ့ထွက်တာ

www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ်နဲ့ ဆီမန်းမန်းသလို ရေရွတ်နေသော ဖျကိုကြည့်ကာ ဖဟိဟိနဲ့ ကျိတ်ရယ်မိပါတယ်။

ရယ်သံကြောင့် ဖျ မျက်ဝန်းသည် ဝုန်းခနဲ ရွေ့လာကာ

"နင်တို့လည်း ကင်းကင်းရှင်းရှင်းနေ။ နောက်တစ်ခါကျရင် နင်တို့ပါ ထည့်တိုက်ပစ်မယ်"

ဟူသော ခြိမ်းခြောက်စကားကို ကြောက်ရွံ့ဟန်နဲ့ ငြိမ်သက်နေလျှင် ဖျသည် စူးရှပြင်းထန်တဲ့ မျက်စောင်းတစ်ချက် ထိုးပစ်ကာ အခန်းထဲမှ ထွက်သွားပါတယ်။

နှစ်ဦးတည်းကျန်ခဲ့တဲ့ လည်နဲ့ ဖျန်းသစ်တို့သည် တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်၍ တခိခိနဲ့ရယ်ချလိုက်ပြီး လည်က ခုတင်ပေါ် ကန့်လန့်လှဲချ၍ . . .

"ရင်တွေခုန်နေသလိုပဲ . . .။ ပါးစုံဖောင်းဖောင်းလေးနဲ့ ကလေးလေးကျနေတာပဲ ဖျန်းသစ်ရယ်။ ငါ ဝင်တိုက်တာ အရှိန်တော်တော်ပြင်းတာဟဲ့။ သူ့လက်ထဲကပစ္စည်းတွေ အကုန်ကျကုန်တာ ပြန်တောင် မကောက်ပေးရဘူး"

"အမလေး . . .လည်။ နင် အဲ့လိုဖြစ်နေပုံကို ဖျသာ သိရင် ဖုံးကြခံရမယ်နော်။ နားထဲကို ဗုံးအတွဲလိုက်ကြဲမှာ"



"ဒေါ်ဖျန်းသစ်ရယ် . . .ညည်းကလည်း အမှတ်ကို တစ်ပြီးယူနော်။ ညည်း တွေဝေမိန်းမူးနေတာ ကျုပ်က မမြင်တာကျလို့"

"ဟော့ အစ်မ အစုတ်ပလုတ်ရဲ့ ကျုပ်က ဆံပင်လေးကိုကြိုက်လို့ပါနော်"

"ဒါပေါ့ ခုတော့ ဆံပင်ပေါ့။ နောက်များတော့လည်း တစ်မျိုးတိုးလို့ . . ."

သူမ စကားမဆုံးခင်မှာပဲ ဖျန်းသစ်ထံမှ ခိုးခိုးခစ်ခစ်နဲ့ မဆုံးနိုင်သောရယ်သံတို့နှင့်အတူ ဖမ်းစားမှုတစ်ခုအောက်တွင် မြှုးတူးနေပြီးတည်း။

× × ×

"အကြည့်က မီးတွင်ငြိုး ကိုကြီးရေ့။ တောတ်ကလိမ်က စူးရှပြင်းထန်လွန်းတယ်ဗျ"

"ဟိုနှစ်ယောက်ကလည်း အတော်ကြီး ကြောက်ရပုံပဲ။ နော် . . .တော်လေ။ ဝုန်းဆို ထိုးပြီး ဝင်သွားကြတာ"

ကျွန်တော်က တစ်ယောက်တစ်ပေါက်နဲ့ ပြောမြှုံ ပြန်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ နှစ်ယောက်ကို ခပ်ကြာကြာ စိုက်ကြည့်နေပြီးမှ . . .

"မင်းတို့ ဘာမှ မပြောဖြစ်လိုက်ဘူးပေါ့"

"ဘယ်လိုလုပ်ပြီးပြောမလဲ ကိုကြီးရ၊ ဒီနေ့မှ ပြန်တွေ့တာ၊ ပြီးတော့ ခဏလေး . . .။ အဲဒီ ကိုလတ်ကလည်း ငေးမောနေတာပဲ"

"ဟော့ကောင် လဒရဲ့၊ မင်းလည်း ငေးတာပဲ မဟုတ်လား။ ကျိုးကန်း အိမ်မြောင်ရဲ့၊ ဒါပေမယ့် ကျွန်တော်တို့အိမ်ကို လိုက်ကြည့်ခဲ့တယ်ဗျ။ အိမ်လေးက တစ်ထိုင်တိုက်ပြာပြာလေး။ ကိုကြီးရဲ့ ကောက်ကာလိမ်မက ဒေါသတွေ ထွက်နေပုံပဲ"

"ဟုတ်ပ တံခါးကို ဆောင့်ပိတ်တာ . . အကျယ်ကြီးပဲ။ သူက အာဏာရှိပုံရတယ် ကိုကြီးရ၊ ကိုကြီးနဲ့ သူ OK ရင် ကျွန်တော်တို့ပါ ငြိမ်းပဲ၊ ကိုလတ် ဟုတ်တယ်မလား"

ကိုယ့်အစီအစဉ်နဲ့ကိုယ် ဟုတ်နေတဲ့ တော်လတ်တို့ နှစ်ယောက်ကို ကြည့်ပြီး၊ သူတို့တစ်တွေနှုတ်ဖျားက ကောက်ကာလိမ်မကို အတော်ကြီးစိတ်ဝင်စားလာရပါတယ်။

သာမန် ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုကို သူမဟာ ထိုမျှအဝိပေါက်ကွဲပြနေစရာမလိုပါ။ ကျွန်နှစ်ယောက်ကလည်း ကြောက်ရွံ့



ထိတ်လန့်နေစရာ မလိုပါ။

"မင်းတို့နှစ်ယောက် ဟိုကောင်မလေးတွေကို စိတ်ဝင်စားပြီပေါ့"

"ဝင်စားပြီ၊ ဒါပေမယ့် ကိုကြီးရဲ့ကောက်ကာလိမ်ကြောင့်"

"တော်စမ်းပါ တော်လတ်ရာ . . .ကောက်ကာလိမ်ဆိုတာကြီး ကြားရရုံနဲ့ နားထဲမှာ ယားကျိကျိနဲ့ . . .။ သူ့ဆပင်ကြီးကထိုကောင်တွေလိုပဲ အသည်းယားလွန်းလို့ပါ"

ကျွန်တော်ရဲ့ ရှုံ့မဲ့မဲ့စကားအဆုံးမှာ ကျန်နှစ်ကောင်က
တ်ထိုးခွက်လန်ရယ်မောပြီး တော်လေးက . . .

"ကိုကြီးနဲ့ အဆင်ပြေတဲ့နေ့ကျရင် ညှပ်နိုင်းပေါ့ဗျ"

"မင်းတို့ပဲ အရင် အဆင်ပြေအောင် ကြိုးစားကြ၊ မင်းတို့
တ်တာ မီးစိမ်းပြရင် ကျွန်တဲ့အပိုင်း ငါ စီစဉ်ပေးမယ်"

"ဟာ . . . ကိုကြီး . . . တကယ် . . . တကယ်နော်"

နောင်တော်လတ်ဟာ ကိုကြီးထံမှ လွယ်ကူစွာ လိုက်
နိုင်ပါ့မလားဆိုတဲ့ အတွေးကြောင့် မယုံကြည်သလို ထပ်
ပါတယ်။

"အြော် . . .ဒါက နောက်စရာလားကွ တကယ်၊ ဒါပေမယ့်

www.burmeseclassic.com



မိန်းမတစ်ယောက်ရဲ့အချစ်ကို ဒူးထောက်ပြီး တောင်းတဲ့နည်းက လွဲလို့ ကျန်တဲ့နည်း အကုန်သုံးလို့ရတယ်"

"ဒါမှ နောင်တော်ကြီးကွ"

ဟု သံပြိုင်အော်ကာ ကျွန်တော့်ပါးကို တရွတ်ရွတ်နဲ့ ဖက်နမ်းနေကြတာမို့ တွန်းထိုးဖယ်ထုတ်ရင်း . . .

"ဟာ . . . တော်ပြီကွ၊ ဘာကောင်တွေမှန်း မသိဘူး . . . ပါ . . ."

ကျွန်တော် ပြောထွက်ရင်းဆိုလျှင် တော်လတ်က ပြုံးစစ မျက်နှာပေးနှင့် မျက်လုံးတို့ကို မှေးစင်ကာ . . .

"ဒါပေါ့ . . ဒါပေါ့ ခုချိန်မှာ ကျွန်တော်တို့ နမ်းတာ ဘယ်တြိုက်တော့မလဲ . . . ဟဲ . . . ဟဲ"

"တောက်ကလိမ်မရဲ့ . . . အ . . . နမ်း . . . ကို . . . ပဲ"

"ဟော့ကောင်"

ဟူ၍ ကျွန်တော်က အော်ရင်း နောက်မှ လက်သီးရွယ်ပြီး လိုက်လျှင် တော်လတ်တို့နှစ်ကောင်က ပြေးလွှားရင်း ဆိုဖာတွေနဲ့ လမ်းပိတ်လိုက်၊ တစ်ယောက်က နောက်မှ အလစ်ဝင်ကလိထိုး လိုက်၊ ရှောင်လိုက်တိမ်းလိုက်နှင့် ဧည့်ခန်းတစ်ခုလုံး ပြောင်းဆန်



ပွတ်လောရိုက်ကုန်ပါတယ်။

ကိုကြီးဆီမှ တရားဝင်ခွင့်ပြုချက်ရပြီး နောက်တစ်နေ့မှာ နောင်တော်လတ်တို့ စတင် ကြိုးပမ်းခဲ့ကြခြင်းပါ။ သူမတို့ သုံးယောက်ဟာ 3 Sisters ဟု အမည်ရသော မိန်းမအသုံးအဆောင်တွေ အတွင်းခံပစ္စည်းတွေ ရောင်းချသော ဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ထားကြပြီး၊ အစဉ်အမြဲ သုံးယောက်စလုံး တပူးတွဲတွဲရှိနေခြင်းကြောင့် တော်လတ်နဲ့ တော်လေးမှာ ခပ်ဝေးဝေးမှ စောင့်ကြည့်ရသည့်အဆင့်၊ ဖုန်းနံပါတ်စုံစမ်းရသည့်အဆင့်ထက် မပိုနိုင်ပါ။

နောက်ဆုံးမတော့ သူတို့နှစ်ယောက်၏အခက်အခဲကို ကိုကြီးထံ တင်ပြလိုက်ရပါတယ်။ ကိုကြီးထံမှ . . .

"ညံ့ပါ့ကွာ . . . ငါ့ညီတွေလုပ်ဖို့တောင် မကောင်းဘူး။ မိန်းမတစ်ယောက်ကို ပိုးပန်းတာ ဒီလောက်ထိပဲ ဒုက္ခရောက်သလားကွ၊ မင်းတို့ကလည်း ကိုယ့်ကိုကိုယ် သိမ်ငယ်နေတာလား။ ဘာတွေတုန်း . . . ငတုံးတွေ၊ ခွေးတိရစ္ဆာန်ရဲ့ သူတို့တစ်တွေတာ ဘာတွေမို့လို့တုန်း။ ကဲ ငါ့ကို ပြောကြစမ်း"

စသည်ဖြင့် အပြစ်တသီတတန်းကြီးကို ခေါင်ပုံနာခံပြီး

www.burmeseclassic.com

www.burmeseclassic.com



မှ . . .

"ကိုကြီးရဲ့ ကောက်ကလိမ်မက အနားမှာ အမြဲရှိနေတာ ကိုး . . ."

"တော်လေးရာ သူ ရှိတော့ရော ဘာဖြစ်လဲ၊ မင်းကောင်မလေး သိသာအောင် လုပ်မယ့်နည်းလမ်းတွေ တစ်ပုံကြီးပါကွာ။ ကားမှန်မှာပဲဖြစ်ဖြစ်၊ ဆိုင်မဖွင့်ခင် တံခါးမှာပဲဖြစ်ဖြစ် ဖျန်းသစ်စကို ချစ်တယ်ဆိုပြီး ရေးပေါ့။ ခုဟာက ဟိုတစ်ဘက်ကတောင် မင်းတို့နှစ်ယောက်ကို မှတ်မိပုံမလားတောင် မသေချာဘူး။ မင်းတို့လုပ်ပုံက . . ."

"ကိုကြီး မသိလို့နော် . . .။ အဲ့ဒီ ကောက်ကလိမ်မက အင်မတန်ကို ထက်မြက်တာ။ ပြီးတော့ သူ့မှာ အရှိန်အဝါတစ်မျိုး ရှိနေသလိုပဲ။ သူ့စက်ကွင်းက ကြီးမားကျယ်ပြန့်တာမျိုး။ ကျွန်တော်တို့ အနားတောင် မသီရဲဘူး"

ကျွန်တော့်မှာ တော်လတ်ရဲ့စကားကြောင့် အင်မတန် အံ့ဩတွေဝေသွားရပါတယ်။ ထက်မြက်တဲ့ အရှိန်အဝါရှိတဲ့ မိန်းမ။ ထိုမိန်းမမျိုး ကျွန်တော် မွေးဖွားကြီးပြင်းရာ ပတ်ဝန်းကျင်မှာ မတွေ့ဘူးတာ အမှန်ပါ။



ကျွန်တော့်ပတ်ဝန်းကျင်က မိန်းမတွေသည် အထူးသဖြင့် မေမေအပါအဝင် အားလုံးသည် မာန်မာနကင်းစင်၊ ထက်မြက်မှု အရှိန်အဝါမရှိတဲ့ ရိုကျိုးသိမ်မွေ့တဲ့ ဇနီးမယားမိခင်တွေသာ ဖြစ်ပါတယ်။

တော်လတ်ရဲ့ ထူးဆန်းသောစကားတို့ကြောင့် ကျွန်တော်သည် သက်တမ်းတစ်လျှောက် မကြုံဘူးထဲ့ မိန်းမတစ်ယောက်ကို လေ့လာရန် တစ်ညနေ၌ သူမတို့အိမ်လေးကို မြင်သာရာနေရာတွင် ကားရပ်ပြီး မှန်ပြောင်းတစ်လက်နဲ့ ကြည့်ရှုနေရပါပြီ။

"ဟော ကိုကြီး . . အိမ်ထဲကထွက်လာပြီ၊ ဖျန်းသစ်စ ထွက်လာပြီ"

"မင်းက ပါးစပ်ကပဲ အော် . . .၊ ခုန်ဆွခုန်ဆွလုပ်မနေနဲ့၊ ကားခေါင်မိုးပြားမယ် ငါ့ လတ်လတ်လည်း ထွက်လာရှင်း ပေးဦး"

နောင်တော်လတ်က ခေါင်မိုးပေါ်တက်ပြီး ရောက်တဲ့ အချိန်ကတည်းက သူချည်းပဲ ကြည့်ရှုနေတဲ့ တော်လေးကို စိတ်အို တောင်းစွာ ပိတ်ဟောက်ပစ်လိုက်စဉ် တော်လေးသည် ဂရုမပြုအားဘဲ . . .။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ကောက်ကလိမ်ထွက်လာပြီ၊ ဂါဝန်ကြီးနဲ့ဗျ ဟာ . . . ဟာ . . . ရော့ . . . ရော့"

ဟုဆိုကာ ကျွန်တော့်လက်ထဲ မှန်ပြောင်းကြီး ထိုးထည့်ပေးပါတယ်။ ကျွန်တော်က မှန်အဝိုင်းကျဉ်းကျဉ်းလေးထဲမှ ပေါ်လာတဲ့ သူမပုံရိပ်ကို လှမ်းမျှော်ချိန်တွင် သူမသည် သံနှိုင်းတွေ စီချထားတဲ့ စားပွဲမှာဝင်ထိုင်ပြီး တစ်ခုခုကို ဟက်ဟက်ပက်ပက် ရယ်မောနေပုံပါ။

သူမထံတွင် ဖော်ပြလို့မရတဲ့ အရောင်အဓါတ်တစ်မျိုး ဖြာထွက်နေပြီး၊ စွဲမက်ဖွယ်အပြုအမူများကို ပိုင်ဆိုင်တာ အမှန်ပါပဲ။

"ကိုကြီး . . . ကိုကြီး . . . မှန်ပြောင်း ခဏလောက်။ ကျွန်တော် လတ်လတ်လည်ကို ကြည့်မလို့"

ဟူ၍ ပခုံးပုတ်ပြီး နောင်တော်လတ်ကဆိုမှ ကျွန်တော်က မှန်ပြောင်းကို လက်ထဲထည့်ပေးလျှင် . . .

"မပေးချင် ပေးချင် တန်နဲ့"

"ကြည့်လို့မဝလို့ပါ"

ဆိုကာ တစ်ယောက်တစ်ခွန်း နောက်ပြောင်ကြတာကြောင့် ကျွန်တော်က . . .



"ငါ နှစ်ကောင်စလုံး . . . ကန်ချမှာနော် . . . မျက်နှာပိုးတိုက မသိတ်ဘူး"

ဟု ခပ်ဟောက်ဟောက်ဆိုရပါတယ်။ သို့ပေမယ့် ကျွန်တော့်မျက်လုံးထဲမှာ ဖြာလွဲသော ရောင်စဉ်တို့နဲ့ သူမက တရစ်ဝဲဝဲပင် ရှိနေဆဲပါ။

"တော်လေး . . . သူတို့နားမှာ ဖုန်းရှိတယ်ကွ . . . ။ တင်း(န်)ဖုန်း"

"ဒါဆို အဆင်ပြေတယ် ကိုလတ်။ ကျွန်တော်တို့ ဆက်ကြည့်မယ်"

နောင်တော်လေးသည် ဝမ်းမြောက်ရွှင်မြူးစွာ ဖုန်းကို နှင့်၍ ဆက်သွယ်ချိန်တွင် . . .

"ဟုတ်ကဲ့ ပြောပါ"

ဟူသောအသံနှင့်အတူ ကိုလတ်ထံမှ . . .

"တော်လေး သတိထားနော် . . . ကောက်ကလိမ်မ ကိုင်တာကွ"

သူသည် ရုတ်တရက် ကြောင်အသွားပြီး ကိုကြီးထံအားကိုးတကြီး လှမ်းကြည့်မိပါတယ်။ ကိုကြီးက သံသံတိတ် မေး

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ပြတာကြောင့် သူက . . .

“ဖျန်းသစ်စနဲ့ တွေ့ချင်လို့ပါ”

“ဘာ”

စူးဝါးတဲ့ အော်သံကြောင့် လန့်ဖျပ်ပြီး ဖုန်းကိုနားမှ ခွာပြီးမှ . . .

“ဟို . . . ကျွန်တော် . . . ဖျန်းသစ်စနဲ့တွေ့ချင်လို့ပါ”

“ဘာကိစ္စလဲ၊ ဘာပြောမလို့လဲ၊ ပြောစရာရှိရင် ငါ့ကို ပြောခဲ့၊ ငါ ဖျန်းသစ်စ အစ်မပဲ၊ ကဲ ပြော”

နောင်တော်လေးသည် တစ်ဘက်မှ မာကျောသော အခြေအနေကြောင့် လန့်ဖျပ်ပြီး ဖုန်းဝိတ်ပစ်ကာ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ရင်း ကိုကြီးက . . .

“ဘာတဲ့လဲ”

“သူကို ပြောတဲ့ . . .၊ ဖျန်းသစ်စရဲ့အစ်မတဲ့၊ အမလေး ကြောက်စရာကြီး”

တော်လေးရဲ့ စကားဆုံးတာနဲ့ မှန်ပြောင်းတစ်လက်နှင့် အလုပ်ရှုပ်နေတဲ့ တော်လတ်က . . .

“ကောက်ကာလိမ်မကြီး ဒေါ်သူပုန်ထနေပြီဗျို့၊ ဒုက္ခပဲ . .



လတ်လတ်လည်ကို ခေါ်လို့ရပါ့မလား မသိဘူး၊ ပွဲဦးထွက်က ကံမကောင်းဘူး”

ဟု ရေရွတ်ပါတယ်၊ ကျွန်တော်သည် ထိုသို့တစ်ပါးသူ မိန်းမတစ်ယောက်ရဲ့ ဆောင့်ကြွားကြွားနိုင်မှု ထိုစရိုက်ကြီးတို့ ဖုံးလွှမ်းခံနေရတဲ့ ညီနှစ်ယောက်ရဲ့အဖြစ်ကို အတော်ကြီး မခံချိမခံသာဖြစ်ရပြီး . . .

“ကျုတ် . . . မင်းကလည်း ယောက်ျားမဟုတ်တဲ့အတိုင်းပဲ၊ ဘာမှ မပြောရခင် ကြောက်မနေပြီ။ သူ တစ်ခွန်းဟောက်ရင် မင်းက နှစ်ခွန်းပြန်ဟောက် . . . ရော့”

ဟု ခပ်မြန်မြန် ထင်ကြားပေးပြီး ဖုန်းထည့်ပေးလိုက်မှ တော်လတ်က တုန်တုန်ယင်ယင်နဲ့ နံပါတ်ကာ . . .

“ကျွန်တော် လတ်လတ်လည်နဲ့ တွေ့ချင်လို့ပါ”

“လာပြန်ပြီ နောက်တစ်ယောက်”

ဆူအောင့်အောင့်နဲ့ ထွက်လာတဲ့ အသံရှင်ကြောင့် ဒါဟာ ကောက်ကာလိမ်မ ကိုင်တာပဲဆိုတာ သိချိန်မှာ မှန်ပြောင်းနဲ့ ကြည့်နေတဲ့ တာဝန်ယူသူ တော်လေးက လက်မကို အောက်စိုက်ပြလိုက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စနဲ့တွေ့ချင်တာလဲ။ ဘယ်က ကလေကဝတွေ မှန်းမသိ၊ အားတိုင်းပားတိုင်း နင်တို့မှာ ဖုန်းနှိပ်ဖို့ အချိန်ရှိပေမယ့် ငါတို့မှာ အချိန်မရှိဘူးဟေ့ . . . ဒါပဲ"

ဟူသောအသံနှင့်အတူ တစ်ဆက်တည်း ဖုန်းချသံကိုပါ ကြားလိုက်ရပါတယ်။ သူက စိတ်ပျက်ပျက်နဲ့ ခေါင်းရမ်းပြလျှင် ကိုကြီးက ဖုန်းကိုဆွဲယူပြီး . . .

"ငါ့ကို ဖုန်းနှိပ်ပေး သူလာကိုင်ရင် ပေး"

ကျွန်တော်သည် တော်လေးလက်ထဲက မှန်ပြောင်းကို ပါ တစ်ဆက်တည်း ဆွဲယူပြီး ကြည့်နေမိပါတယ်။

"ဖျန်းသစ်စနဲ့ တွေ့ချင်လို့ပါ"

"မရှိဘူး"

"လတ်လတ်လည်"

"မရှိဘူးဟေ့ . . . နင်တို့ ဘယ်သူတွေလဲ၊ ဘာကိစ္စ နှောင့်ယှက်နေတာလဲ၊ နင်တို့မှာ အချိန်တွေ သိပ်ပေါနေပြီပေါ့။ ကဲ ပြောစမ်း နင် ဘယ်သူလဲ"

ကျွန်တော်သည် နင်တွေ ငါတွေနှင့်ရှိုင်းစိုင်းကြမ်းတမ်း လွန်းတဲ့ [illegible]အား အတော်ကြီးရွံရှာစက်ဆုပ်သွားရပြီး . . .



ကျွန်တော်က ဖုန်းကို နားမှခွာပြီး စကားပြောခွက်မှ တစ်ဆင့် . . .

"တစ်ချိန်မှာ မင်း ကိုးကွယ်ရမယ့် . . . မင်းဘဝအတွက် အရေးပါဆုံးနဲ့ အရေးကြီးဆုံး လူသားတစ်ယောက်ဆိုရင် လုံ လောက်ပါပြီ"

ကျွန်တော် ဖုန်းပိတ်လိုက်ချိန်တွင် သူမသည် ဒေါသ တကြီး တစ်စုံတစ်ခုကို ရေရွတ်နေဆဲပင်၊

"မှင်တ သရဲကောင်။ အောက်တန်းစား ကလေကချေ တွေ၊ မှန်းဖို့ကောင်းလိုက်တာ"

ကျွန်မသည် ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန်နေပြီ၊ သွေးတို့က တဝုန်းဝုန်းနဲ့ ရိုက်ခတ်လို့နေပါတယ်။

"အဲ့ဒါ နင်တို့ကြောင့် လတ်လတ်လည်ရော ဖျန်းသစ်စံ ရော ငါ မဆူချင်ဘူးနော်။ ခု နင်တို့ကြောင့် ငါ အစော်ကားခံရတာ တဲ့။ နင်တို့ကြောင့် ဇာတ်လမ်းရှုပ်ဖို့ မစဉ်းစားနဲ့၊ နင်တို့ဆံပင်တွေ ကို လေးကွက်ကျား ရိတ်ပစ်မယ်။ မလုပ်ဘူး မထင်နဲ့"

ဟူ၍ ဝုန်းဒိုင်းကြဲဆူပူကာ နီးစပ်ရာခုံတစ်လုံးကို ပိတ် ကန်ပစ်၍ အိမ်ထဲသို့ ဝင်သွားပါတယ်။ သူမတို့နှစ်ယောက်မှာ ဖျာ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့၌ မှင်သေသေနဲ့နေရသမျှ ဖျ ကွယ်တာနဲ့ ခွီးခနဲ ရယ်ချကာ

"လေးကွက်ကျားရိတ်ပစ်မတဲ့ ကြောက်စရာကြီး"

"ငါတို့ကို ဖုန်းဆက်တာ ဘယ်သူလဲမသိဘူးနော် ဖျန်းသစ် . . .။ တစ်ခါမှ အဲလို မဆက်ဖူးကြဘူး"

လည်လည် တွေးဆဟန်နှင့်ဆိုလျှင် ဖျန်းသစ်၏ မျက်ဝန်းအစုံက သောက်ရှူးကြယ်လို တဖိတ်ဖိတ်တောက်ပလာကာ

"ငါ့ရဲ့ဆံရှည်လေးဆိုကောင်းမှာပဲနော် လည် . . .။ နင့်ဆီဆက်တာကလည်း ပါးစုံဖောင်းဖောင်းလေးနဲ့ ဟိုကောင်လေးဆိုရင်လေ"

ဟု စိတ်ကူးကောင်းစွာ ရေရွတ်လျှင် လည်လည် ထိုစိတ်ထဲတွင် မျှော်နစ်ကူးခတ်ရင်း တိတ်တခိုး ကျိတ်၍ ရင်ခုန်၏လေပြီ။

လည်နဲ့ဖျန်းသစ်တို့နှစ်ဦးသည် တစ်စုံတစ်ရာကို ထက်ထက်သန်သန် မျှော်လင့်နေကြပြီး ထို တစ်စုံတစ်ရာကိုပဲ ဖြင့်စွာ ဆုတောင်းကြလေပြီတည်း။

× × ×

# အခန်း(၃)

"အခြေအနေက ခုထိ မိုင်းနစ်(စ်)ပြတုန်းပဲ ကိုကြီးရာ၊ တိုးတက်နိုင်သေးဘူး"

"ဟို ဒေါ်ကောက်ကလိမ်က မျက်နှာထားကလည်း တင်းသေ။ အနားကကို မခွာနိုင်ဘူး။ သူတို့ဆိုင်ကလည်း မိန်းမအတွင်းရှည်းတွေချည်းပဲရောင်းနေတယ် . . . တကယ့်စိတ်ဓာတ်ပဲ"

ဟု တော်လေးနှင့်တော်လတ်တို့သည် တညည်းတညူညူ ဆိုလာပုံကိုကြည့်ရင်း ကျွန်တော်သည် စိတ်ထဲ၌ အလိုမကျမှုတွေ ဖြစ်ထွန်းလာရပါတယ်။

ကျွန်တော်တို့ အခြေအနေသည် မိန်းမသားတွေ ဖြင်း

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ခေါင်းခါနိုင်စွမ်းမရှိသော အနေအထားပင်၊ ကျွန်တော်သည် အတွေးထဲတွင်ပါ အားမလို အားမရဖြစ်လာပြီး . . .

"သူတို့ သုံးယောက်ကို ကွဲကွဲပြားပြား ခွဲခြားနိုင်တာ ဘာလဲ"

"ဆံပင်ပေါ့ ကိုကြီးရဲ့"

ပြိုင်တူထွက်လာတဲ့အဖြေကြောင့် ကျွန်တော့်ခေါင်းထဲမှာလည်း အကြံရကာ စာရွက်ဖြူနဲ့ ခဲတံတို့ကို ဆွဲယူပြီး . . .

"လတ်လတ်လည်နဲ့ ဖျန်းသစ်စတို့ရဲ့ ဆံပင်ပုံကို ဝီဝီ သသဆွဲ မျက်နှာကို လုံးဝမဆွဲနဲ့ သူတို့တစ်တွေက အမြွှာဆိုတော့ မျက်နှာက သိပ်မထူးခြားဘူး၊ မျက်နှာကို ပြောင်ထားပြီးရင် အဲပုံခွဲဘားနားမှာ နှင်းဆီတစ်ပွင့် တိပ်နဲ့ကပ်ပေးလိုက်"

ကျွန်တော့်ရဲ့အကြံပေးချက်အဆုံးမှာ နှစ်ယောက်သား ထကာ ဖက်နမ်းဟန် ပြင်တာကြောင့် . . .

"ဟော့ကောင်တွေ I Don't like kiss နော် . . . ဗီလင်မလာဘူး"

ဟု ခပ်သွက်သွက်ဆိုလျှင် တော်လေးက . . .

"ဒါဆို ကောက်ကလိမ်ဆိုရင်ရော"



ကျွန်တော်သည် သူမ၏ နှာသီးဖျားလုံးလုံးလေးကို ဖျတ်ခနဲ မြင်ယောင်ချိန်တွင် သူမဆံပင်ကောက်ဖွာဖွာကြီးကိုပါ ဝင်ရောက်လာတာကြောင့် တော်လေးမျက်နှာကို ပိတ်တွန်းပြီး အခန်းထဲဝင်ခဲ့ရပါတယ်။

ဟိုနေ့ ကိုကြီးရဲ့အကြံကို သဘောတကျဖြစ်ကာ နောင်တော်ကို နှစ်ယောက်သည် အကောင်အထည်ဖော်ကာ သူမတို့၏ 3 Sisters ဆိုင်ရှေ့မှာ မယောင်မလည်နဲ့ စောင့်နေရပါပြီ . . .

တော်လတ်သည် သူ၏ နှင်းဆီကို အဖြူရောင်ဆွတ်ဆွတ် ပေးရန် ရည်ရွယ်ကာ တော်လေးကတော့ အဝါရောင်လွှလွှ နှင်းဆီပေးရန် ရည်ရွယ်ထားပါတယ်၊

"ကောက်ကလိမ်ကို မတွေ့ပါလား တော်လေး"

"ရှိပါတယ် ကိုလတ်ရာ . . . ဟိုဘက်မှာ ရောင်းနေတယ်"

တော်လေး မေးငေါ့ပြရာ မိန်းမအတွင်းပစ္စည်း တစ်ထည်ကို စိတ်ရှည်ရှည်ရောင်းချပေးနေတဲ့ သူမကို မှန်ချပ်ကြည်ကြည်မှ ထွင်းဖောက်မြင်နေရပါတယ်၊

"ကိုလတ် အခုချိန်အခွင့်ကောင်းပဲနော်၊ ကိုလတ် သွား

www.burmeseclassic.com

www.burmeseclassic.com



ဝင်ပေးပါလား"

"ဟာ . . . မင်းသွားပေးပေါ့။ ငါ လူကြုံထည့်ပေးလိုက်မယ်။ ဒီအခွင့်အရေးက နှစ်ခါမရဘူးနော် တော်လေး"

"အဲဒါကြောင့် ပြောတာပေါ့ ကိုလတ်သွားပါလို့ . . . ကျွန်တော့်ဟာပါ ပေးခဲ့ပေး"

"ဟ သူတို့ဆိုင်ထဲ ငါ မဝင်ရဲဘူးကွ"

"အဟီး ကျွန်တော်လည်း ဒီအတိုင်းပဲဗျ"

သူတို့နှစ်ယောက်သည် လက်ရှိအခွင့်အရေးကြီးကို စွန့်လွှတ်ရမှာလည်း နမြော၊ ကိုယ်တိုင်ကိုယ်ကျလည်း မစွန့်စားရဲဘဲ အခက်အခဲကြုံနေရပါတယ်။

"ကိုလတ် ကျွန်တော်တို့ ကိုကြီးဆီ ဖုန်းဆက်မေးကြည့်လိုက်ရင် ကောင်းမယ်နော်၊ ကိုကြီးက အကောင်းဆုံး တစ်ခုခုတော့ စီစဉ်ပေးနိုင်မှာ"

"မင်းကလည်း ပါးစပ်က ပြောနေသေးတယ်။ ကဲ ဆက် ဆက် . . . မြန်မြန်"

တော်လေးသည် ကိုကြီးထံမှ အဆက်အသွယ်လုပ်ကာ

"ကိုကြီး ခု အခြေအနေက ကောင်းနေပြီ၊ ဒါပေမယ့် အဲဒီဆိုင်ကြီးထဲ ဝင်ရမှာလား"



ကျွန်တော်သည် ဖုန်းထဲမှ တော်လေးအား အသည်းအယားမှုသားဖြစ်ကာ . . .

"ဟ အခြေအနေ ကောင်းပြီဆိုမှ ဝင်ပေါ့ကွ၊ အဲဒီဆိုင်ထဲမှာ ယောက်ျားတွေ မဝင်ရဘူးဆို စာချိတ်ထားလား"

"မချိတ်ထားပါဘူး"

"ဒါဆို ဝင်တော့ . . . တော်လေး . . . ကဲ သွား သွား"

နောင်တော်လတ်သည် ဖုန်းပိတ်ပြီး ရှုံ့မဲ့အီစိမ့်နေတဲ့ တော်လေးကို အကဲခတ်ရင်း . . .

"ဘာတဲ့လဲ"

"ဝင်တဲ့"

"ဒါဆိုလဲ ဝင်တာပေါ့ကွ . . . ကဲလာ ခြေလှမ်းအတူတူ လှမ်းပြီးဝင်မယ်။ မင်းက နောက်ချန်မနေနဲ့"

သူတို့နှစ်ဦးသားသည် ရှက်ရွံ့စိတ်နဲ့ ပူထူနေပြီး ခြေတစ်လှမ်းတိုင်းကို ပြိုင်တူလှမ်းကာ ထိုမှန်အကြည်ခန်းထဲသို့ ရှေ့တော်နောက်ထားပြီး ဝင်လာရပါတော့တယ်။

"မြတ်စွာဘုရား ငါ မျက်စိများ မှားသလားတယ်၊ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



စင်း ဝင်ပေါက်ကနေ ဝင်လာတဲ့ လူသားနှစ်ယောက်ကို

ဖျန်းသစ်၏ တိုးဖွ တိုးဖွ ရေရွတ်သံကြောင့် လည်သည် ရေကျူးဝတ်စုံတွေကို တန်းစီချိတ်ထားရာမှ ဖျတ်ခနဲလှည့်ကြည့်မိလျှင် . . .

အိုကွယ် လည် အမျှော်လင့်ဆုံး ဆုတစ်ခုကို ဖြုန်းခနဲ ရလိုက်သလိုပင်၊ သတိလက်လွှတ်ဖြစ်ကာ ရင်ခုန်သံတို့က ဆူညံလာရပါပြီ။

သူတို့နှစ်ယောက်သည် လည်တို့ရှေ့ရောက်ပြီးမှ သူသည် ဖျန်းသစ်ရှေ့ရောက်နေပြီ။ ဆံရှည်ကောင်ကလေးသည် လည်ရှေ့တည့်တည့်တွင် ရှိနေခြင်းပင်။

လည်က ရုတ်တရက် ဝမ်းနည်းစိတ်တို့ အလုံးအရင်းလိုက် ဝင်ရောက်လာရပြီး ဖျန်းသစ်သည်လည်း နှမြောတသစိတ်တို့ တစ်ကိုယ်လုံး လွှမ်းခြုံလာရပါပြီ။

ထိုစဉ်မှာပဲ လည်ရှေ့ကကောင်လေးက . . .

"ကိုလတ် ကျွန်တော်တို့ နေရာမှားနေပြီ"

ဟူသောစကားနဲ့အတူ ကမန်းကတန်း ပြန်လှည့်သွားကြောင့် လည်သည် ဟန်ပင်မဆောင်နိုင်တော့ဘဲ နှုတ်ခမ်းအစုံ



ကွေးညွတ်သွားရပါတယ်။

"လတ်လတ်လည်အတွက် "

"ဖျန်းသစ်စအတွက်"

ဟူ၍ တစ်ယောက်တစ်ခွန်း ပြောပြီးချိန်မှာ ကျောခိုင်းသွားလေပြီ။

"တော်ပါသေးရဲ့ ဖျ မမြင်လို့"

ဟု ဖျန်းသစ်သည် ဝမ်းသာအယ်လဲ ရေရွက်ရင်း ကတ်ထူစာအုပ်လေးကို အဖုံးချင်းအပ်ထားပြီး အနောင်မှ နင်းဆီဝါဝါလေးက တိုးတွက်နေပါတယ်။

"အံ့ဖွယ်ပဲ ဟယ်တော့ ဖျ လာနေပြီ၊ လည် ဖွက်ပေါ့မြန်မြန်"

သူမတို့နှစ်ယောက်သည် နီးစပ်ရာ ဝတ်စုံတွေကြားထဲ ထိုးထည့်ရင်း ဖျ ရောက်အလာကို ဟန်မပျက် လှမ်းကြည့်နေရပါတယ်၊ ရင်တွေကတော့ အဆက်မပြတ် ခုန်လို့ပေတည်း။

"ဖျန်းသစ် ဒီအစ်မကို အိတ်နဲ့ ထည့်ပေးလိုက်"

ဖျသည် ထုံးစံအတိုင်း ညွှန်ကြားကာ (Cock) ဘူးကိုဖွင့်သောက်၍ ဆိုင်ထဲသို့ တစ်ပတ်ပြန်လျှောက်ကြည့်လျှင် သူမတို့

www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်မှာ ရင်ဘတ်ကို လက်နဲ့ဖိထား၍ ဟင်းခနဲ သက်ပြင်းရှည်ကြီး ချပစ်ကာ ထိုကတ်ထူလေးကို စိတ်အဝင်စားကြီး ဝင်စားနေရသည့်အဖြစ်ပင်။

အကယ်၍ ဖျ လစ်လျှင် စိုးထိတ်ဖွင့်ကြည့်မည်ဟု စိတ်ကူးထားပြန်ပါသတည်း။

ညနေခင်း အိမ်ပြန်ရောက်ချိန်တွင် ဖျ အလစ်ကို ချောင်းကာ ထိုကတ်ထူလေးကို ဖွင့်ကြည့်မှ ထိုကောင်လေးနစ်ယောက်သည် အင်မတန်မှ စိတ်ကူးယဉ်ကွန့်မြူးတတ်ကြောင်း သိခဲ့ရပါတယ်။

"ကြည့်စမ်း လည်ရယ်။ ငါ အဝါရောင်ကြိုက်တယ်ဆိုတာ ခင်း ဘယ်နယ့်လုပ်သိလဲ မသိဘူးကွယ်။ ဒါလေးတစ်ခုနဲ့ ဖြစားထားတာ။ သိပ်ပြီး ဆွဲဝင်နိုင်တာပဲ တကယ်"

ဖျန်းသစ်သည် လည်အား ထိုသို့ သူမကို အကဲခတ်ကြည့်လျှင်လည်း ကျေနပ်နစ်မြိုက်တဲ့ အရိပ်တွေ လွှမ်းခြုံနေကာ

"ဟုတ်ပါ့နော်။ ငါတို့ သက်တမ်းတစ်လျှောက်လုံး ဖျတ်ဆန့်ကျင်ပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့လုပ်တဲ့လုပ်ရပ်ဟာ ဒါ ပထမဆုံး။ ဒါပေမယ့် အဲဒီအဖြစ်ကိုပဲ ကျေနပ်နေတာ ဖျန်းသစ်ရဲ့ ဒင်



တလေး ညှို့ဓာတ် ပြင်းလွန်းတာ ကိုယ့် ညီမလေးရေ"

ဟု ဝေဖန်ရေးလုပ်တာ ဖျ ခြေသံကြားလျှင် ပြေးဖွက်လိုက် ဖျ ကျောခိုင်းတာနဲ့ ပြန်ထုတ်ယူကာ ကြည့်မဝနိုင်အောင် အဖိုးတန် အနုပ္ပတစ်ခုလို တသသ ဖြစ်နေရခြင်းပါ။

တစ်ညနေလုံး သူတို့နစ်ယောက် မူပျက်နေခြင်းကို အမှန်းကျင်ပါးနပ်သော ဖျအား အချိန်ကြာကြာ သိုသိပ်မရနိုင်ခြင်းပင်။

"နင်တို့နစ်ယောက် ဘာတွေဖြစ်နေတာလဲ။ ဆိုင်ကပြန်ရောက်ကတည်းက ခိုးကျိတ်ပြီး တွတ်ထိုးလို့ကို မဆုံးနိုင်ဘူး။ ဒါကြည့်နေတာကြာပြီ။ ဆီမန်း မန်းနေသလိုပဲ ပွစိ ပွစိ။ ရုပ်တွေ အလည်း ထောင့်မကျိုးဘူး ဘာဖြစ်နေတာလဲ"

ကျွန်မ၏မေးခွန်းအဆုံးမှာ နစ်ယောက်စလုံးရဲ့ မျက်ဝန်းဆီက မှိုင်းစက်သွားပြီး ခေါင်းတရမ်းရမ်း လက်တခါခါနှင့် . . .

"ဟို . . . ဘာမှမဖြစ်ပါဘူး ဖျရဲ့။ ဘာဖြစ်နေလို့လဲ"

"အေးလေ ဘာမှမဖြစ်ပါဘူး"

လည့်စကားကို ထောက်ခံဟန်နဲ့ ဖျန်းသစ်က ဝင်ပြောသွင် ကျွန်မသည် သံသယဝင်ကာ သက်ဘမကောင်းဖြစ်ရပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တတယ့်လက်ဆုပ်လက်ကိုင် ဘာမှ မပြနိုင်၍ . . .

"မသိမပေါင် နှင်တို့ကြည့်ရတာ ပုံမှန်မဟုတ်သလိုပဲ၊ ငါ့တို့ လိမ်လို့ရပေမယ့် ကိုယ့်ကိုယ်ကိုယ် လိမ်လို့ရမှာ မဟုတ်ဘူးနော်။ အဲဒါကို မြဲမြဲမှတ်ထား"

ကျွန်မသည် ရမ်းယောင်ပြီး စကားလုံးများတွေ ပစ်လွှတ်လိုက်ပါတယ်။ ကျွန်မရဲ့ မြားချက် ထိ,မထိ မသေချာပေမယ့် သူတို့နှစ်ယောက်သည် ညနေကလောက် ပျော်ယာမခတ်တော့ဘဲ ငြိမ်သက်သွားတာတော့ အမှန်ပါ။

"သေသေဝပ်ဝပ်နေတော့ ဖျန်းသစ်၊ ဖျ ရိပ်မိရင် ငါတို့ အမြောက်နဲ့အပစ်ခံရမှာနော် ငြိမ်နေမှရမယ်"

"ငါဖြင့် ကြောက်တာယ်ဟယ်။ ဖျ မျက်လုံးတွေက တစ်ခုခုကို ရိပ်မိနေသလိုပဲ လည်း။ ဖျကို လိမ်လို့ရမှာ မဟုတ်ဘူးနော်။ ဖျစိတ်က သူ့ အမုန်းဆုံးအရာကိုလုပ်ရင် အဲဒီလူကို နာကြည်းသွားဇရာ၊ ဖေဖေနဲ့ပတ်သက်တဲ့လူကိုလုပ်တာကြည့်ပါလား"

ဟု ဖျန်းသစ်က ကြောက်လန့်တကြား တိုင်တည်ပါတယ်။ ကြောက်မယ်ဆိုလည်း ကြောက်စရာပင်။ ဖျသည် ဖေဖေ့ နောက်အိမ်ထောင်မှ ရတဲ့သားသမီးအားလုံးကို အလွန်အမင်း



မျက်မုန်းကျိုးသူပင်၊ တွေ့ရာနေရာတွင် ကြုံသလို တိုက်ခိုက်တတ်ပါတယ်။

ဖေဖေ နောက်အိမ်ထောင်နဲ့ ရတဲ့သားကြီးကို နောက်မှ ကားနဲ့ပက်ပက်စက်စက် ဝင်တိုက်ပစ်တာမျိုး၊ ဖေဖေ့သမီးအငယ်တို့ ရေ့တည့်တည့်မှ ပခုံးချင်းဝင်တိုက်ကာ မျက်နှာကို တံတွေးနှင့်ထွေးပစ်တာမျိုး။ ခွေးနဲ့ရှူးတိုက်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်တတ်ပါတယ်၊

ပြီးမှ လျော်ကြေး တနင့်တပိုးပေးကာ . . .

"ဒီလိုလုပ်ပြီးပေးရတာမှ တန်တာ၊ နို့မို့ ဒီအတိုင်းကြီး ထောက်ပံ့နေရ၊ ဝင်ငွေကြွေးတွေရှိလို့ ဆပ်နေရသလိုပဲ၊ ခုလိုလုပ်ပြီး ပေးရတာမှ ပေးပျော်တာ"

ဟူ၍ မကြာခဏ ကြွေးကြော်တတ်ပါတယ်။ ဖျသည် ချစ်ခြင်းနာလျှင် အူမတူအောင် ထူးခြားသူဖြစ်ပြီး၊ နာကြည်းမုန်းတီးပြီဆိုလျှင်လည်း သူမတူတဲ့ ရက်စက်မှုအတော်များများ တတ်ကျွမ်းသူ ဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ သူမတို့နှစ်ယောက်သည် ဖျအား ကြောက်လန့်ပေမယ့် ဆွဲဆောင်နိုင်တဲ့ ကောင်လေးနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆက်သွယ်ပြပင်။

သူတို့နှစ်ယောက်သည် နှင်းဆီပန်းတွေ ပေးနေရာမှ တစ်ဆင့်တက်ကာ ကတ်ထူပြားပေါ်တွင် ဖုန်းပုံစံလေးဆွဲကာ နံဘေးမှ (၁၂း၀၅) AM. ဟု ရေးထားသောနေ့ကဆိုလျှင် သူမတို့ နှစ်ယောက်မှာ ညက်နီညက်နက်တွေ ထုတ်ကာ . . .

"ဖျန်းသစ်နော် ဖျ လစ်တာနဲ့ ညွှိခန်းထဲက ဖုန်းကြီးကို မသိမသာနဲ့ ဖြုတ်ထား။ ငါတို့ အခန်းထဲက ဖုန်းကို အသံတိုးထားမယ်"

"OK ဒီနေ့ ဖျ သီချင်းခွေလည်း ဝယ်တယ်ဟ။ စာအုပ်လည်း ဝယ်မယ်တဲ့။ အဲဒါမှ အိပ်ခန်းထဲ တော်တော်နဲ့ မဝင်မှာ။ သူ ဒီနေ့ စာအုပ်ရွေးရင် နင် စိတ်ရှည်လိုက်နော်။ ဒါမှ ငါတို့ စိတ်ချရမှာ"

ဟူ၍ တစ်ယောက်တစ်လှည့် သတိပေးမှာတမ်းခြွေ၍ မဆုံးပေ။ ဖျသည် သူမစာအုပ်ရွေးစဉ် နဂိုကလို ဆူဆူပူပူ မလုပ်တဲ့ လည့်အား ဝူးဆန်းကာ . . .

"လည့် ဒီနေ့ ဂျီမတိုက်ဘူး ဖျန်းသစ်ရေ။ ကျေးဇူးပဲ ဒါမှ အေးအေးရွေးရမှာ"



သူမသည် ကိုယ့်အကြံနှင့်ကိုယ်မို့ ငြိမ်၍သာ နေရပေ ယ့် စိတ်မရှည်ချင်။ သို့ဖြင့် (၁၂း၀၅) တိတိ ဖုန်းလာချိန်တွင် ဖျ သည် ညွှိခန်းဆိုဖာပေါ်တွင် စာအုပ်ထဲ ရာနဝင်နေပေပြီ။

"ခု ပြောနေတာ လည်လား ဖျန်းသစ်စလား ခင်ဗျာ"

ဟူသော ကြည်ရွှင်ရွှင်အသံလေးကို ကြားလျှင် လည့် သည် နောင်တော်လတ်ဖြစ်ပါစေဟု စိတ်ထဲမှ ထပ်ခါ ထပ်ခါ ဆု တောင်းရင်း . . .

"လည့် ပါ"

"ကျွန်တော် နောင်တော်လတ်ပါ လည့်"

အပျော်စိတ်ဖြင့် လည့်ရင်အစုံသည် ဝုန်းခနဲ ပွင့်ထွက် သွားရသည်ဟူ၍ ထင်မှတ်မှားရအောင် ရင်ခုန်သံတို့သည် ဘ်လဲသံပမာ မြည်ဟည်း၍ နေပေပြီ။

"လည့်တို့ (၅)မိနစ်လောက်ပဲ ပြောချိန်ရမှာ"

"နည်းလှချည်လား လည့်ရယ် . . . ကျွန်တော့်အတွက် လောက်ဘူး"

လည့်သည် သူထံမှ ထိုအသံကိုကြားရလျှင် မိမိအဖြစ် သူချုံးမရဖြစ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လည်လည်း စိတ်မကောင်းပါဘူးကွယ်။ ဖျန်းသစ်ကို လည်း နောင်တော်လေးက ဒီအချိန်ပဲ ချိန်းထားတာလေ၊ ဖျန်းသစ် အလှည့်ပေးရဦးမယ်။ ဖျာစာဖတ်နေတုန်းမို့ ပြောခွင့်ရတာပါ။ ဒီအတိုင်းဆို မလွယ်လှဘူး သူ့ရဲ့။ ခုတောင် ဖျန်းသစ်က အခန်းဝ ကနေ လှမ်းကြည့်ပေးနေရတာ"

လည့်စကားအဆုံးတွင် သူ့ဘက်က ဒေက်ပြင်းရှည်ကြီး ကို ခပ်လေးလေးချသံကြားရပြီး . . .

"လည့်စိတ်ချမ်းသာမှုကို ဦးစားပေးလိုက်မယ်နော်၊ ဒါ ပေမယ့် ဒီအနေအထားမျိုးကို ကျွန်တော် မတင်းတိမ်နိုင်ဘူး"

"လည် ထပ်ကြိုးစားကြည့်ပါဦးမယ် သူရယ်။ ဒါပဲနော် ဖျန်းသစ်ကို ပေးလိုက်တော့မယ်"

ဟု နမြောတသစွာ ဖျန်းသစ်လက်ထဲ ဖုန်းခွက်ထည့် ပေးလိုက်ပြီး အခန်းဝမှာ သွားစောင့်ရပါတယ်။ ဖျန်းသစ်ကျတော့ သူက . . .

"ဖျန်းသစ် ဆံပင် ဘာ Shampoo နဲ့ လျှော်တာလဲဟင်"

"အံမယ် သိတော့ ဘာလုပ်မလို့တုန်း"

"ကျွန်တော်လည်း လျှော်ကြည့်မလို့လေ ဒါမှ နုးညံ့ပြီး



ပြောင်လက်နေမှာ ဖျန်းသစ်လိုပေါ့"

"ဟာ . . . ဟ . . . ဖျန်းသစ်နဲ့ တူချင်တယ်ပေါ့"

"တူချင်တာပေါ့။ ဒါမှ ဖျန်းသစ်က ကျွန်တော့်ဆံပင်ကို ပင် ကိုင်ကြည့်ချင်မှာပေါ့"

"ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်ပါသကော ကလေးမရယ် . . .ကလေးမရဲ့ဆံပင် က ပျော့ပျော့လေးဆိုတော့ ကျွန်တော်က ကိုင်ကြည့်ချင်တာပေါ့။ ကျွန်တော့်ဆံပင်ပျော့ရင် ကလေးမများ ကိုင်ကြည့်ချင်မလားလို့"

"လှူလည်"

ဟူ၍ တောင်စဉ်ရေမရဆိုကာ နောက်တစ်နေ့အတွက် ထပ်ချိန်းရင်း ဖုန်းချစမြဲဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဖျ အကြောင်း ရောက်သွားလျှင် . . .

"အဲ့ဒီ လင်းရောင်ဖျမှာ ချစ်သူရည်းစားတွေ မရှိဘူးလား ဟင်"

"မရှိဘူး တော်လေးရဲ့"

"ဒါဆို အတော်ပဲ၊ ကိုယ်တို့မှာ အစ်ကိုကြီးတစ်ယောက် ရှိတယ်။ နောင်တော်ကြီးတဲ့ လင်းရောင်ဖျနဲ့ တွေ့ပေးချင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"အမေလး မလုပ်ပါနဲ့ တော်လေးရယ်။ တော်လေး အစ်တို့ အိုပြီးတော့ သေသွားလိမ့်မယ် ဖျက ယောက်ျားတွေကို စိတ်မဝင်စားသလိုပဲ။ မုန်းလည်း မုန်းတယ်ကွယ့်"

"အဲဒီအစွဲကို ကိုကြီးက ကျော်အောင် ချုတ်နိုင်ပါတယ်ကွ . . . မယုံရင် ကြည့်နေ"

ဟု စိန်ခေါ်ဟန်လိုလို မထီမဲ့မြင်ဟန်လိုလိုနဲ့ဆိုလျှင် ဖျန်းသစ်သည် ဖျာဘက်မှ မခံမရပ်နိုင်စွာနဲ့ . . .

"ဟော့ ဖျက အဲဒီလိုယောက်ျားမျိုးကို ကန်ထုတ်ပြလိမ့်မယ် မယုံရင်ကြည့်နေ"

ဟု ခပ်မြင့်မြင့်ပြောတတ်ပါတယ်။ သို့ပေမယ့် တော်လတ်နဲ့ လည်ကျတော့လည်း တစ်မျိုးပင်။

"ကိုယ်တို့ မျိုးရိုးမှာလေ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာတဲ့ အစဉ်အလာတစ်ခုရှိတယ် သိလား။ လည် စိတ်ဝင်စားရဲ့လား"

"အင်း . . . ဝင်စားပါတယ် တော်လတ်ရဲ့။ ပြော ကိုယ်တို့မျိုးရိုးက သားယောက်ျားလေးကို အရမ်းဦးစားပေးတာ လည်ရဲ့၊ အိမ်ရှင်မတွေက သားကို သခင်၊ လင်ကို ဘုရားဆိုတဲ့ စကားပုံ



အတိုင်း အတိအကျ လိုက်နာရတယ် လည်ရဲ့"

"နေပါဦး တော်လတ်ရဲ့ အဲဒါလည်နဲ့ ပတ်သတ်လို့လား"

လည်က ထိုသို့မေးလျှင် သူ့ဘက်မှ ခေတ္တအသံတိတ်သွားပြီး အတန်ကြာမှ . . .

"ပတ်သတ်ကောင်း ပတ်သက်မှာပေါ့ လည်ရဲ့"

ဟူ၍ ဝေ့လည်ကြောင်ပတ်ဖြေတတ်ပါတယ်။ သူ့အဖြေသည် လည်အား ကြည်နူးမှု ရင်ခုန်စသည်ဖြင့် ခံစားချက်မျိုးစုံ ပေးစွမ်းနိုင်တဲ့ တန်ခိုးရှင် ဖြစ်ခဲ့လေပြီ။

သူတို့ညီအစ်ကိုနှစ်ယောက်သည် လည် တို့ဆိုင်အပြန်လမ်းတစ်လျှောက်ရှိနေတတ်တာမျိုး ကားပါကင်ထိုးတဲ့နေရာမှာ ရှိနေတတ်တာမျိုးဖြင့် သူမတို့၏ ရင်ခုန်မှုကို တစ်စစီ ဖွဲ့ခြွေလျက် ရှိပါတယ်။

သို့ဖြင့် မကြာလှတဲ့ ကာလတစ်ခုမှာ တော်လတ်သည် လည့်အား ဖုန်းထဲမှာပင် . . .

"လည် ခုလာမယ့် New Year ညမှာ ကိုယ် လည့်ကို လက်ဆောင်လှလှလေး ပေးမယ် လည်၊ လည့်ဆီကလည်း လက်ဆောင်တစ်ခု ပြန်လိုချင်တယ်၊ နှစ်သစ်ကူးလက်ဆောင်

www.burmeseclassic.com



ပေါ့။ ကိုယ် အဲဒီညမှာ လည့်ဆီ လေယာဉ်နဲ့လာခဲ့မယ်သိလား။ ကိုယ်တို့ ဝေဟင်မှာ ဆုံကြမယ် See You New Year Night"

ဟု ပဟေဠိပေးကာ ဖုန်းသစ်ကိုလည်း ထိုသို့ တစ်ခွန်း မလွဲစေရန် ပြောကာ . . .

"ကိုယ့် အဲ့ညကျရင် ရဟတ်ယာဉ်နဲ့လာမယ်။ ဝေဟင်မှာ တွေ့ကြမယ်၊ လင်းရောင်ဖျ မသိအောင်ပေါ့ . . . See You New Year Night"

ဟူ၍ပင် နှုတ်ဆက်ကာ ဖုန်းချသွားပါတယ်။ ကျွန်မတို့ နှစ်ယောက်မှာသာ ရဟတ်ယာဉ်တွေ လေယာဉ်တွေ ဝေဟင်ထဲ ချာချာလည်၍ . . .

"ငါတို့ခြံက လေယာဉ်ပျံတွေ ရဟတ်ယာဉ်တွေ ဆင်းဖို့ လောက် မကျယ်ဘူးထင်ပါတယ် လည်ရယ် . . . နော်"

"အေး . . . သူတို့ အဲလိုဆင်းလာရင် ဖျ မသိဖို့မပြောနဲ့ နိုးလာပြီး လောင်ချာနဲ့ အပစ်ခံရမှာ ကျိန်းသေပဲ"

ဟုဆိုကာ New Year ညကိုသာ အမျှော်လင့်ကြီး မျှော်လင့်မိပြီဖြစ်သည်။

× × ×



"နက်ဖြန်ကစပြီး "မင်းတို့နှစ်ယောက်စလုံး ဖုန်းဆက်စရာလည်း မလိုဘူး၊ သူတို့ဆိုင်ရှေ့ သွားစရာလည်း မလိုဘူး၊ အဆက်အသွယ်ဖြတ်ထားလိုက်"

"ဘာဖြစ်လို့လဲ ကိုကြီး"

ကျွန်တော်က အလန့်တကြားဖြစ်သွားတဲ့ တော်လတ်နဲ့ တော်လေးတို့ရဲ့ ဟာန်ပန်ကိုကြည့်ကာ တဟာက်ဟက်ရယ်မောရင်း . . .

"ကြော် မင်းတို့ကို တစ်သက်လုံး အဆက်အသွယ်ဖြတ်နိုင်းတာမဟုတ်ဘူး ခဏပဲ။ New Year ညကျတော့ သွားတွေ့မှာပေါ့ကွ၊ ဒီကြားထဲမှာ သူတို့ဘက်က ဘာမှစီစဉ်ပြင်ဆင်ချိန်မရခင် ငါတို့က ထိုးစစ်ဆင်ပြီး ဗုန်းခနဲ ဝင်တိုက်ဖို့၊ ဒါပဲ အဲဒါမှ ငါတို့လိုချင်တဲ့ အနေအထားကို ကွက်တိရမှာပေါ့ ငါ့ညီတို့ရဲ့"

"ဒါပေမယ့် ကောက်ကလိမ်က သိပ်ပြီးမလွယ်ဘူးနော် ကိုကြီး။ သူ ကန့်လန့်ကြီးခံနေရင် ကျွန်တော်တို့ ပြန်ဆုတ်ရမှာ"

ကျွန်တော်က တော်လေးရဲ့ ဆံပင်ရှည်ပျော့ပျောင်းတွေကို ဆွဲဖွရင်း . . .

"မပူပါနဲ့ကွာ၊ မင်းတို့တွေချစ်သူတွေ အလှအလင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နှံ့ခဲ့ အရေးကြီးတယ်၊ ချစ်သူဖြစ်ပြီးရင် လက်ထပ်ဖို့ဆိုတာ ဖခဲသည်းတော့ဘူးတွေ၊ အဲဒီအချိန်ကျရင် လင်းရောင်ဖျကိုပါ လက်ထပ်ခွင့်တောင်းမှာပေါ့"

"ကောက်ကလိမ်တ လက်မခံရင်ရော"

"ကျစ် . . . တော်တော်ရာ ဒီလောက်ထိ ညီမတွေကို သံယောဇဉ်ကြီးပြီး တစိမ်းယောက်ျားတွေကို မယုံကြည်တဲ့ လင်းရောင်ဖျဟာ၊ သူ့ညီမတွေကို အနီးကပ် ကာကွယ်ဖို့အတွက် လက်ခံရလိမ့်မယ်၊ နောက်ဆုံးတော့ လင်းရောင်ဖျဟာ ငါတို့ မျိုးရိုး ဂုဏ်ဆောင် မိန်းမတစ်ယောက်ဖြစ်လာမှာ မလွဲမသွေပဲ။ သူ့လောက်ထက်မြက်ထည်ဝါတဲ့ မိန်းမမျိုးကို ငါတို့မျိုးရိုးပုံစံခွက်ထဲ ထည့်ရတာ စိတ်ဝင်စားစရာ အကောင်းဆုံးပဲ တော်လတ်"

ကျွန်တော်သည် သူမ၏ စူးရှထက်မြက်တဲ့ အတွေးအခေါ် မာန်မာနတွေကို ရိုက်ချိုးပိတ်လှောင်တဲ့ ဆန္ဒမရှိရိုးမှန်ပေမယ့် သူမလို မိန်းမသားမျိုး၏ ဦးညွှတ်ရိုကျိုးမှုကို ခပ်မိန့်မိန့်ကြီး ခံယူချင်ပါသေးတယ်။

နောင်တော်လတ်တို့ နှစ်ယောက်ကတော့ မကြာခင် တွေ့ကြုံရတော့မယ့် ကိုကြီးနဲ့လင်းရောင်ဖျတို့၏ အနာဂတ် မှန်



ပျထက် တစ်ပတ်ကျော်ကျော် အဆက်အသွယ်ဖြတ်ရမည့် မိမိတို့ အနာဂတ်ကို ကြိုတင် လွမ်းဆွတ်ရင်း . . .

ကိုကြီးအား မလွန်ဆန်ရဲကာ New Year ညကိုသာ ခပ်သွက်သွက် ရောက်စေချင်ပြီတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

သူမတို့ လွမ်းတဆွတ်ဆွတ် တသသနှင့် စိတ်ဝင်တစား ရှိလှတဲ့ New Year ညသည် အမှန်တကယ် ရောက်ခဲ့ပါပြီ။

ဟော့ ဒီနှစ် New Year Night မှာ တစ်အိမ်လုံး မီးမှောင်တွေချပြီး (၁၂:၀၀) တိတိ နာရီတွေကို Alarm ပေးထားမယ်။ (၁၂:၀၀) နာရီထိုးလို့ နာရီတွေ ဆူညံမှ မီးပြန်ဖွင့်ပြီး ခေါင်းမိုးပေါ် တက်ထိုင်မယ်လို့ ငါတော့ စိတ်ကူးထားတယ် ဘယ့်နှယ်လဲ အမြွာလေးတွေရဲ့"

ဟု ဖျက တက်ကြွစွာ စီမံပြီးပြောလျှင် သူမတို့နှစ်ယောက်မှ အထိတ်တလန့်ကြီး ဖြစ်သွားရပါတယ်။ တစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



တော့်ကျော်ထိ လူတွေလည်း ရောက်မလာ၊ ဖုန်းအဆက်အသွယ် လည်းပြတ်ထားတဲ့ ဟိုကောင်လေးတွေချိန်းတဲ့ ဒီ New Year ကို စောင့်ကြည့်ချင်စိတ်တို့က မြင့်ပြနေတာ အမှန်ပါ။

"အို ပြီပ်သက်နေလိုက်တာ ကျောက်ဆစ်ရုပ်တွေ ကျ နေတာပဲ၊ ငါ့ အစီအစဉ်ကောင်းတယ်မလား"

"အင်း ကောင်းပါတယ် ဖျရဲ့၊ ငါက နည်းနည်း အိပ်ချင် နေလို့ပါ"

"မအိပ်နဲ့နော် ဖျန်းသစ်၊ ကော်ဖီလေး ဘာလေး သောက် ထား၊ New Year ဆိုတာ တစ်နှစ်မှ တစ်ကြိမ်ပဲကြုံရတာ"

လည်သည့် ဖျ နှုတ်ဖျားမှထွက်လာတဲ့ စကားကြောင့် ရုတ်တရက် အကြံရကာ . . .

"ဟုတ်သားပဲ၊ ဖျန်းသစ် ငါတို့ ကော်ဖီဖျော်ကြရအောင် စားစရာတစ်ခုခုရပါလုပ်မယ်လေ၊ ဒါမှ မအိပ်ချင်မှာပေါ့နော်၊ ဖျ နင် ဘာစားမလဲ"

ဖျန်းသစ်သည် မျှော်လင့်ချက်မဲ့သော မျက်လုံးတွေနဲ့ လှမ်းကြည့်ကာ . . .

"အရေးထဲ ဒင်းက အစားငမ်းနေနိုင်သေးတယ်"



ဟု သူမ အကြံကို မရိပ်မိတဲ့ တိုးတိုးကပ်၍ အပြစ်တင် ပါတယ်။ ဖျကတော့ ဂီတာကြိုးညှို အသံစမ်းရင်း . . .

"ငါက လက်ဖက်ရည် ဆိမ့်ဆိမ့်လေး သောက်ချင်တာ ဟ"

"ရစေမယ် . . . ဒါဆို လက်ဖက်ရည်ပဲဖျော်မယ်၊ မုန့်ရော"

"ဆင်းခွစ်(ရ်) တစ်ချက်ဆို လုံလောက်ပြီ"

"OK ဖျန်းသစ် . . . ထ . . . ထ . . . နင်ငါကိုလိုက်ကူ ဒါမှ အိပ်ချင်ပြေမှာ"

ဟု၍ သူမက ဖျန်းသစ်ကို မီးဖိုခန်းထဲ ဆွဲခေါ်လာလျှင် ဖျန်းသစ်က သူမလက်ကို ဆွဲဆိတ်ကာ . . .

"လည် နင်ဘာတွေလျှောက်လုပ်နေတာလဲ"

"ဒီည New Year နော် တော်လေးတို့နဲ့ချိန်း"

"ရှူး . . . နင့်ဖါးစပ်ကို ပိတ်ထား ငါသိတယ်၊ ဖျ အိပ်ပျော် သွားဖို့ အဓိကပဲ၊ မေမေ သောက်နေကျ အိပ်ဆေးနှစ်လုံးလောက် ကြိတ်ပြီးထည့်ပေးမှာပေါ့၊ ဖျန်းသစ်ရဲ့ ကဲ လုပ် နင် ဆေးသွားယူ ငါ လက်ဖက်ခြောက်နှပ်မယ်"

သူမရဲ့ စကားအဆုံးမှာ ဖျန်းသစ်သည် ကိုယ်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လုည့်ပစ်ရင်း သူမခါးကို ဖက်ကာ ခုန်ဆွ ခုန်ဆွနှင့် . . .

"ဒါမှ လတ်လတ်လည်ကွ"

ဟူ၍ ရေရွတ်လေသတည်း။

"ကဲ ဖျန်းသစ် . . သွားယူတော့။ အမြန်ဖျော်ပြီး တိုက်ရအောင်"

သူမတို့နှစ်ယောက်၏ ဖျူကို တိတ်တဆိတ် လုပ်ကြံပွဲသည် လျှို့ဝှက်သဲဖိုဆန်ကာ ရင်တခုန်ခုန် ရှိလှပါတယ်။ နာရီဝက်အတွင်းမှာပဲ အားလုံးအဆင်သင့် ဖြစ်ပြီမို့ . . .

"ဖျန်းသစ် ခွက်တွေကို မှတ်မိတယ်နော်။ တော်ကြာမှားပြီး သောက်မိရင် အားလုံးတိုက်ပွဲတွေ ဖြစ်ကုန်မှာ"

"မှတ်မိပါတယ် လည်ရာ . . . နင်ပါ ထွက်ခဲ့"

သူမတို့သည် ကိုယ့်အကြံနှင့်ကိုယ် ညှော်ခန်းဆီ ရောက်လာချိန်တွင် ဖျူကား သီချင်းတစ်ပုဒ်ကို ဂစ်တာနဲ့ ခပ်တိုးတိုး တီးခတ် ညည်းနေဆဲပင်။

"ဖျူ . . . ရပြီနော်"

ဟုဆိုကာ ဇန်းကိုချပြီး အလွတ်ကျက်ထားတဲ့ ခွက်တွေကို ခပ်သွက်သွက်ပဲ ဆွဲယူရခြင်းပင်။ ဖျူက ဂစ်တာကို ဘေးချပြီး



"အမလေး . . . မြန်လိုက်ကြတာဟယ်။ အသည်းအသန်တို့ လုတာပဲ"

"နို့စိမ်းထည့်ထားတာကို ငါက ယူတာပါ"

ဟု ဖျူ သံသယမဖြစ်စေရန် ဖျန်းသစ်က ဖြေရှင်းပြီး ဖျူ အခြေအနေကိုသာ တစ်စေ့တစ်စောင်း အကဲခတ်ရပါတယ်။ ဖျူ တ ထုံးစံအတိုင်း လက်ဖက်ရည်ကို တစ်ကြိုက်တည်းမော့ချပြီး နှုတ်ကို အပြီးသတ်ဝါးစားကာ ဂစ်တာကို ပြန်ကောက်ကိုင်ရင်း . .

"ဟဲ့ နင်တို့ ဘယ်လိုဖြစ်နေတာလဲ။ ငါ့ကိုပဲ တစူးစိုက်ကြီး"

"မဟုတ်ပါဘူး ဖျူရဲ့။ နင့်မှာ မိန်းမပီသတဲ့ အပြုအမူမျိုး ရှိလို့ပါ။ ငါတို့က နင့်လို ဂစ်တာလည်း မတီးတတ်၊ ဒေါသထွက်ရင် နင့်လို နံရံကို ပိတ်ထိုးဖို့ထက် ငိုဖို့တောင် မနည်းကြိုး အားထင်ရလို့ပါ"

ကျွန်မက လည်ရဲ့စကားကြောင့် တပ . . ဘ်ဟက်နဲ့ ရယ်ပြီးမှ . . .

"နင်တို့က အဓိပ္ပာယ်မရှိတဲ့အရာတွေကို တန်ဖိုးထားတတ်တာမျိုး။ တုံ့ပြန်မှုနည်းတဲ့ လူစားမျိုးတွေကို။ ဟဲ့ ငါက ဒါ

www.burmeseclassic.com

လုပ်ရင် ဒါပြန်ဖြစ်မှ ကျေနပ်မယ့် လူစားမျိုး။ ငါ့ဘဝကို လက်တွေ့ကျကျပဲ တည်ဆောက် ဖြစ်တော့ချင်တာ"

ကျွန်မသည် မိန်းမဆန်စွာ အိညက်ညက်ဖြင့် တစ်ခါမှ မျက်ရည်မကျဖူးခဲ့ပေ။ ထိုအစား တစ်စုံတစ်ခုကို ပေါက်ခွဲပစ်တာမျိုး ပိတ်ကန်ပစ်တာမျိုး တစ်ခါတစ်ရံကျတော့လည်း ဂစ်တာကို ခပ်ကျယ်ကျယ်နဲ့ အကျယ်ကြီး ဖိတီးကာ လက်တွေနာ လည်ချောင်းတွေ ကွဲတဲ့အထိ စိတ်ထွက်ပေါက်ပေးတတ်ပါတယ်။

ကျွန်မက အတွေးတွေထဲ နစ်မြောနေရာမှ မျက်ခွံတွေက တဖြည်းဖြည်း လေးလံလာပါတယ်။

"ဟာ . . . ငါ အိပ်ချင်လာတာပဲ။ ဘယ်လိုဖြစ်တာလဲ မသိဘူး"

ဟု တစ်ကိုယ်တည်းရေရွတ်ကာ ဆိုဖာပေါ်ခေါင်းလှန်ပြီး မျက်လုံးအစုံကို ခဏ မှေးမှိတ်ထားရပါပြီ။ စိတ်ထဲတွင် New Year လုပ်ရန် ဖြင်းပြထက်သန်တုန်းပင်။

သို့ပေမယ့် . . .

"ဖျူ . . . ဖျူ . . . ဟိတ် . . . ဖျူ . . . New Year လုပ်မယ်ဆို"

လည်က ဖျူ မေးဖျားကိုလှုပ်ပြီး ထပ်ခါထပ်ခါ နှိုးပေမယ့်



ဖျူသည် တုတ်တုတ်မျှပင် မလှုပ်။ သူမ ပိုသေချာစေရန် ဖျူ ခါးကို ဆက်ကာ ကလိထိုးပေးမယ့် ခါးတိုင်းလို့ ဖျူသည် တွန့်တွန့်မလှုပ်ဘဲ ငြိမ်သက်မြဲ။

"OK စိတ်ချရပြီ။ ဖျူ တကယ်အိပ်ပျော်သွားတာ ဟဲ့။ နင် ခေါင်းက မ.မ ဖျန်းသစ်၊ ငါ ခြေထောက်က မ.ပြီး ဆိုဖာပေါ်တင်မယ်"

ဟု လည်က စီမံကာ ဖျူကိုယ်ကြီးကို မနိုင့်တနိုင်နဲ့ မ.ပြီး ဆိုဖာပေါ်တင်ရပါတယ်။

"မီးပိတ် ဖျန်းသစ် . . . ငါ အခန်းထဲမှ လှေကားသွား ထောင်ထားမယ်"

လည်လည် အခန်းထဲသို့ ခြေဖော့ဖွပြီး အပြေးသွားရပါတယ်။ သူမတို့အခန်းထဲတွင် ဖျူ၏ စိတ်ကူးဖြင့် လေဝင်ပေါက်တစ်ပေါက်ကို ခေါင်မိုးတွင် တပ်ဆင်ထားပါတယ်။

ထိုလေဝင်ပေါက်မှ လူ တစ်ကိုယ်စာချောင်ချိစွာ ထွက်နိုင်ဝင်နိုင်ပြီး လသာသောညများတွင် လရောင်သည် အခန်းထဲသို့ တိုက်ရိုက်ဝင်ရန် စီစဉ်ခြင်းပင်။

သူနိုးကြီး ညလိုမျိုးဆိုရင်တော့ သူမတို့သုံးယောက်

www.burmeseclassic.com



သည့် ထိုခေါင်မိုးပေါ်တက်ကာ တစ်ဘက်ခြံတွေထဲသို့ အမိုက်ထုပ်တွေ လှမ်းပစ်ခြင်း၊ လေးခွနဲ့ အိမ်အမိုးတွေပေါ် ဖျက ပစ်ကာ အိပ်ရှင်တွေ အိပ်ချင်မူးတူးနှင့် ထွက်ကြည့်လျှင် အမိုးတွင် ကိုယ်ကို ကပ်နေအောင် ပြားပြားဝပ်ကာ တခွီခွီနှင့် ရယ်မဆုံးသော ရာဇဝင်အတော်များများ ရှိပါတယ်။

ဒီညလည်း သူမတို့ ထိုခေါင်မိုးကိုပဲ အသုံးချရပါပြီ။ ခေါင်မိုးပေါ်ရောက်တာနဲ့ လေတဟူးဟူး တိုက်ခတ်နေပြီး အရာအားလုံးကို ရှင်းလင်းစွာ တွေ့ရခြင်းပင်။ ထိုထဲတွင် ကားခေါင်မိုးတစ်ခုပေါ်တက်ရပ်ကာ သူမတို့ကို လှမ်းကြည့်နေတဲ့ ကောင်လေးနှစ်ယောက် ပါဝင်လာခြင်းပင်တည်း။

× × ×

"ကိုကြီး . . . ကိုကြီး . . . သူတို့တစ်တွေ ခေါင်မိုးပေါ်ရောက်နေကြပြီဗျ။ ကျွန်တော်တို့ အစီအစဉ် စကြမယ်"

ကျွန်တော်က ခေါင်မိုးပေါ်ကနေ ဘောနက်ပေါ် ဝုန်းခနဲခုန်ဆင်းလာပြီး၊ ဖရိုဖရဲလေသံနဲ့ တော်လတ်ကို မကြည့်အားဘဲ

"ကျွတ် . . . နေစမ်းပါဦး တော်လတ်ရာ။ မင်းလိုက်မယ့်



လေယာဉ်ကို သေချာအောင် တပ်ဆင်နေရတယ်ကွ။ ဝေဟင်ထဲ ရောက်ပြီး မြေခရင် မင်းပဲ ကြွေရမှာ။ ကဲ . . . ပြီးပြီး ရော့ လေယာဉ်ကိုင်တော့။ ငါ မောင်းပေးမယ်"

ကျွန်တော်က လက်ထဲမှ ကစားစရာလေယာဉ်လေးကို တော်လတ်လက်ထဲ အပ်လိုက်ရပါတယ်။ ထိုလေယာဉ်၏ ကိုယ်ထည်တွင် တော်လတ်၏မေတ္တာသဝဏ်လွှာပါပြီး တိပ်ဖြင့် အခိုင်အမာ ကပ်ထားခြင်းပင်။

"ကဲ . . . ခုချိန်ကစပြီး မေတ္တာတမန်တော်ကို စေလွှတ်လိုက်ပါပြီခင်ဗျား"

တော်လေး၏ ဩဘာပေးသံအဆုံးတွင် ကျွန်တော်၏ ကျွမ်းကျင်စွာ မောင်းနှင်မှုကြောင့် လေယာဉ်လေးသည် တရစ်ဝဲဝဲဖြင့် လတ်လတ်လည်တို့ ရပ်နေရာ ခေါင်မိုးဆီ ဦးတည်ရောက်သွားပါတယ်။

"မြတ်စွာဘုရား . . . တော်လတ်က လေယာဉ်နဲ့ အရောက်လာမယ်ဆိုတာ ဒါကို ပြောတာကိုး။ ကြည့်စမ်း ဖျန်းသစ်သူဟာ တကယ့်(Crazy) လေးပဲ ဆရာ။ လူရွှင်တော်လေး"

ဟုဆိုကာ လေယာဉ်လေးပေါ်မှ စက္ကူပတ်လေးကို ခွာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖတ်လျှင် သူမ၏ဆံပင်ပုံစံနှင့် မျက်နှာကို ပြောင်ထားကာ တစ်ဘက်တွင် သူ၏ချစ်စဖွယ်အရုပ်လေးကို ရေးဆွဲထားပါတယ်။

အလယ်တွင် အသည်းပုံခပ်ကြီးကြီးပါပြီး . . .

"ကိုယ်တို့အသည်းထဲမှာ လိုအပ်နေတဲ့ကွက်လပ်တစ်ခုကို ဖြည့်ပေးပါ လည်း"

ဟူ၍ ခပ်သော့သော့ရေးထားခြင်းပင်၊ လည်သည် သူ၏စိတ်ကူးလေးကို နှစ်မြိုက်စွာ ကျေနပ်ပျော်ရွှင်စွာ ပေးအပ်လိုခြင်းများစွာနဲ့ နှုတ်ခမ်းနီတောင့်နှင့် အသည်းပုံထဲတွင် Love ဟူ၍ ခပ်ကြီးကြီးရေးပေးခြင်းဖြင့် တစ်စုံတစ်ရာ လိုအင်ဆန္ဒပြည့်စုံသွားသလို နှစ်မြိုက်ရွှင်လန်းလာရပါတယ်။

ဖျန်းသစ်အလှည့်တွင်တော့ . . .ဟတ်စကီးလေးကရောက်ရှိလာပြီး ထိုဟာတ်စကီးပေါ်တွင် . . .

"ကိုယ့်ရဲ့လက်ဆောင်အချစ်တွေ၊ ဖျန်းသစ်ရဲ့ လက်ဆောင်အချစ်တွေပေါ့"

ဟူ၍ ရေးထားပြီး ဟတ်စကီး၏ကိုယ်ထည်တွင် . . .

I want to kiss



ဟူသော စတစ်ကာကို ရင်ခုန်ဖွယ်ကပ်ထားခြင်းပင်၊ ဖျန်းသစ်သည် ကြက်သီးတွေ တဖြာဖြာယိုစိမ့်ကာ အင်မတန် လှလည်လုပ်လွန်းတဲ့ ထိုကောင်ကလေးကိုယ်စား ဟတ်စကီးလေးကို ခပ်ဖွဖွနမ်းခြင်းဖြင့် New Year ညကို ချစ်ခြင်းထုံးတို့ဖြင့် ကုန်ဆုံးခဲ့လေသတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

နောင်တော်ကြီး + လင်းရောင်ဖျ = အချစ် = အမုန်း

နောင်တော်လတ် + လက်လက်လည် = အချစ်

နောင်တော်လေး + ဖျန်းသစ်စ = အချစ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် မေမေ၏စကားကြောင့် ရုတ်တရက် အံ့အားကြီးသင့်တာ ခေါင်းတခါခါနှင့် အဖြင်းဝါကျတို့က ဖြိုးဖြိုး ဖြတ်ဖြတ် ခုန်ဆင်းလာရပါတယ်။

"ဗျူ . . . ဖျန်းသစ်နဲ့ လည်တို့ကို တစိမ်းယောက်ျား နှစ်ယောက်ရဲ့လက်ထဲကို လွယ်လင့်တကူ ထည့်မပေးနိုင်ဘူး မေမေ။ မျှ... ယောက်ျားတွေကို မယုံဘူး။ ဗျူတို့ ငြိမ်းချမ်းနေတဲ့ဘဝလေးကို မခွဲထုတ်ချင်ဘူး မေမေ"

ကျွန်မ၏ စကားသံအဆုံးတွင် မေမေက ပြုံးရယ်ရင်း ...

"တုတ်ပါတယ် အကြီးမရယ်။ သမီး လွယ်လွယ်နဲ့ မိတ် ရှားဆိုတာ မေမေသိသားပဲ၊ အလတ်မနဲ့ အငယ်မ နှစ်ယောက် ကြင်း ထည်ပေးမယ [illegible]"

www.burmeseclassic.com



"ဒါနဲ့များ ပေပေရာ သမီးရင်တုန်အောင်"

ကျွန်မက ခုမှ စိတ်အေးသွားဟန်နဲ့ ဂစ်တာဆွဲယူပြီး ပေါင်ပေါ် ရွှေတင်ထားချိန်တွင် . . .

"မှတ်တယ် သမီး . . .။ သမီးကိုပါ လည်တို့အတူ ထည့် ပေးလိုက်မှာ"

"ဖျကိုပါ။ ဘာတွေလဲ မေမေရဲ့။ ဖျ နားမလည်တော့ဘူး"

"အလတ်မနဲ့ အငယ်မကို တောင်းတဲ့လူတွေက သမီး ကိုပါ တောင်းတာ။ သူတို့က ညီအစ်ကိုသုံးယောက်။ အားလုံး မျိုးရိုးကောင်းပြီး ဟိုတယ်ကြီးတစ်ခုနဲ့ ဆောက်လုပ်ရေးလုပ်ငန်း တစ်ခု ပိုင်ကြတာ သမီးရဲ့ ညီအစ်မသုံးယောက်စလုံး တကွဲတပြား ဖြစ်စရာ မလိုတော့ဘူး။ နီးနီး တိုင်ပင်လို့ရတာပေါ့။ မေမေ့သမီး သုံးယောက်စလုံး ကံကောင်းကြပါတယ်"

ကျွန်မ၏ နားစည်အမှေးပါးသို့ ဗုံးတစ်လုံးပစ်သွင်း ဖောက်ခွဲခံရသလို ဂုန်းဆိုတဲ့အသံကြီးက မြည်ဟည်းလိုက်ပါ တယ်။

တစ်သက်လုံး မျှော်လင့်မထားတဲ့ ဖြစ်ရပ်တစ်ခု။ မေ ဖန်တီးလိမ့်မည်ဟု မထင်ထားခဲ့ချေ။



"ဟင့်အင်း မေမေ။ ဒါ ကံကောင်းတယ်လို့မဆိုသာဘူး ဖျအတွက်တော့ ကံဆိုးတာပဲ မေမေ။ ဖျ . . . လက်မခံနိုင်ဘူး"

"အကြီးမရယ်။ သမီးရဲ့မှန်တီးစိတ်တွေ ဖျောက်ဝ ဖျောက်တော့ကွယ်။ သမီးက ငယ်တော့တာလည်း မဟုတ်ဘူး ကိုယ့်ညီမတွေရှေ့ရေးလည်း ထည့်တွက်လေ"

"ဖျ . . . ထည့်တွက်လို့ပြောနေတာ မေမေ။ မေမေ ရွေး တဲ့လူတွေကို ဖျ သိလည်း မသိဘူး။ ရင်းလည်း မရင်းနှီးဘူး။ သူ ဆို ပိုဆိုးမယ်။ အဲလိုလူတွေရဲ့လက်ထဲကို ဖျတို့အနာဂတ်ကို ဘာ လို ထိုးအပ်ရမှာလဲ မေမေ"

ကျွန်မက နောက်ဆုံးအချိန်အထိ ကျားကန်ကန်ထား ဖျန်းသစ်နဲ့လည်တို့ကိုပါ ခြင်းရန် စကားလမ်းကြောင်းပေးပေမ သူမတို့နှစ်ယောက်သည် တုတ်တုတ်ပင် မလှုပ်ချေ။

မေမေကတော့ ကျွန်မအား မရအရ ဖျောင်းဖျမည် သော စိတ်ကူးတွေ တဖျတ်ဖျတ်ပါနေတဲ့ မျက်ဝန်းတွေနဲ့ ကြ ပြီး . . .

"သမီးနဲ့သာ မရင်းနှီးတာပါ။ ဖျန်းသစ်တို့နှစ်ယောက် ညီအစ်မ နှစ်ယောက်က ချစ်သူတွေ ဖြစ်နေကြပြီ သမီး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် မိုက်ခနဲမင် ဖြစ်သွားရကာ တစ်ချိန်လုံး ငြိမ်သက်နေတဲ့ လည်တိုနှစ်ယောက်ကို ချက်ချင်းပင် လှည့်ကြည့်မိပါတယ်။ ဖျတ်ခနဲ ခေါင်းတွေငုံ့ကျသွားတဲ့ နှစ်ယောက်စလုံးကို မယုံကြည်နိုင်စွာနဲ့ စိုက်ကြည့်ရင်း . . .

"နင်တို့က ချစ်သူတွေတောင်ဖြစ်သွားပြီ၊ ဖျန်းသစ်လည် ငါ့ကို ကြည့်ကြပါဦး၊ နင်တို့ သတ္တိတွေ ဂေါင်းလှချည်လား၊ ယောကျ်ားတစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ ချစ်သတဲ့ ဟုတ်လား။ ဟဲ့ . . . ငါ့ကိုပြောပါဦး"

"ဖျ . . .ငါ . . .ငါ . . .သူ့အပေါ် ချစ်မိသွားတာကိုး"

"ဟုတ်တယ် . . . ဖျရယ်"

"တော်စမ်းပါ၊ နင်တို့ညှဲ့ဖျင်းတိုင်း အသက်မရှိတဲ့မဟာကြီးကို အာလို့ဆွဲထည့်တာလဲ၊ ဘယ်လိုစိတ်မျိုးနဲ့ ယုံကြည်ကြတာလဲ"

ကျွန်မသည် မျက်လုံးတွေ ပြာဝေကာ အသံတို့က တုန်ရင်လာရပါတယ်။ အဲလို အဖြစ်မျိုးတွေ ကြုံလာမှာစိုး၍ ကျွန်မမှာ ကာကွယ်လိုက်ရတာ၊ တားဆီးပိတ်ပင်လိုက်ရတာ၊ ဒါတွေဟာ ခုတော့ အားလုံးအလကားဖြစ်ကုန်လေပြီ။



"အမကြီး . . . သမီးကလည်း ဒေါသမကြီးနဲ့ဦးလေ၊ လူဆိုတာ သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်၊ ဒါက သဘာဝလေ သမီးရဲ့၊ အဲဒါကြီးကို ပိတ်ပင်လို့မှ မရတာ"

"ဟင့်အင်း . . . မေမေ၊ ဖျ လက်မခံနိုင်ဘူး။ ဖျ ဒီပွဲကို ရှုံးတယ် မေမေ၊ သူတို့လည်း မယူနဲ့၊ ဖျလည်း မယူဘူး။ ယောကျ်ားတွေက အပေါ်အရေခွံမြှုတ်ထားကြတာ၊ ရွှာချကြည့်ရင် သူတို့ဟာ မိန်းမတွေကို နှိမ်မယ်၊ သစ္စာဖောက်မယ် . . . ဒါပဲ အမေ"

"လင်းရောင်ဖျ"

ကျွန်မသည် မေမေရဲ့ မာကျောအေးခဲလှတဲ့ ခေါ်သံကြောင့် လူက ဆတ်ခနဲပင် တုန်သွားရပါတယ်။ ကျွန်မသက်တမ်းတစ်လျှောက်တွင် ထိုသို့ မာမာထန်ထန် ခေါ်ဖို့နေစွာ အကြည့်ရှုးတစ်ချက်နဲ့ပင် ကျွန်မတို့ညီအစ်မတွေကို မကြည့်ရက်ခဲ့သူပါ။

ခုတော့ မေမေ့မျက်ဝန်းတွေသည် ဒေါသအရောင်တွေ ဝင်းတောက်နေလေပြီ။

"ငါ့အတွက်မဟုတ်ဘူး လင်းရောင်ဖျ၊ ငါတစ်သက်လုံး ယောက်အန္တတာရဲ့ အနစ်နာခံပြီး ကျွေးမွေးလာခဲ့တာ မွေးမြူ

www.burmeseclassic.com

www.burmeseclassic.com



ဟာတဲ့ ကျေးဇူးကို ညည်းရဲ့ တယူသန်စိတ်ကြီးနဲ့ ပြန်မဆပ်လိုက်ပါနဲ့။ နင်တို့အတွက်၊ နင်တို့ဘဝတစ်ခုလုံး ကောင်းစားဖို့ ငါ စီမံ ပြုတာပဲ။ ငါ အပူအပင်ကင်းချင်ပြီ။ တစ်သက်လုံး ငါ ပူပန်ခဲ့ရသမျှ ပွတ်ပြောက်ချင်ပြီ၊ ငါ မျက်စိမမှိတ်ခင် နင်တို့တစ်တွေ တင့်တောင့်တင့်တယ် ဖြစ်တာကို ငါ မြင်သွားချင်တယ် . . .လင်းရောင်ရှု။ ညည်း မငိုက်ပါနဲ့အေ"

မေမေ့မျက်ရည်တွေသည် မျက်ဝန်းထဲမှ ပိုးပိုးပေါက် ပေါက် ကျဆင်းလာပါတယ်။

"မေမေ"

ဖျန်းသစ်နဲ့ လည်တို့သည် မျက်ရည်လည်ရွဲနှင့် မေမေ့ခြေသလုံးကို ဖြေးဖက်ကာ ငိုလေပြီ။ ကျွန်မကတော့ လက်သီးနှစ်ဖက် ခပ်ကျစ်ကျစ်ဆုပ်ရင်း ကျလုဆဲဆဲ မျက်ရည်တွေကို မကျစေလိုတဲ့စိတ်နဲ့ မျက်နှာကြက်ကို အတန်ကြာမော့ကြည့်ပြီး ဝင်သက်တစ်စုံကို ခပ်ပြင်းပြင်း ရှိုက်သွင်းပြီးမှ . . .

"ဗျ . . . လက်ခံလိုက်ပါ့မယ် မေမေ"

ကျွန်မဆီကျရောက်လာမယ့် မျက်ဝန်းတွေကို ကျောခိုင်းရင်း ရင်ထဲမှာ နာကျင်ပြုံအက်မှုနဲ့ မယုံကြည်နိုင်မှုတို့က ရော



ထွေးနေပါတယ်။

ဘာပဲဖြစ်ဖြစ် . . . ကျွန်မရင်ထဲက ဒဏ်ရာက နက်သည်ထက် နက်လာပြီတည်း . . .။

× × ×

www.burmeseclassic.com

# အခန်း(၅)

တစ်နေ့တည်း တစ်ချိန်တည်း တစ်နေရာတည်း ...ပြိုင်တည်း သတို့သား သတို့သမီး သုံးစုံနဲ့ မင်္ဂလာပွဲလုပ်သည့် ...ဓလေ့ထုံးစံမျိုးကို မည်သူမှ ကြုံကြိုက်တွေ့ဖူးမည် မဟုတ်ပါ။

ကျွန်မကတော့ ကြုံကြိုက်ရုံတင်မကဘဲ ကိုယ်တိုင် ...င်ဆင်နွှဲနေရပါပြီ။ ပို၍ ထူးဆန်းသည်က ကျွန်မ၏သတို့သား ...ောင်းကို ဒီပွဲမှပင် တွေ့ဆုံမြင်ဖူးခြင်းပင်။

သူ၏မျက်နှာနှင့် မျက်ဝန်းတို့တွင် ထိမထင်ဟန်တွေ၊ ...သိုဝှင်းထက်ပြုမူဟန်တွေက ကျွန်မအတွက် အတော်ကြီး ...်အနှောင့်အယှက် ဖြစ်စေပါတယ်။ သူသည် နှုတ်ခမ်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကွေးညွတ်၍ ခပ်ထေ့ထေ့ပြုံးကာ . . .

"ချစ်ချိန်က ကိုယ်က မင်းဘဝရဲ့ အရေးပါဆုံး၊ အလိုအပ်ဆုံး လူတစ်ယောက်ဆိုတာ မင်း . . . ငြင်းနိုင်မယ် မထင်ဘူးနော် လင်းရောင်ဖျ"

ကဲ . . ဒါဟာ လက်ထပ်ပွဲဆင်နွှဲနေတဲ့ သတို့သားတစ်ယောက်က သူ့သတို့သမီးကို မေးရမည့် မေးခွန်းတော့ မဖြစ်နိုင်ပါ။ ကျွန်မသည် သူ့အား နာကျင်ရှုံ့ရှာစွာနဲ့ ခပ်စွေစွေ ပြန်ကြည့်ရင်း . . .

"အိပ်မက်လာမက်မနေနဲ့၊ ကျွန်မစိတ်ကူးထဲမှာ ရှင်လုံးဝမရှိနေဘူး"

"ယုံကြည်စရာပဲ လင်းရောင်ဖျရဲ့ . . .၊ မင်းတွဲထားတဲ့ လက်မောင်းပိုင်ရှင်က ကိုယ်လေ။ မာနတွေ ခဏချထား ဟုတ်ပြီလား"

"လဲသေလိုက်"

ကျွန်မတို့နှစ်ယောက် စကားစစ်ထိုးပွဲကို ဧည့်သည်တွေ မရိပ်မိသလို ဖျန်းသစ်နဲ့လည်ရော သူ့ညီနှစ်ယောက်စလုံးရော ယုတ်စွအဆုံး မေမေပါ မရိပ်မိနိုင်ဘဲရှိပါတယ်။



ကျွန်မသည် သူပြောသွားတဲ့စကားကို ခံပြင်းလို့ မဆုံးချေ။ ဧည့်ခံနေရင်းမှပင် မည်သို့တုံ့ပြန်ရမည်ကို တစိမ့်စိမ့် စဉ်းစားရပါပြီ။ ကျွန်မသည် လက်တုံ့ပြန်ရမည်ဆိုလျှင် သိပ်ပြီးစဉ်းစားနေရာမလိုဘဲ တွဲချိတ်ထားတဲ့ သူ့လက်မောင်းကို ကျွန်မက လျှပ်တစ်ပြက် ဆွဲဆိတ်ခြင်းပင်။

"အား . . . ဟာ . . . မင်း . . . မင်း . . .ဘာလုပ်တာလဲ လင်းရောင်ဖျ"

သူသည် အတော်ကြီးနာကျင်သွားဟန်ဖြင့် ရှုံ့ရှုံ့ရဲ့ရဲ့ ပြီးတော ကျွန်မအား လှည့်မေးလျှင် ကျွန်မက မျက်နှာကို ခပ်ပင့်ပင့်ကိုင်ကာ . . .

"ဆွဲဆိတ်လိုက်တာလေ"

"မင်း . . အဲ့လိုလုပ်ရဲတယ်၊ ပြီးရော ရတယ် ရတယ်"

ဟု ခေါင်းတဆတ်ဆတ် ညိတ်ကာဆိုပြီး ကျွန်မအား ညာ ပြန်ပြလေတော့ပါတယ်။ သူ၏ပညာပြပုံမှာ တစ်နေရာမှ တစ်နေရာ သွားလျှင် ကျွန်မအား ဒရွတ်တိုက် ဆွဲခေါ်သွားမတတ် သွက်သွက် သွားခြင်းပင်။

သူ့အတွက်က အကြောင်းမဟုတ်ပြား။ ကျွန်မ၏ ဂါဝန်

www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည် ပင်(န်)ဆယ်ဟီးချွန်ချွန်နှင့် လက်တစ်ဖက်က ပန်းခြင်းကြီးသည် အင်မတန်မှ ဒုက္ခပေးလှတာ ရုပ်ပျက်ဆင်းပျက်ပင်တည်း။

ကျွန်မသည် သူ၏လုပ်ရပ်ကို စိတ်ထဲမှ တေးမှတ်ထားပြီး အခွင့်အခါကိုပဲ စောင့်နေမိပါတယ်။ ကျွန်မ စောင့်နေချိန်တွင် မင်္ဂလာကိတ်လှီးခြင်းနှင့် မုန့်ခွဲကျွေးခြင်း အမှုကိစ္စ ပေါ်လာခြင်းပင်။

ကျွန်မက အလွန်အမင်း အူမြူးသွားကာ သူ့ခွဲကျွေးသောမုန့်ကို ဟန်မပျက်စားကာ ကျွန်မ ခွဲကျွေးအလှည့် တင်မရာသမားတွေ ဗိုင်းဗိုင်းလည်ချိန်၌ သူ့အား ဟန်ပြကာ ကျွန်မသည် ကိုယ့်ပါးစပ်ထဲ ပြန်ထည့်လိုက်ပါတယ်။

"ဟင် . . . အို . . . ခစ် . . . ခစ် . . . ခစ်"

ဟူသော အာမေဍိတ်သံတွေ၊ ရယ်သံတွေနဲ့ သူ့ရဲ့ အိုးတို့အိမ်းတန်း မျက်နှာကြီးက လူရှုင်တော်တစ်ယောက်လိုပင် ရယ်ဖွယ်လိလိ။

သို့ပေမယ့် သူ့မျက်နှာပေါ်တွင် အရောင်တစ်မျိုး ဖြတ်ပြေးကာ ကျွန်မခါးကို သိုင်းဖက်ရင်း . . .



"တော်တော်နောက်တတ်တယ်ပေါ့"

ဟု ခပ်ပြုံးပြုံးဆိုကာ ကျွန်မနဖူးအား ဖျတ်ခနဲ နမ်းလိုက်ခြင်းပင်။ ကျွန်မ၏ ရက်ရွဲ့စိတ်တွေ ဆုဝေကာ ကြောင်သွားချိန်၌ တင်မရာမီးတွေ တဖျပ်ဖျပ်လင်းလက်နေပါပြီ။

ကျွန်မက ရက်ရွဲ့ဒေါသတွေနဲ့ ပင်(န်)ဆယ်ဟီးအချွန်ဖြင့် သူ့ခြေထောက်ကို ဖိနင်းထားလျှင် . . .

"အ"

ခနဲ အသံထွက်ပေမယ့် အပြုံးမပျက်ဘဲ ကျွန်မအား ရင်ခွင်ထဲသွင်းကာ ခပ်တည်တည်နဲ့ ဓာတ်ပုံရိုက်ခံခြင်းပင်။

ဤသို့ဖြင့် ကျွန်မတို့နှစ်ယောက်သည် မင်္ဂလာပွဲပြီးဆုံးသွားပေမယ့် တစ်ယောက်နဲ့တစ်ယောက် ချောင်းမြောင်းမှုက မပြီးဆုံးနိုင်အောင်ပဲ ရှိနေပါတော့တယ်။

သူသည် သူထင်ရာလုပ်သော လူစားမျိုးဖြစ်ပြီး ကျွန်မကလည်း ဖိနှိပ်မခံလိုတဲ့စိတ်ထားတို့ကြောင့် မင်္ဂလာပွဲအပြီး ပဋိပက္ခသည် ပိုမိုကြီးထွားလာရပါတော့တယ်။

သူက မင်္ဂလာပွဲပြီးတာနဲ့ သတို့သားဝတ်စုံကို ချွတ်လဲ့ အပြင်ပြန်ထွက်သွားသည်မှာ အတော်ကြာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးစ ဖနီးပွပွနွေးနွေးကို ထိုသို့ ထားသွားနိုင်သည့် သူ့
စိတ်ဓာတ်ကို အံ့ဩရှုံ့ရှာသားပင်။

"ဒေါက် . . .ဒေါက် . . .ဒေါက်"

"ဝင်ခဲ့ပါ . . . တံခါးဖွင့်ထားတယ်"

ကျွန်မက သူ့ပဲဟု တပ်အပ်ယူဆကာ ဝင်ခွင့်ပေးပြီး
အနားသို့ လျှောက်လာတဲ့ခြေသံကို နားစွင့်မိချိန်တွင် . . .

"မမကြီး"

မြွတ်စွာဘုရား . . . ဘယ်နှယ့်အခေါ်အဝေါ်ကြီးပါလိမ့်
(၅)မိနစ်ခြား မွေးချင်းအမြွာတွေကတောင် ဤသို့ နားကလော
စရာကြီးကို မခေါ်ဝေါ်ခဲ့ဘူးပါ . . . .ဟူသော အတွေးနှင့် ကျွန်မ
နောက်သို့ပြန်လှည့်ကြည့်ချိန်၌ . . .

"ကျွန်မက ဒီအိမ်ကြီးရဲ့ အိမ်တော်ထိန်းကြီးပါ။ အမေ
သွင်လို့ နောင်တော်သုံးယောက်စလုံးက ခေါ်ကြပါတယ် မမကြီး"

ဟူသော အခေါ်အဝေါ်ကို ထပ်မံသုံးကာ အသားညိုည
ခပ်တုတ်တုတ်နှင့် ဆံအချွဲသား ဆံပင်ကြီးအား သစ်သားဘီးကြီးရဲ့
တင်းတင်းရစ်ပတ်ထားသော အမေသွင်ဆိုသူအား တွေ့လိုက်ရ
ပြီ။



"ကျွန်မကို မမကြီးလို့မခေါ်ပါနဲ့လား အမေသွင်။ ကျွန်မ
နာမည်က လင်းရောင်ဖျပါ"

ကျွန်မရဲ့စကားအဆုံးမှာ အမေသွင်က လက်ထဲမှ ငွေ
ရောင်ပြောင်လက်နေတဲ့ ဗန်းနဲ့ အငွေ့တထောင်းထောင်း ထနေ
တဲ့ စားဖွယ်ရာ ပန်းကန်တွေကို လျှင်လျှင်မြန်မြန်ပင် ပြင်ဆင်
ပေးပြီး . . .

"အားမနာပါနဲ့ မမကြီး။ နောင်တော်ကြီးရဲ့ စုလျား
ရစ်ပတ်တဲ့ မဟေသီကို ဒီလိုပဲခေါ်ဆိုရမယ်ဆိုတဲ့ ထုံးတမ်း ရှိပြီး
သားမို့ပါ . . .။ ကဲ . . . ညစာ သုံးဆောင်တော်မူပါ မမကြီး"

"ကျွန်မရဲ့ ညီမတွေရော"

"မမလတ်နဲ့ မမလေးတို့ အခန်းထဲလည်း စားဖွယ်ရာ
တွေ ပို့ဆောင်ပေးပြီးပါပြီ။ မမကြီးသာ စိတ်အေးလက်အေး သုံး
ဆောင်တော်မူပါ။ အမေသွင့်ကို သွားခွင့်ပြုပါဦး"

ကျွန်မသည် ရုတ်တရက် ရှိကျိုးပျပ်ဝပ်စွာနဲ့ ထွက်သွား
ဟန် ပြုတဲ့ အမေသွင့်ကို အံ့ဩစွာကြည့်ရင်း . . .

"ဒါဏာလေး အမေသွင် . . .ကိုနောင်တော်ကြီးရော ဘယ်
သွားလဲ မသိဘူး"

www.burmeseclassic.com



"ေနာင္ေတာ္တို႔သုံးေယာက္ . . . ညီလာခံထိုင္ေနၾကပါတယ္ မမႀကီး"

"ညီလာခံ . . ."

"မွန္ပါတယ္ မမႀကီး"

က်ြန္မက Oh..God ဟု႐ြ်တ္ပင္ အက်ယ္ႀကီးထ၍ ေရ႐ြတ္လွ်င္ ေကာင္းမည္ဟု . . . ခပ္႐ြတ္႐ြတ္ပင္ ေတြးမိပါတယ္။ ဒီေန႔လို ေခတ္ႀကီးမွာ ညီလာခံေတြ၊ သုံးေဆာင္ေတာ္မူပါေတြဟာ သိပ္ၿပီး မတြင္က်ယ္လွေတာ့ဟု ေတြးမိခ်ိန္တြင္ အေမသြင္က က်ြန္မထံတြင္ မရွိေတာ့။

သူမကိုယ္စား ေငြပန္းကန္ေတြ ေငြဇြန္းခက္ရင္းေတြ တပ္ထားတဲ့ ညစာကို ပ်င္းရိေလးကန္စြာ စားၿပီးခ်ိန္တြင္ . . .

"မမႀကီး . . . သုံးေဆာင္လို႔ေကာင္းပါရဲ႕လား"

အခ်ိန္ကိုက္ႀကီး ျပန္ေရာက္လာတဲ့ အေမသြင့္ေၾကာင့္ က်ြန္မအား တစ္ေနရာမွ ေခ်ာင္းၾကည့္ေနသလားလို႔ စိုးထိတ္႐ြံ႕တြန္႔ရေခ်ၿပီ။

"ေကာင္းပါတယ္ အေမသြင္ . . . သိမ္းသြားလို႔ ရပါၿပီ"

အေမသြင္က ပန္းကန္ခြက္ေယာက္ေတြကို သိမ္းဆည္း



ထြက္သြားခ်ိန္တြင္ က်ြန္မသည္ ပစၥုပၸန္အေျခအေနကို မေရာင့္ရဲႏိုင္ေတာ့ဘဲ အခန္းတံခါးကို ဖြင့္ကာ တစ္ဘက္ခန္းကို တံခါးေခါက္၍ . . .

"လည္ . . . တံခါးဖြင့္စမ္း . . . ဝါ . . . ဖ်ဴပါ"

ဟူေသာစကားအဆုံးမွာ တံခါးခ်ပ္က ဖ်တ္ခနဲ ပြင့္လာၿပီး . . .

"ဘာျဖစ္လို႔လဲ ဖ်ဴ"

"ဘာမွျဖစ္ပါဘူး . . . ကဲ . . . နင္ ထြက္ခဲ့ဦး ဖ်န္းသစ္ကိုပါ ေခၚမယ္"

"ဘာလုပ္ဖို႔ ေခၚမွာလဲ ဖ်ဴရဲ႕"

"ဟဲ့ . . . မဂၤလာေဆာင္ၿပီးကတည္းက ငါတို႔ ေအးေအးေဆးေဆးမွ မေတြ႕ရေသးတာ။ လာစမ္းပါ လည္ရာ"

က်ြန္မက ေရွ႕မွ လည္ကို ဦးေဆာင္ၿပီး ဖ်န္းသစ္အခန္းေရွ႕သို႔အေရာက္ တံခါးေခါက္စဥ္ ဖ်န္းသစ္က ထြက္လာၿပီး . . .

"ဘာလဲဟင္ ဖ်ဴ"

"နင္တို႔ကလည္းဟာ ေမးခြန္းေတြက သိပ္ထူေျပာတာ။ နင္တို႔ေယာက်္ားေတြ ဘယ္သြားလဲ"

www.burmeseclassic.com



"တော်လေးက သူ့အစ်ကိုကြီး အရေးတကြီးခေါ်လို့တဲ့"

"အေး . . . တော်လတ်ရောပဲ၊ (၂း၀၀)နာရီလောက်ကြာမယ်တဲ့"

"အမယ်လေး . . . လည်ရှုရယ်၊ (၂း၀၀) ဆိုတဲ့အချိန်ကို နင်က နည်းတယ်ထင်နေလို့လား။ ပျင်းလို့ လိမ်တွန့်ခေါက်ပြီး သေသွားနိုင်တယ်ဟဲ့၊ ဒီနေ့မှ လက်ထပ်တဲ့မိန်းတွေကို ခုလိုပစ်ထားနိုင်တယ် . . . အံ့ရောပဲ"

"ရှူး တိုးတိုးလုပ်စမ်းပါ ဖျရဲ့။ ဒါ . . . သူများအိမ်ကြီးဟဲ့"

"အလိုတော် . . . နင်ကပဲ ကြောက်နေရသေးတယ် ဖျန်းသစ်။ ဒါ သူများအိမ်မို့လို့ ငါ ဒီလောက်ငြိမ်နေတာ၊ ငါ့အိမ်သာဆိုရင် ထုရိုက်ပေါက်ခွဲပြီးပြီ။ သဘောပေါက်၊ ဒါ ငါတို့ကို သက်သက်လုပ်တာဟဲ့"

ကျွန်မက ကျိတ်မနိုင် ခံမရ ဒေါသတွေထွက်နေသလောက် . . . သူမတို့နှစ်ယောက်က ခပ်အေးအေးပင် ရှိနေပါတယ်။ ကျွန်မသည် ထိုညီအစ်ကိုသုံးဖော်အား တန်ပြန်စစ်ဆင်ရေးကို စဉ်းစားပြီးမှ . . .

"ဟဲ့ . . . နင်တို့နှစ်ယောက်စလုံး ငါ့အခန်းလိုက်ခဲ့ကြ"



"ဘာလုပ်မလို့လဲ"

"အိညှက်ညှက်နဲ့ သံပြိုင်ထွက်လာတဲ့ သူမတို့နှစ်ယောက်ကို ကျွန်မက ပေစောင်းစောင်းကြည့်ရင်း . . .

"ကဲ . . . စကားမရှည်နဲ့၊ လာ . . . လာ . . . မြန်မြန် . . . လာ"

ဟု အခန်းထဲခေါ်သွင်းပြီး တံခါးကိုပါ Lock ချကာ . . .

"သူတို့တော်င် ညီလာခံထိုင်သေးတာပဲ၊ ငါတို့ကရော ဘာလို့ Meeting မလုပ်နိုင်ရမှာလဲ၊ လာပါလေ့စေ၊ ငါ ပညာပြထိုက်မယ်"

"မလုပ်ပါနဲ့ ဖျရယ်။ တော်လေးက ငါ့ကိုပြောသွားတယ်။ သူတို့ အစ်ကိုကြီးက ညီအစ်ကိုတွေရဲ့ လုပ်ငန်းနောက်ဆုံးညမှာ အရေးတွေ ရှိနေလို့ပါတဲ့"

"ဟုတ်တယ် ဖျရဲ့ . . . တော်လတ်ကလည်း ငါ့ကို အဲ့လို ပဲ ပြောသွားတာ"

"ရာရာစစ သူတို့က (၃)(၄)နှစ်ခြားပြီးမှ ထွက်လာတဲ့ ညီအစ်ကိုတွေပါဟဲ့၊ ငါတို့က (၅)မိနစ်ခြားပြီးမွေးလာတဲ့ ညီမွှာညီအစ်မတွေ၊ ပြီးတော့ မိန်းကလေးတွေ၊ သူတို့ထက် ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အိပ်လွမ်းသယ်စရာတွေ မှာစရာတွေ တစ်ပြုံတမကြီးပဲ။ သူတို့ (၂) နာရီဆိုရင် ငါတို့က (၄)နာရီပဲ"

ကျွန်မက မအီမသာရုပ်တွေနဲ့ ဖြေရှင်းပြနေတဲ့ ဖျန်းသစ်နဲ့ လည့်ကို ကြည့်ပြီး အားမလို အားမရဖြစ်ကာ ဒေါသတို့က ထွက်လာရပါတယ်။

"ဒီမှာ . . . နင်တို့ရှစ်က အဲ့လောက်ထိ သိက်ပျက်ယွင်းပြမနေနဲ့။ တို့က . . . မာန်တွေတက်ကုန်လိမ့်မယ်။ သူတို့က အမြဲတမ်း ဇိနှိပ်ထားချင်တာ။ အဲဒါကို ငြိမ်ခံနေလို့ကတော့ အညွှန့်တုံးပြီး လူဖြစ်ရှုံးရုံပဲရှိတော့မှာ။ အဲဒါကို မြဲမြဲမှတ်ထား . . ."

"ကဲပါ ဖျရာ . . . နင်ကလည်း ဒေါသကြီးပဲ။ ပြီးရော ပြီးရော . . . ငါတို့ နင့်အခန်းထဲမှာပဲ နေတော့မယ်"

ဖျန်းသစ်က ကျွန်မစိတ်ပြေအောင် မေးဖျားကိုကိုင်ကာ ချော့သလို၊ လည့်ကလည်း နောက်ကျောမှ သိုင်းဖက်ပြီး ကျွန်မအား ချော့မြူတာကြောင့် စိတ်ဆိုးတို့က ပြေပျောက်သွားရပြီး . .

"သူတို့အတွက်နဲ့ ငါတို့တစ်တွေ စိတ်ဝမ်းမကွဲချင်ဘူး ဟာ"

"အေးပါဟဲ့ . . . နင်ကလည်း။ ငါတို့ကလည်း လင်းရောင်



ဖျပဲညွှာ . . . နော် ဖျန်းသစ်"

"အစစ်အမှန်ပါပဲရှင့်"

ထိုအချိန်မှာပဲ . . .

"လင်းရောင်ဖျ . . . ကိုယ်ပြန်လာပြီ။ တံခါးဖွင့်ပါဦး"

ကျွန်မသည် အခန်းအပြင်ဘက်မှ သူ၏အသံကြောင့်

"အသာနေ . . . ငါကြည့်ပြောမယ်။ နင်တို့ တိတ်တိတ်နေကြ"

ဟု သူမတို့ကို လှည့်ပြောပြီး . . .

"ကျွန်မတို့ အထဲမှာ Meeting ထိုင်နေတယ်။ မပြီးသေးဘူး"

အခန်းတွင်းမှ သံပြတ်နဲ့ လှမ်းပြောတဲ့ ထိုမိန်းမအသံကြောင့် ကျွန်တော်က ဒေါသတွေ ထောင်းခနဲ ထွက်သွားရကာ တံခါးကို ထဝ်ထုမည့်ဟန်အပြင်တွင် . . .

"ကိုကြီး . . . ကျွန်တော့်အခန်းထဲမှာ လည့် မရှိတော့ဘူးဗျ"

"ဟုတ်တယ် ကိုကြီး . . .။ ဖျန်းသစ်လည်း မရှိဘူး"

"မင်းတို့ကလည်းကွာ . . . အဲဒါ ဘယ်လိုဖြစ်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှာသိရှာယာနဲ့ . . . မင်းတို့အခန်းထဲမှာ မရှိရင် ဒီအခန်းထဲမှာ ရှိမှာပေါ့ကွ"

ကျွန်တော့်ဒေါသတို့ကို လင်းရောင်ဖျထံမှ တော်လတ်တို့ထံ အပျားဖတ်သွားစဉ် တော်လေးက မျက်နှာအပျက်ပျက်နှင့် . . .

"အဲဒါဆိုလည်း အစ်ကိုကြီးမိန်းမကို မေးလိုက်လေဗျား ရှိလားလို့"

"မင်းတို့ကဟစ်မှောင့် . . . လင်းရောင်ဖျ"

"ဘာရှန်း"

အင်မတန်မှ သာယာနာပျော်ဖွယ် အသံပါပဲ။

"အဲဒီထဲမှာ လတ်လတ်လည်နဲ့ ဖျန်းသစ်စရော ရှိလား"

"ရှိတာပေါ့ရှင် . . . Meeting ထိုင်နေပါတယ်ဆိုမှ။ ရှင်တို့ ညီလာခံလုပ်တုန်းကလည်း ကျွန်မတို့ မနှောင့်ယှက်ဘူး။ ကျွန်မတို့ Meeting ထိုင်နေတာလည်း မနှောင့်ယှက်ပါနဲ့"

ကျွန်တော်သည် သူမစကားကြောင့် သည်းခံနိုင်မှုတို့ကပ်ဟုတ်ခနဲ ပြိမ်းသွားကာ . . .

"တောက် . . . ဒီမိန်းမ တမင်လုပ်တာကွ ငါတို့ကို။



လေသံကိုက လုပ်လေကြီးနဲ့ ငါမသိဘူးများထင်နေလား မသိဘူး"

"တမင်လုပ်ဟန်တော့ မရှိပါဘူး ကိုကြီးရာ။ တကယ်နေမှာပေါ့ . . . သူလည်း သူ့ညီမတွေကို မှာစရာရှိတာ မှာနေလို့နေမှာပဲလေ"

တော်လတ်က ကြားထဲက ရှေ့ပြည်အေးတရားဟောသလို၊ တော်လေးကလည်း ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံပေးနေတာကြောင့် ကျွန်တော့်မှာ ဒေါသတွေကို ရှူးခနဲပြန်ချထားရပါတယ်။ နာရီလက်တံတို့က (၁၂း၀၀)နာရီတိတိကို ပြနေပေပြီ။

တစ်နေကုန် ပင်ပန်းနွမ်းလျှထားတဲ့ဒဏ်ကြောင့် အပြင်းအထန် အနားယူလိုစိတ်တို့နဲ့ . . .

"ဖျို့ . . .လင်းရောင်ဖျ မပြီးသေးဘူးလား"

"ရော် . . . ရှင်နဲ့တော့ ခက်ပြီ။ ဘယ့်နှယ့်ကြောင့် ဖျို့လာဟစ်နေရတာတုံး။ ပြီးရင်ထွက်ခဲ့မှာပေါ့ . . . တယ်ခက်တာပဲ"

"တစ်နေ့လုံးပင်ပန်းထားတာ အနားယူချင်ပြီ"

"ပြီးရင် ရှင့်ကို အကြောင်းကြားမှာပေါ့။ ရှင် . . . ဒီလိုနှောင့်ယှက်နေပုံနဲ့ဆိုရင် ညလုံးပေါက် ဖြစ်သွားလိမ့်မယ်"

ကျွန်မသည် အခန်းတွင်းမှ ပြန်ဖြေရင်း လေးလံလာ

www.burmeseclassic.com

www.burmeseclassic.com



သည့်မျက်ဝန်းအစုံဖြင့် နာရီကိုကြည့်မိပါတယ်။ တစ်နေကုန် ပင်ပန်းနွမ်းနယ်မှုကြောင့် ဖျန်းသစ်နဲ့လည်ပင် ကျွန်မတို့၏ မင်္ဂလာဦးရတစ်ခဲပါတွင် တစောင်း ခပ်ကွေးကွေး အိပ်ပျော်နေလေပြီ။

ကျွန်မသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချပစ်ရင်း လည်နှင့်ဖျန်းသစ်ကြားတွင် ဝင်ရောက်လှဲလျောင်းကာ မျက်ဝန်းတို့ကို မှေးမှိတ်ထားမိပါတယ်။

မကြာခင်အချိန်အတွင်း ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ အဆက်အသွယ် ပြတ်တောက်သွားရချေပြီ။

ကျွန်မတို့မင်္ဂလာဦးညက ထိုသို့ မမေ့နိုင်ဖွယ်ညအဖြစ် ကုန်ဆုံးပါလေသတည်း။

မင်္ဂလာဦးညမှ စတင်မပြေလည်ခဲ့သော ပြဿနာတို့သည် နောက်တစ်နေ့နံနက်စာဝိုင်းတွင် ထပ်မံဖြစ်ပွားခဲ့ပါတယ်။ ပြဿနာရဲ့အရင်းခံကတော့ ကျွန်မတို့သုံးယောက်အား အမေ သွင်နှင့် အခေါ်လွှတ်ကာ . . .

"မကြီးတို့သုံးယောက်ကို နောင်တော်တို့က မနက်စာစားဖို့ ထမင်းစားဆန်းထဲ ကို ကြွခဲ့ပါလို့ မှာထားပါတယ်"



ခိုင်းလွှတ်ကာ တရိုတသေဟန်နဲ့ ပြောသွားတဲ့ အမေသွင့် နောက်ကျောကိုကြည့်ပြီး ဂျွန်မက ဟက်ဟက်ပက်ပက် ရယ်ချတာ . . .

"အမလေးဟဲ့ . . . သူ့ဒီဝိုင်းက R ကောင်းကောင်းမှာ သွားလုပ်ရင် လစာအပြင် ဘောက်ဆူးပါရမယ့်ပုံတော့။ ဟာ . . . ဟ တကယ်ရယ်ရတယ် သိလား လည်း။ ငါကိုခေါ်တာများ မမကြီးတဲ့။ ငါ့မှာ ဇရာရိပ်တွေတောင် ဆင်လာမလားဘဲ။ ဒီပုံအတိုင်း ဆက်ခေါ်နေလို့ကတော့"

"ကဲပါ . . . ဖျာ ငါတို့ မနက်စာသွားစားသင့်ပြီ ထင်တယ်နော်"

"ဖျန်းသစ်ရယ် . . . နင်ကလည်း တစ်မျိုး။ ခုခေါ် ခုထသွားတဲ့ ငါတို့ညီအစ်မက ဈေးပေါသွားမှာပေါ့"

ဖျန်းသစ်နဲ့လည်သည် ဂျွန်မအား မျက်လုံးချင်းမဆုံဘဲ လေပူတွေကို မှုတ်ထုတ်ပြီး ပြန်ချေပရန် စကားလုံးရှာနေဟန် တူပါတယ်။ ခဏနေမှ လည်က . . .

"နင် . . . ညက စိတ်တိုင်းကျ ကြွခဲ့ပြီမဟုတ်လား ဖျရဲ့ မနက်တော့ သွားစားသင့်ပြီလို့ ငါထင်တယ်။ ပြီးတော့ ငါတို့က

www.burmeseclassic.com



အရှည်လက်တွဲရမယ့်လူတွေလေ"

ကျွန်မသည် မျက်နှာအပျက်ပျက်နဲ့ ဖြစ်နေရှာတဲ့ လည့်နဲ့ ဖျန်းသစ်ကိုကြည့်ပြီး သနားစိတ်က လျှံတက်လာရပါတယ်။ သူမတို့တစ်တွေသည် ချစ်တဲ့သူနဲ့လက်ထပ်ပြီးကာမှ တစ်ကမ္ဘာခြားကာ စိတ်ညစ်နေရမှာယ့်အဖြစ်မျိုးကို ကျွန်မ မဖန်တီးလိုပါ။

"ကဲဟော . . . ငိုတော့မငိုချန့်နော်၊ တကတည်း နင်တို့က အဖြစ်ကို သည်းလွန်းတယ်၊ ထ . . . ထ . . . သွားမယ်"

ကျွန်မ၏စကားအဆုံးမှာ ဖျန်းသစ်နဲ့လည့်ထံမှ ရယ်ပြုံးတွေ ဖူးပွင့်လာကြပြီး ကျွန်မပခုံးကို ဟီးလေးခိုကာ ထမင်းစားခန်းကို ဆင်းခဲ့ကြပါတယ်။

သို့ပေမယ့် အခန်းထဲ စ.စဝင်သွားချင်းတွင် မျှော်လင့်တကြီးစောင့်စားနေရမယ့် မျက်ဝန်းတွေအစား မနစ်မြုံ့ မကျေနပ်ခြင်းတွေ ရောပြွမ်းနေတဲ့ သူ့အကြည့်တွေကို ကျွန်မက ရရှိလိုက်ပါတယ်။

သူက ဘဲဥပုံစားပွဲကြီး၏ ထိပ်ပိုင်းတွင်ထိုင်ကာ သူနှင့်မျက်နှာချင်းဆိုင်တွင် ကျွန်မက ထိုင်ပြီး ဖျန်းသစ်၊ လည့်တို့ စုံတွဲကတော့ ကျွန်မတို့ရဲ့ ဘေးတစ်ဘက်တစ်ချက်စီတွင် ထိုင်ရန်



အမေသွင်က နေရာချပေးပြီး တခြားမိန်းကလေးတစ်ယောက်က ကျွန်မတို့ရဲ့ ငွေပန်းကန် ငွေခွက်တွေထဲသို့ ပေါင်မုန့်ကြက်ဥကြော်နဲ့ ကော်ဖီတွေ ငှဲ့ပေးကြပါတယ်။

"ငါတော့ ဒုက္ခပဲ ဖျန်းသစ်ရေ၊ ဒီမုန့်တွေကို ငါမှ မကြိုက်တာ၊ နောက်နေ့မနက်ကျရင် စောစောထပြီး အသုပ်ဆိုင်ကောင်းကောင်းကို လိုက်ရှာကြရအောင်။ နင်တို့ကလည်း ဒါမျိုးတွေ မကြိုက်ဘူးဆိုတာ ငါသိပါတယ်၊ ငါတို့ညီအစ်မမှာ တူတာဆိုလို့ ရုပ်ရည်ရယ် ဒီအကြိုက်ရယ်ပဲ တူတဲ့ဟာ"

ကျွန်မရဲ့စကားအဆုံးမှာ လည့်က ခပ်ဖွဖွပြုံးပြီး . . .

"ဟုတ်တယ်နော် ဖျ . . . နောက်နေ့ ငါတို့ အဲ့အစီအစဉ်ကို အကောင်အထည်ဖော်ကြရအောင်။ ဖျန်းသစ် နင်ရော . . ."

"အမယ် . . . ငါလည်း လိုက်မှာပေါ့ဟဲ့"

ဟူသော ဖျန်းသစ်ရဲ့စကားအဆုံးတွင် ဇော်လေးသည် သူမနောသို့ တိုးတိုးကပ်ကာ တစ်စုံတစ်ခု ပြောဟန်ပြုပါတယ်၊ လည့်တို့အတွဲကလည်း ထိုအတိုင်းပြုမူတာကြောင့် ကျွန်မသည် အင်မတန်မှ စိတ်ဝင်စားသွားရပြီး သုံးယောက်ဆုံမှ ကိုဇော်မေးသည့် စိတ်ကူးကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ငါဖြင့် . . . အိမ်က ဗိုင်ဘာခွက်လေးတွေကို သတိရ လိုက်တာ။ ဒါကြီးတွေက လေးသမှလေးပဲ၊ အိမ်ပြန်ရောက်ရင် အဲဒါတွေကို ယူခဲ့ဦးမှ ငါ့ကို သတိပေးနော် . . . လည်"

လည်သည် အစက်တွေ့နေသော မျက်နှာနဲ့ ကျွန်မအား ခေါင်းကို ခပ်သွက်သွက်ညိတ်ပြပါတယ်၊ ကျွန်မက လည့်ပုံစံကို ထူးဆန်းစွာနဲ့ . . .

"ဟဲ့ . . . ဖျန်းသစ် နင်ရော မလေးဘူးလား"

ဖျန်းသစ်ကလည်း လည့်နည်းတူ ကျွန်မအား ခေါင်းပဲ ရမ်းပြတာကြောင့် ကျွန်မမှာ သည်းမခံနိုင်တော့ဘဲ . . .

"အလို . . . နင်တို့နှစ်ယောက်က ဓနရင်းထိုင်ရင်း ဘယ့် နယ် ဝစီပိတ်ဖြစ်နေရတာလဲ။ ခေါင်းတယမ်းယမ်း ခေါင်းတညိတ် ညိတ်နဲ့"

"ဒီမှာ လင်းရောင်ဖျ"

ရုတ်တရက် စားပွဲဝိုင်းထိပ် နောင်တော်ကြီးထံမှ ထွက် လာတဲ့ခေါ်သံကြောင့် ကျွန်မက ဆတ်ခနဲဖြစ်သွားချိန်တွင် . . .

"မင်းကို နားလည်မလားဆိုပြီး ကိုယ်တို့ညီအစ်ကိုက အမူအရာနဲ့ပြနေတာ၊ မင်းက နားမှမလည်တာကိုး။ ကိုယ်တို့အိမ်



မှာ အစားစားနေရင် စကားမပြောရဆိုတဲ့ စည်းကမ်းရှိတယ်။ ကိုယ်စားတဲ့အစားအစာကို ရိုရိုသေသေစားမှ အစားအစာက ကိုယ့်ကို ပြန်ရိုသေမှာပေါ့။ မင်း တိတ်တိတ်ဆိတ်ဆိတ် စားပါ"

ကျွန်မက လက်ထဲမှ စားခက်ရင်းကို ကလောင်ခနဲ မြည်အောင် ပစ်ချလိုက်ကာ . . .

"နေစမ်းပါဦး . . . ရှင့်ရဲ့အဘိဓာန်က ဆန်းကြယ်လွန်းလို့ ကျွန်မဖြင့် မှင်တက်မိပြီး စားနဲ့ခက်ရင်းတောင် လွတ်ကျတဲ့အထိ ပဲ။ ကဲ . . . ဆိုစမ်းပါဦး အစားအစာကို ရိုသေတာတော့ ကျွန်မ နားလည်ပါတယ်၊ အစားအစာက ဘယ်လိုပြန်ရိုသေမှာတုန်း။ နားမလည်လို့ တဆိတ်လောက် . . ."

သူသည် ကျွန်မအား မျက်လွှာတစ်ချက်ပင့်ကြည့်ကာ မနက်စာကို အဆုံးသတ်လေဟန်နဲ့ တစ်ရှူးဖြင့် ပါးစပ်ထောင့်ကို ခပ်ဖိဖိ ပွတ်ဆွဲကာ . . .

"မင်းကို ရှင်းပြနေလည်း ကျွဲပါးစောင်းတီးပဲ ဖြစ်မှာ။ မင်းတို့ စားပြီးရင် အမေသွင် အစည်းအဝေးခန်းကို ပို့လိုက်ပါ"

ဟုဆိုပြီးတာနဲ့ ညီအစ်ကိုသုံးယောက်သည် တစ်ပြိုင် တည်း အခန်းမှ ထွက်သွားလေပြီ။ ကျွန်မသည် စိတ်ဆိုးတောင်း

www.burmeseclassic.com

www.burmeseclassic.com



ဗွာနဲ့ တောက်တစ်ချက်ခေါက်ပြီး . . .

"တွေ့တယ်မလား။ နင်တို့ ယူချင်တဲ့ယောက်ျားတွေ စပြီး ဖိနှိပ်နေပြီ၊ မတရားကြီး ငါ့ကို ဒွဲ့လို အနိုင်ပိုင်းလို့မရဘူး။ ကြည့်နေ . . . ငါ ပြန်လုပ်ပြမယ်"

ဖျာသည် စိုသို့ဆိုကာ ဒေါသတွေနဲ့ ကဆုန်ပေါက် ကြမ်း ဝါးလို့နေလေပြီ၊ လည်တို့နစ်ယောက်သည် တခိခိနဲ့ ကျိတ်ရယ် ရင်း ဖျာ့ပုံစံကို ရယ်မဆုံးရေး။ ဖျာက နောက်ထပ် ကော်ဖီတစ်ခွက် ငုံထည့်ကာ . . .

"စောင့်ပလေ့စေ . . .ငါက ဗိုက်မဝသေးဘူး"

ဟု၍ ကျွန်မက ညစ်တျယ်ကျယ်နဲ့ ဖိမ်ဆွဲပြီးသောက် လျှင် အမေသွင်သည် ကျွန်မထံ မဝံ့မရဲကပ်ရပ်ပြီး . . .

"မမကြီးတို့ အစည်းအဝေးခန်းထဲ သွားရဦးမယ်နော်"

"ဩော် . . . ကျွန်မမှ မပြီးသေးတာ၊ စားပြီးမှ သွားတာ ပေါ့"

ဟုဆိုကာ ထပ်မံ၍ နာရီဝက်လောက်အချိန်ကို ကျတျ နန ဖြုန်းတီးဖစ်ကာ အမေသွင် ခေါ်ရာအခန်းဆီ လိုက်သွားခဲ့ပါ တယ်။

# အခန်း(၆)

အခန်းသည် အေးစိမ့်မွှေးပျံ့နေပြီး တစ်ခန်းလုံး အနီ ရောင် ကော်ဇောရှည်ကြီးက မနင်းရက်စရာအတိ၊ အခန်းကြီး အလယ်တွင် ကနုတ်တို့ဖြင့် အလှဆင်ထားသော နီညိုရောင် ဆိုဖာကြီးသုံးလုံးပေါ်တွင် သူတို့ညီအစ်ကိုသုံးယောက်က ထိုင်နေ ပြီး . . .

ကျွန်မတို့ကတော့ ရှမ္ဗိုင်းဆိုဖာ မီးခိုးရောင်ပေါ်တွင် ထိုင် ရပါတယ်၊ ကျွန်မနဲ့ သူကတော့ မျက်နှာချင်းဆိုင်ဖြစ်ပြီး လည်တို့ နှစ်ယောက်ကတော့ စုံတွဲယှဉ်ထိုင်ရလေပြီ၊

"ကိုယ်တို့ ဒီအိမ်ကြီးက အိမ်ရှင်မဖြစ်ခွင့်ရကံ့လူတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီအခန်းထဲဝင်ခွင့်ရပြီး မျိုးရိုးစဉ်ဆက် ပေလွှာတုံးတမ်းတွေကို ဖတ်ရှုခွင့်ရကြတယ်၊ အဲ့ဒီအတွက်လည်း လင်းရောင်ဖျ အပေါ် အဝင် တော်လတ်နဲ့ တော်လေးတို့ရဲ့ ဇနီးသည်တို့ပါ ကျေနပ် ဝမ်းမြောက်ကြမယ်လို့ မျှော်လင့်ထားပါတယ်"

ကျွန်မသည် စိတ်ထဲမှ "ပဲကြီးကို ရေစိမ်ရင်တောင် အင်း တို့လောက် ဖင်ခေါင်းပွမယ်မထင်" ဟု ခပ်လောင်လောင် တွေး ရင်း . . . .

"စိန်တစ်တင်းပေးတာမှ မဟုတ်တာ ဝမ်းမသာနိုင် ပေါင်"

ဟု ခပ်ချိုချိုမျက်နှာပေးနဲ့ ပြောလိုက်လျှင် သူ၏ မတော် နပ်တဲ့အကြည့်ရူးရူးတွေက ကျွန်မထံ အချိန်ကြာကြာ ရောက်ရှိ နေပြီးမှ . . .

"ကိုယ်တို့ရဲ့ မျိုးရိုးအစဉ်အလာ ကျောက်စာကို လင်း ရောင်ဖျတို့ ဖတ်ရှုလိုက်နာနိုင်လိမ့်မယ်လို့ ယူဆထားပါတယ်၊ အိပ်ရှင်မတိုင်းဟာလည်း အစဉ်အဆက် လိုက်နာခဲ့တာချည်းပါပဲ၊ လိုက်နာတဲ့တန်ဖိုးဟာ စိန်တစ်တင်းမက တန်တဲ့အခွင့်အရေး တွေပါ ရှိတယ်ဆိုတာ ကြိုပြောပြပါရစေ"



"ကြီးကြီးကျယ်ကျယ်"

ဟူ၍ ကျွန်မခပ်တိုးတိုး ရေရွတ်ချိန်မှာ စိတ်ကိုတော့ အစဉ်အလာကျောက်စာကြီးက ဖမ်းစားနိုင်လွန်းလှပြီ၊ သူက တော့ ထိုင်နေရာမှ ထရပ်ရင်း ခပ်မတ်မတ် ပန်းတို့ကို မတ်ကာ

"တော်လေး ကျောက်စာဖွင့်တော့"

ဟု အမိန့်ပေးပါတယ်၊ ကျွန်မတို့ညီအစ်မတွေကတော့ တန့်လန့်ကာအနီကြီးနဲ့ ကာကွယ်ထားတဲ့ နောက်မှ ထွက်ပေါ်လာ မည့် ကျောက်စာအား စိတ်လှုပ်ရှားခြင်းကြီးစွာနဲ့ စောင့်မျှော်နေ လေပြီ၊

နောင်တော်လေးသည် ကတ္တီပါအနီရဲရဲကြီး၏ ထောင့်မှ ကြိုးရှည်ရှည်ကြီးကို ဆွဲလျှင် တဖြည်းဖြည်းနှင့် လိပ်တက်သွား သော တန့်လန့်ကာနောက်မှ ကျောက်စာတစ်ချပ်ကို ရင်သပ်ရှု မောဖွယ် တွေ့မြင်ရပါတယ်၊

"ကဲ လင်းရောင်ဖျတို့တစ်တွေ ဖတ်ကြည့်ပါဦး"

ကျွန်မရဲ့ လက်တစ်ဖက်စီကို ဖျန်းသစ်နဲ့ လည်တို့က အရောက်ဆုပ်ကိုင်ပြီး ကျောက်စာချပ်ဆီ တရွေ့ရွေ့လျှောက် လာခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ကျောက်စာမှာ ဤသို့ပင် . . .

(၁) ဤအိမ်ကြီး၏ မပျော်သီဖြစ်လာသော မိန်းမ များသည် ခင်ပွန်းလောင်းများအပေါ် ရိုကျိုးယု ဝစ်တွာ ဆက်ဆံရန် မြင့်မြတ်သော နလုံးသားမျာ ရှိသင့်ကြောင်း။

(၂) မိမိ၏ အိမ်ဦးနတ်အား ကျေနပ်သာယာသော အိမ်ထောင်တစ်ခုကို တည်ထောင်ပေးပြီး သာ ဦးရတနာကို မွေးဖွားပေးရန် တာဝန်ရှိကြောင်း

(၃) အကယ်၍ မိမိတို့မွေးဖွားသန့်စင်သောကလေ သည် သမီးရတနာဖြစ်ခဲ့လျှင် ဤအိမ်တော်ကြီ မှ ထွက်ခွာသွားရပြီး၊ ထောက်ပံ့စရိတ် တောင်းခံပေးမည်ဖြစ်ကြောင်း။

(၄) ထိုကလေးသည် မိမိဝင်စားသည့်အချိန်မှ သားဆုပန်ခြင်း၊ ကလေး၏အနာဂတ်အားပ တွက်ချက်ခြင်းမပြုစေရဘဲ ဘုရားကပင် ဆင်းပေးသော သားတော်တစ်ပါးကိုပင် လ ရမည်ဖြစ်ကြောင်း။



(၅) ဒိုတည်းမဟုတ်က မိမိ ခင်ပွန်းလောင်း၏ ဆန္ဒ ကို ပြည့်ဝစေခြင်းကို မဖြည့်ဆွမ်းနိုင်သော အကြောင်မိန်းမသည် ဤအိမ်မှ ထွက်ခွာပေးရပြီး ခင်ပွန်းလောင်းသည် မျိုးရိုးကို ထပ်ဆင့်ထိန်း သိမ်းပေးနိုင်မည့် သားကောင်းတစ်ဦးအား မွေး ဖွားပေးနိုင်သော မြင့်မြတ်ရိုကျိုးပျပ်ဝပ်သော မိန်းမတစ်ယောက်အား ရလျှားရစ်ပတ်နိုင်စေ သော်၊

ကျွန်မသည် ထိုကျောက်စာအဆုံးတွင် ခေါ်းထိုက တဖျဉ်းဖျဉ်း ဆုပ္ပက်ကာ ဒေါသအကြီးကြီးက လည်ချောင်းဝတွင် ဆို့နင့်ပိတ်ခဲနေသလို အသက်ရှူတွေဗုံ ကျပ်တည်းလာလေပြီ၊

ကျွန်မ၏ လက်နှစ်ဖက်အား ကိုယ်စီ ဆုပ်ကိုင်ထားတဲ့ လည်နဲ့ ဖျန်းသစ်တို့၏ အထိတွေသည် အားလျော့လာသလို ခံစား လာရပါတယ်၊ ကျွန်မက ခေါင်းကိုမော့ကာ မျက်နှာကြက်ဆီ လေ ခွတွေ မှုတ်ထုတ်ရင်း . . .

"ကျွန်မ ဒီကျောက်စာကို လက်မခံနိုင်ဘူး၊ ဖျက်ဆီး ပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖျ"

အထိတ်တလန့် လှည်နဲ့ ဖျန်းသစ်တို့ထံမှ တားမြစ်လို ဟန်တွေကို ဥပေက္ခာပြု၍ သူနဲ့တည့်တည့် မျက်နှာချင်းဆိုင်ပြီး ပြောစဉ်၊ သူ့အား အင်မတန်မှ မုန်းတီးစဖွယ် မထီတရီဟန်နှင့် ခေါင်းကို ခပ်လေးလေး ခါရမ်းကာ . . .

"မင်း နောက်ကျသွားပြီ လင်းရောင်ဖျ။ ခုချိန် မင်းက ကိုသိုနဲ့ တရားဝင်ဇနီးဖြစ်နေပြီ၊ မင်းရဲ့အပြောနဲ့မဲ တွန်းလှန်နိုင် လိမ့်မယ်၊ လက်တွေ့မှာတော့ မင်းဟာ ဒီအချက်တွေကိုပဲ လိုက် နာရလိမ့်မယ် လင်းရောင်ဖျ၊ ကိုယ် စိတ်မကောင်းပါဘူး"

"ရှင် စိတ်မကောင်းမှန်း ကျွန်မ သိသားပဲ၊ ရှင်တို့လို စိတ် မနဲ့တဲ့လူတွေသာ ဒီလိုရှုးကြောင်ကြောင် လုပ်ရပ်မျိုးကို လုပ်မှာ ကျွန်မတို့ကတော့ ရှင်တို့ ရှုးတိုင်း လိုက်မရှုးနိုင်ဘူး"

ကျွန်မသည် ထိုသို့ နာကျင်မှုတွေ အပြည့်အသိပ်နဲ့ ထောင်ပေမယ့် သူ့ မျက်ဝန်းတွေနဲ့ အပြုံးတွေထဲမှာ အောင်နိုင် တွေကို တရိပ်ရိပ်နဲ့ ထင်ဟပ်နေပါတယ်၊

"ဒါတော့ ကိုယ် နားမလည်ဘူး လင်းရောင်ဖျ၊ ကိုယ့် အမေ၊ ကိုယ့်ကြီးကြီး၊ ကိုယ့်အဒေါ်တွေအားလုံးဟာ ဒီကျောက်



တွေထဲက အတိုင်း အကျုံးဝင်ခဲ့တာပဲ၊ ဒါကို ပယ်ဖျက်လို့ မရဘူး"

"ရှင်တို့ ဒီလောက်တောင် ရှေးရိုးဆိုတာကြီးကို မက်မော တွယ်နေရင် အဲ့ဒီလို ရှေးရိုးအဝတ်အစားတွေဝတ်ပါလား၊ အစီးဒီးမစီးနဲ့ ဝေါယာဉ်နဲ့သွားပေါ့၊ အမိပွာယ်မဲ့လွန်းတာက ထင်း ထင်းကြီးကို ပေါ်နေတာပဲ ကိုနှောင်တော်ကြီးရဲ့၊ ဒါ မိန်းမတွေကို သက်သက်မဲ့ ဖိနှိပ်ချင်တာ"

ကျွန်မသည် စိတ်ရှိလက်ရှိ သူ့မေးရိုးကို လက်သီးတစ်လုံး ခပ်သွက်သွက် ပစ်သွင်းချင်ပါရဲ့၊ အိမ်မှာတုန်းကလို ခုံတွေကို စိတ်တိုင်းကျ ကန်ကျောက် ဝုန်းဒိုင်းကြဲချင်ပါရဲ့ . . .၊

သူကတော့ လက်သီးနှစ်ဖက် ခပ်တင်းတင်းဆုပ်ကာ ဒေါသတကြီးစိုက်ကြည့်နေတဲ့ ကျွန်မအား စိတ်အေးလက်အေး ကြည့်ရင်း . . .

"မင်း အတော်ကြီးခံစားနေရတာပဲ လင်းရောင်ဖျ၊ ဒါ ပေမယ့် ဒီကျောက်စာက ဘယ်လိုမှကို ပယ်ရှားလို့မဖြစ်တာ၊ ကိုယ်တို့မျိုးရိုးထဲမှာ သားယောက်ျားလေးကို ဘုရင်လို ကိုးကွယ် ကြတာ လင်းရောင်ဖျရဲ့၊ ထိုင်တာတာအစ မင်းကိုမိန်းမတွေ

www.burmeseclassic.com



အဲတော့ မင်း ကိုယ့်အတွက် သားယောကျ်ားလေးတစ်ယောက် မွေးဖွားပေးနိုင်အောင် ကြိုးစားပေါ့"

ကျွန်မသည် သူ့စကားဆုံးမှ ကိုယ်ထိုင်ရတဲ့ ခုံ၊ သူထိုင်နေတဲ့ ခုံကို ဖျတ်ခနဲ နှိုင်းယှဉ်ကြည့်မိပါတယ်။

အိုး . . . ဟုတ်ပါရဲ့။ သူတို့ခုံတွေဟာ ထည်ဝါတောက်ပြောင်လွန်းပြီး ကျွန်မတို့ ထိုင်ခုံဟာ သေးနုပ်သိမ်ဖျင်းသလောင်း။

ကျွန်မသည် စိတ်လိုက်မာန်ပါနဲ့ သူ့ကို စေ့စေ့ကြည့်ကာ . . .

BURMESE CLASSIC .com

"ရှင် ကျွန်မကို ဖိနှိပ်ချုပ်ချယ်ဖို့ ဘယ်တော့မှ မကြိုးစားနဲ့။ ရှင်ပဲ အသက်တိုပြီး မြန်မြန်သေရလိမ့်မယ်။ ကျွန်မကတော့ ရှင်ရဲ့ ဖိနှိပ်ခံ မိန်းမဖြစ်လာမှာ မဟုတ်ဘူး။ အဲဒါကို ရှင် မြဲမြဲ မှတ်ထား"

ဟူ၍ စကားဆုံးတာနဲ့ ကျွန်တော့်ကို ဆောင့်ခနဲ ဝိတ်တွန်းပစ်ကာ အခန်းထဲမှ ပြေးထွက်သွားတဲ့ သူမကျောပြင်ကို ပျောက်ကွယ်သွားတဲ့အထိ ငေးမောနေမိပါတယ်။

"ကိုကြီး ဖျကို တွေ့မယ့်ပါနဲ့နော်။ ဖျက စိတ်ရင်းကောင်းပေမယ့် ယောကျ်ားတွေကို မုန်းတီးတဲ့စိတ်က သူ့ရဲ့စိတ်နေ



အတော်များများကို ဖုံးလွှမ်းထားလို့ပါ။ ဖြစ်သွားတဲ့ကိစ္စအတွက် လည်တို့ တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် ကိုကြီး ဖျန်းသစ်လည်း တောင်းပန်ပါတယ်"

ဖျန်းသစ်နှင့်လည်တို့သည် စိတ်တူကိုယ်တူ နောင်တော်ကြီးအား ခပ်မြန်မြန်ပင် တောင်းပန်ရပါသည်။ ကြင်စဦး ဇနီးမောင်နှံဘဝမှာ စိတ် အနှောင့်အယှက် မဖြစ်လိုပေ။

ထိုကျောက်စာထဲမှ အကြောင်းအရာ တော်တော်များများသည် လက်မခံနိုင်လွန်းပေမယ့် ယုံကြည်ကိုးကွယ်တဲ့ ချစ်ခြင်းတစ်ခုကို မှီတွယ်ကာ တော်လတ်နဲ့ တော်လေးတို့ကို သိမ်းသွင်းဖြားယောင်းနိုင်ပါမည်ဟု မျှော်လင့်ထားရပါတယ်။

"ရပါတယ် လင်းရောင်ဖျက နောက်ပိုင်းကျတော့ အချိုးအကျဖြစ်သွားမှာပါ။ စစချင်း ရုတ်တရက် ပြောင်းလဲဖို့ကတော့ သူ့အတွက် ဘယ်လွယ်ပါဦးမလဲ"

သူမတို့နှစ်ယောက်ကတော့ စိတ်ထဲမှ မထင် မထင်ဟာ ဖြစ်နေခဲ့ပြီး၊ အပြင်ဘက်မှာတော့ မှင်မှောင်းအပြည့်နဲ့ ခေါင်းညိတ်ညိတ် လုပ်နေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်လတ်တို့ နောင်တော်ကြီးကတော့ သူမတို့နှစ်ယောက်အား သဘောကျဟန်နဲ့ ကြည့်နေပြီးမှ . . .

"ကဲ တော်လတ်နဲ့ တော်လေးရေ သွားနားလို့ရပြီ"

ဟု ကျွန်တော်ဆိုမှ တော်လတ်နှင့် တော်လေးတို့သည် သူတို့၏ဖိနပ်လက်တို့ကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း အခန်းထဲမှ ထွက်သွားကြပါတယ်။

ကျွန်တော်ကတော့ စုးလက်လက် မျက်ဝန်းတွေ၊ တစ်ခွန်းမခံ ပြန်ရန်ထောင်တတ်တဲ့ နှုတ်ခမ်းတွေကို ရင်နဲ့မမျှအောင် အံ့ဩရှမောဖြစ်ရလေပြီ။

ကျွန်တော့်တစ်သက်တွင် ယောက်ျားတွေဆိုသမျှ တစ်သွေးတစ်သံတစ်မိန့် နာခံကာ ခေါင်းတညိတ်ညိတ် ဖြစ်ယောင်ယောင် နှုတ်လှန်မထိုးတဲ့ မိန်းမတွေထဲတွင် . . .

ကျွန်တော် လက်ထပ်ထားသော လင်းရောင်ဖျအား အချိုးညီညီ ထုဆစ်နိုင်လျှင် မျိုးရိုးဓလေ့တစ်လျှောက်တွင် အတော်ကို ရာဇဝင်စာတင်မည့် အဖြစ်ပင်တည်း။

× × ×

# အခန်း(၇)

ကျွန်မနှင့် သူကြားတွင် တစ်နေ့တစ်နေ့ ပြဿနာ ပဋိပက္ခတို့က ခေါင်းစဉ်မရှိနိုင်အောင် ပြောင်းလဲလျက်ရှိပြီး၊ ထိုဖြစ်ရပ်တို့သည် ဖိနှိပ်လိုခြင်းနဲ့ ပုန်ကန်တော်လှန်လိုခြင်းတို့မှ အစပြုခဲ့ခြင်းပင်။

ကျွန်မ၏ ပြဿနာတိုင်းတွင် ဖျန်းသစ်နှင့် လည်တို့သည် မီးရထားတွဲကြီးလို တစ်တွဲကြီးပါဝင်တတ်ပြီး သူမတို့ စိတ်ပေါ်ချင်တောင် ကျွန်မက အတင်းဆွဲသွင်းခဲ့တာချည်းပင်။

ခုကိစ္စတွင်တော့ ပေညီလည် အကြောက်အကန်ငြင်းဆန်လျက်ရှိပြီး . . .

www.burmeseclassic.com



"မလုပ်ပါနဲ့ ဖျရာ။ ငါတို့ ခုချိန်မှ အင်းလျားသွားရင် မိုးချုပ်မှ ပြန်ရောက်လိမ့်မယ်၊ အဲဒီကျရင် ကျိုင်တွေပူကုန်မှာ"

"နှင်ကလည်းဟာ ကြောက်မနေစမ်းပါနဲ့ ကျိုင်ပူရင် ငါ ရှင်းမယ်၊ ပြီးတော့ အဲအချိန် နှင့် ခင်ပွန်းလောင်းတို့ ညီအစ်ကို တစ်တွေ ဆွေးနွေးပွဲ တရင်းစစ်ပွဲက ပြီးဦးမှာ မဟုတ်ဘူး စိတ်ချ"

ဟု ကျွန်မဆိုလျှင် အင်းလျားအား ကျွန်မနည်းပါး ရှုး သွပ်တဲ့ ဖျန်းသစ်ထံမှ . . .

"အေးဟဲ့ . . . ဟုတ်တော့ ဟုတ်တယ်နော်"

ဟူသော ဇဝေဇဝါအသံကို ကြားရလျှင် ကျွန်မက လည်အား . . .

"ဖျန်းသစ်တောင် လက်ခံနေပြီ။ နှင် တော်လတ်ကို မပိုင်ဘူးလား။ နှင်ရော တော်လေးကို မပိုင်ဘူးလား"

"ဩော် . . .နှင်ကတော့ တော်ကြီးကို ပိုင်တယ်ပေါ့ ဟုတ်လား ဖျ"

ကျွန်မအား အကွက်တွေ့ဟန် ပြုံးစစနဲ့ လည်က နှိပ်ကွပ်လျှင် ကျွန်မ သူမျက်နှာကို မြင်ယောင်မှန်းတီးကာ . . .

"ငါက သူကိုချဲလင်း(န်)ခေါ်ရတာ သူနစ်သက်မြတ်နိုး



တဲ့အရာမှန်သမျှ ငါ ပုန်ကန်ခြားနားပစ်မယ်လို့ ဆုံးဖြတ်ထားတယ်"

"အငြိုးအတေးက အကြီးစားကြီးပဲ"

ဟု ဖျန်းသစ်က မှတ်ချက်ချပါတယ်။ ဤသို့ဖြင့် ကျွန်မ ဦးဆောင်တဲ့အဖွဲ့က အင်းလျားကို စိတ်ပါလက်ပါမြင် တက်ကုန် ခွင့်လာပါတယ်၊

ကျွန်မသည် အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ သူတို့ ညီအစ်ကိုတွေစီးတဲ့ မာစီးဒီးသုံးစီးထဲမှ သူ စီးနေကျ ကြက်ဥနှစ် ရောင်နှစ်နှစ် မာစီးဒီးကြီးကို ဆွဲယူမောင်း၍ ဖျန်းသစ်နဲ့လည်တို့ မှာ သွေးပျက်၍ မဆုံးရေ။

"နှင်ဟာလေ တကယ့်ပျားအုံကြီးကိုမှ တုတ်နဲ့ထိုးတာ၊ ဆိုလိုကားနဲ့ ကိုယ် သွားတာမဟုတ်ဘူး။ ကိုနောင်တော်ကြီးသာ ဆွေ့ဆွေ့တွေခုန်နေမှာ"

"စိတ်ချ . . . သူယူထားတဲ့ တရားဝင်မိန်းမကို သူ ပြန်ပြီး ထားခွဲလို့မရပါဘူးဟ၊ ငါက သူ့ဒေါသကို နည်းနည်းဆွပေးရုံ လည်းရှာ"

ဟူ၍ ကျွန်မသည် သူ၏ဒေါသတွေ ထွက်နေပုံကို မြင်

www.burmeseclassic.com



ယောင်ပုံဖော်ရင်း အလွန့် အလွန်ကို ကျေနပ်အူမြူးနေပေပြီ။ ဖျန်းသစ်နဲ့ လည့်ကာတော့ အင်းလျားရောက်သည်ထိ တစ်လမ်းလုံး စိတ်ညစ်တယ်ဆိုတာကိုပဲ ဂါထာရွတ်သလို ရွတ်လာခဲ့ကြပါတယ်။

ကျွန်မကတော့ အင်းလျားလေ့ကားထစ်တွေပေါ်မှာ လွတ်လွတ်လပ်လပ် တွေ့မြင်ခွင့်ရတဲ့ လဝန်းပြည့်ပြည့်ကြီးရယ်၊ နက်ပြာရောင် မှုန်တိမှုန်ဝါး ရေပြင်ကြီးရယ်ကို တဝကြီးငေးရင်း

"ကြည့်စမ်း လွတ်လပ်ပေါ့ပါးတဲ့ စိတ်မျိုးကို ဖန်တီးပေးနိုင်တာ၊ ဒီမြင်ကွင်းမျိုး ဒီနေရာမျိုးပဲ ရှိတယ်။ ဘယ်လောက် ရှင်လန်းတက်ကြွစေလဲ။ နင်တို့တစ်တွေ ခံစားကြည့်စမ်း"

"ဟော့ . . .ဟော့ . . . နားထောင်စမ်း။ ဖျပါးဝပ်ကထွက်ကျလာတဲ့ အသုံးအနှုန်းတွေ ပျော့ပျောင်းညင်သာနေသလိုပဲ"

"ဒီလိုဆိုတော့ ဖျမှာ ခံစားတတ်တဲ့ အသည်းနှလုံး ရှိသား"

"အံမယ် ဒါ အသည်းနှလုံးမဟုတ်ဘူးဟဲ့။ အနုပညာရဲ့ ဓာတ်တစ်မျိုး ငါ့ရင်ထဲမှာကိန်းဝပ်နေတာ၊ အသည်းနှလုံးက နှလုံးခုန်ဖို့ ရှိကို ရှိနေရမှာ"



ဟူ၍ ကျွန်မက ပြန်တုံ့ပြန်လျှင် သူမတို့နှစ်ယောက်သည် ဘာကြောင့်မှန်းမသိ ခိုးခိုးခစ်ခစ် ရယ်မောပါတယ်။ ပြီးလျှင် သုံးယောက်သား ကန်ပေါင်တစ်လျှောက် စိတ်ဝင်စားစရာ အတွဲရှိလျှင် တစ်ယောက်လက် တစ်ယောက် ခပ်တင်းတင်းဆုပ်ကိုင်ကာ ချောင်း။ အတွဲတွေက ရိပ်မိလို့ လှည့်ကြည့်လျှင် ဝုန်းခနဲ ထပြေးနဲ့၊ အတော်ကြီး လွတ်လပ်ပေါ့ပါးကာနေလေပြီ။

ကျွန်မတို့သုံးယောက်သည် အားပါးတရ လေညှင်းခံ စိတ်တိုင်းကျသည်အထိ မြူးတူးပြီး၊ အိမ်သို့ပြန်ရောက်သည့်အချိန်တွင် ပြဿနာက အဆင်သင့်စောင့်လို့နေပေပြီ။

လည်းနဲ့ ဖျန်းသစ်က ကျွန်မနောက်မှ ကပ်ဝင်တာ . . .

"မြတ်စွာဘုရား သုံးယောက်စလုံး ဧည့်ခန်းမှာ ထိုင်စောင့်နေပုံထောက်ရင် စစ်ပွဲက ကြီးမားမှာ"

"သူတို့ အစည်းအဝေးကလည်း ဒီနေ့မှ စောပြီးရသလား။ ငါ စိတ်ညစ်ပါတယ်"

ဟု တစ်ယောက်တစ်ပေါက်စီ ရေရွတ်နေပါတယ်၊ ကျွန်မကတော့ ဘာကိုမှ ဂရုမစိုက်ဟန်နဲ့ ဝင်သွားလျှင် ဒေါ်ဩမီး အလျှံတပြီးပြီးထွက်နေတဲ့ မျက်ဝန်းအစုံနဲ့ ကျွန်မကို ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"ဒါက ဘယ်ကပြန်လာတာလဲ လင်းရောင်ဖျ"

သူ့အသံက ဒေါသတွေကို မတန်တဆချုပ်တည်းထားရတဲ့ အသံပါ။

"ကျွန်မ ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာ ရှင့်ကို ပြောပြဖို့ လိုအပ်လို့လား"

ကျွန်တော်သည် သူမ၏ဆောင့်ကြွားကြွား ကျိုးနွံခြင်းမရှိတဲ့ ဟန်ပန်တို့ကြောင့် နာရင်းတွေ ဘာတွေ ပိတ်ပြီး အုပ်ပစ်ချင်တဲ့အထိ စိတ်တို့က ရှိန်းစိုင်းလာပါတယ်။

"တောက် . . .လိုအပ်တာပေါ့ကွ။ ငါက မင်းရဲ့အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်။ မင်း ဘယ်သွားတယ် ဘာလုပ်တယ် အကုန် ငါ သိဖို့လိုတယ်"

"ဒီလိုလား . . . ကျွန်မတို့ အင်းလျားမှာ လေညှင်းခံတယ်။ လမ်းလျှောက်တယ်၊ တဲ ရှင်သိဖို့လိုအပ်တာတွေ ပြောပြပြီးပြီ။ ရှင် ဘာဆက်လုပ်မှာလဲ"

"ဟ . . . ဘာဆက်လုပ်ရမလဲ၊ ဒီလို ညကြီးမင်းကြီး မင်း သွားချင်တိုင်းသွားတဲ့ကိစ္စ ပိတ်ပင်ရမှာပေါ့။ ဒါ နောက်ဆုံးဖြစ်ပါ



စေ . . .နောက်တစ်ခါ အဲလိုမထွက်ပါနဲ့"

"ရှင် . . . တခြားမိန်းမကို သွားပြော၊ ကျွန်မကတော့ ဒုန့်(န်)ကဲပဲ၊ ကျွန်မကို အာဏာတွေ ပါဝါတွေပြဖို့ စိတ်မကူးနဲ့ ရှင် ရှုံးသွားလိမ့်မယ်"

ရန်ပွဲက တစ်စထက် တစ်စ အရှိန်ထက်လာချေပြီ။ ညှိခန်းအလယ်ခေါင် တည့်တည့်တွင် အငြိုးတကြီး ဒေါသတွေ တဝေဝေနဲ့ စိုက်ကြည့်နေတဲ့ ထိုလူသားနှစ်ယောက်ကို ပွဲကြည့် ပရိသတ်ဖြစ်တဲ့ နောင်လတ်တို့လေးယောက်က ငေးရုံမှလွဲ၍ ဘာမှ မတတ်နိုင်ပေ။

"မင်း ဒီအိမ်မှာနေရင် ဒီအိမ်ရဲ့စည်းကမ်းကို လိုက်နာရလိမ့်မယ် လင်းရောင်ဖျ။ ငါတို့ရဲ့မျိုးရိုးစဉ်ဆက်မှာ မိန်းမတွေဟာ ယောကျ်ားသားမပါဘဲ နေဝင်ရီတရောတောင် အိမ်ပြင်မထွက်ဘူးကွ။ မင်းနဂိုက ဘယ်လိုစရိုက်မျိုးနဲ့ တေခဲ့တေခဲ့ ခုချိန်မှာတော့ မိန်းမပြတ်တစ်ယောက်လို ကျင့်ကြံနေထိုင်စမ်းပါ"

သူက ကျွန်မကို လက်ညှိုးငေါက်ငေါက်ထိုးကာ ထိုသို့ ပြောလျှင် ကျွန်မသည် ရေနွေးပူနဲ့ မျက်နှာအပက်ခံရသလို ထူ အမ်းပူနွေးသွားရပါတယ်။ ကျွန်မရဲ့ နာကြည်းမျှသိစိတ်တို့က

www.burmeseclassic.com



ဝုန်းခနဲ ထကြွလာပြီး . . .

"ရှင် မပေါ်ကားနဲ့"

လို့ အသံတွေပြာတဲ့အထိ ကျုံးအော်ဟစ်ကာ . . .

"ခေတ်ကို နောက်ပြန်ဆွဲပြီး မျိုးရိုး မှီတက်တဲ့အထဲမှာ မှိုင်းမိနေတဲ့သူ။ အလင်္ကာလောကကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ မလျှောက်ရဲတဲ့လူ။ ရှင်သာ အိပ်မက်မက်မနေနဲ့ ဒီခေတ်က သက်ဦးဆံပိုင်ခေတ် မဟုတ်တော့ဘူး။ ရှင့် ဗီတိုအာဏာတွေသုံးလည်း ကျွန်မအတွက် အကျိုးမဝင်ဘူး ရှင် အဲဒါကို မြဲမြဲမှတ်ထား"

ထိုသို့ တရစပ်အော်ဟစ်ကာ လင်းရောင်ဖျသည့် ကျွန်တော့်အား ကျော်ဖြတ်၍ လှေကားပေါ် ပြေးတက်ကာ ကျယ်လောင်သော တံခါးပိတ်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

"တောက် . . . ဒီမိန်းမကွာ"

ကျွန်တော့်ရင်ထဲ မုန်တိုင်းတစ်စင်း ဝင်မွှေနေသလို ဒေါသတို့က အရှိန်အဟုန်ပြင်းပြင်းနဲ့ လှုပ်ရမ်းနေပေပြီ၊ ကျွန်တော်သည် မျိုသိပ်မရစွာ မျက်စိရှေ့၌ ကြွေပန်းအိုးကြီးကို ခြေထောက်နဲ့ ဝုန်းခနဲ ပိတ်ကန်ကာ အိမ်ပေါ်ထပ်ရှိ [illegible]န်းလွတ်တစ်ခု



ထဲ ဝင်လာခဲ့ပါတယ်။

"ဒုန်း . . . ခလွမ်း . . . ခလွမ်း"

တစ်စစီကြဲပြန့်နေတဲ့ ပန်းအိုးစတွေကို ဖျန်းသစ်က တွေတွေကြည့်ကာ . . .

"နမြောစရာကြီး"

ဟု မသဲမကွဲ ရေရွတ်ပါတယ်။ တော်လေးကတော့ . . .

"အမေသွင် လာပါဦး။ ဒီမှာ တစ်ယောက်ယောက်ကို ရှင်းခိုင်းပါဦး"

ဟု ဆိုလေပြီး၊ တော်လတ်သည် သတ်တမ်းတစ်လျှောက် ကိုကြီး ထိုသို့ ကြမ်းတမ်းစွာ ပေါက်ကွဲမှုနဲ့ ကြီးမားတဲ့ စိတ်အနှောင့်အယှက်ပေးသူမရှိတဲ့ဘဝကို မြန်အောက်မေ့ကာ လည့်ကို အခန်းထဲခေါ်လာရင်း . . .

"လည်ရဲ့ ဖျကိုလည်း နားနည်း ဖျောင်းဖျပေးပါကွာ။ ကိုကြီး တော်တော် ထိသွားပုံရတာ။ ကိုကြီးက ကိုယ်တို့ သုံးယောက်ထဲမှာ ဝေလေ့ထုံးစံကို အစွဲလမ်းဆုံး အလိုက်နာဆုံး လည်

[illegible]

"အမယ် သူကိုကြီးလည်း ထိရော မခံနိုင်ဘူးလားပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ကိုလည်း လည်တို့နဲ့နေတဲ့ တစ်လျှောက်လုံး ချုပ်ချယ်ဖိနှိပ်လို့ ဘယ်တုန်းကမှ မရတာ၊ မွေးထုတ်ပေးတဲ့ မေမေတောင် ဖျရဲ့ စိတ်ကို လက်မြှောက်ပေးထားရတာ၊ ဖျက်ို ဖိနှိပ်ရင် သူက ခံမှာ ကို မဟုတ်ဘူး၊ သူ့အခ်ကို ထိတာနဲ့ သူ့များအစ်မကို . . .

ဟု လည်က ဖျက်ို ထိလျှင် မခံနိုင်စွာ ပွစိပွစိဆိုလျှင် သူက လည့်မျက်နှာကို အတင်းလိုက်ကြည့်ကာ . . .

"ဟေ့ . . . ဒါဆွေးနွေးနေတာနော် ရန်မဖြစ်ကြေး၊ စိတ် မကောက်ကြနဲ့။ နှုတ်ခမ်းမဆူကြေး . . . ဒါပဲ . . . ဒါပဲ"

ဟူသော စကားကို အသဲအသန်ဆိုကာ လည့်ကို အာရုံ လွှဲသောအနေဖြင့် . . .

"ကဲ . . . တလေးမ T.V Game ဆော့မယ် ထ . . . ထ"

ဟု လက်ကို အတင်းဆွဲကာ တီဗွီရှေ့ခေါ်လာပြီး ကစား နည်းမျိုးစုံဖြင့် သူမအား ဖျော့ဖြေရပါတယ်၊ ထိုအခါမျိုးတွင် သူမ လေးက နှုတ်ခမ်းတို့ ခပ်ဆူဆူလုပ်ကာ အနိုင်ရအောင် ညစ်တီး ညစ်ပတ်နဲ့ အကျင့်ပုတ်ပုတ်နှင့် ဆော့ကာ . . .

"ဟေ့ လည်နိုင်ပြီနော်၊ တော်လတ် လည့်ကို ဂျာနယ် ဖတ်ပြ"



သူ့အားဂျာနယ်တစ်ထပ်ကြီး ထိုးပေးကာ သူ့ရင်ခွင်ထဲ တိုးဝင်၍ တလေးငယ်တစ်ယောက်လို ကြည်စင်တဲ့မျက်နှာလေးနဲ့ ကြွမှုတတ်ပါတယ်၊

သူကတော့ ကိုကြီးမသိအောင် ထိုအပြုအမူထဲမှာ နစ် ဝင်နေပေပြီ၊ သူနဲ့အတူ တော်လေးသည် ထိုသို့ ပျော်ဝင်နေတာ ပင်၊

တော်လေးအား ဖျန်းသစ်က ဆွဲဆောင်သောနည်းမှာ

"တော်လေးနော် ဖျ မကောင်းကြောင်း လာမပြောနဲ့၊ ဖျန်းသစ် ခံနိုင်မှာ မဟုတ်ဘူး၊ ဖျန်းသစ်လည်း ကိုကြီးအကြောင်း ပုံးဝမကောင်းမပြောဘူး . . . ဒါပဲဟေ့"

ဟု ရိုးရိုးစင်းစင်းပင် ဆွဲဆောင်တတ်ပါတယ်၊ ထိုအခါ မျိုးတွင် တော်လေးက ဖျန်းသစ်အား ပွေ့ချီမွှေ့ယမ်းရင်း . . .

"လာပါ မိန်းမရာ စိတ်ရှည်းပဲ . . . မပြောဘူး . . . ပြီးရော ပြီးရော"

ဆိုရပြီလေပြီ၊ ဖျန်းသစ်ကတော့ သူ့ဆံပင်ဖျော့ဖျော့စင်း ပင်လေးတွေကို မွှတကြဲအောင် ဖွပစ်ရင်း . . .

"အချစ်ဆိုတာ အင်မတန် ကြည်နူးစရာ အချိန်ကာ

www.burmeseclassic.com

www.burmeseclassic.com



အချိုးတုံး သကြားလုံးလေးဖြစ်မှန်း သူတို့တစ်တွေ မသိကြတာ သနားစရာ"

ဟုဆိုကာ လန်းဆန်းစိမ်းစိုပြီး အရိပ်ရနိုင်တဲ့ ချစ်ခြင်းတစ်ရုအား အကြီးအကျယ်ကို ယုံကြည်ကိုးကွယ်ရလေပြီတည်း။

× × ×

"တေ့ လည်ရေ လုပ်ပါဦး။ ကျုပ်ရဲ့ အိတ်ထဲက ဓါရှိသော ထည့်ပေး။ ဖျန်းသစ်ရေ . . . ငါ့အတွက် ကော်ဖီ အသင့်ဖြင်နိုင်ထားနော်။ အောက်ရောက်တာနဲ့ တစ်ကျိုက်တည်းမော့ပြီး ဆိုင်ကို ပြေးမှ။ မနေ့က နောက်ကျတော့ ဖောက်သည်နှစ်ယောက်တောင် ဆုံးရှုံး၊ ငွေနှစ်သောင်းလောက် ရှုံးတာပေါ့"

ဟူသော ဆူညံပွက်လောရိုက်သံတွေနဲ့ အတူ အဖေ ထပ်မှ ကသောကမျော ဆင်းလာသံတွေကိုပါ ကြားရပါတယ်။ ဒီလို ဖရိုဖရဲ မနက်ခင်းမျိုး သူမ မည်မျှ ဖန်တီးထားပြီလဲ မသိပါ။

ဒီနေ့မနက်အောင် ရှိသမျှ တာဝန်တွေ တော်လတ်ထိုနဲ့ လွှဲပြီး သူမကို စောင့်ဖမ်းရခြင်းကြောင့် ဖြတ်စဉ်းတော



နံနက်ခင်းမှာ ကျွန်တော် ပါဝင်ခွင့်ရခြင်းဖြစ်။

သူမသည် ဧည့်ခန်းထဲတွင်ထိုင်နေသော ကျွန်တော့်ကို တွေ့လိုက်ချိန်မှာ အံ့ဩဟန်နဲ့ မျက်ဝန်းတို့က ဝိုင်းစက်သွားပြီး ချက်ချင်း တန်ဆည်ကာ ဖြတ်ရှောက်သွားပါတယ်။

"လင်းရောင်ဖျ"

ကျွန်တော့်ခေါ်သံအဆုံးမှာ သူမက "ဘာလဲ" ဟု မေးတာနဲ့ မေးဆတ်ပြပါတယ်။

"ဘယ်သွားမလို့လဲ လင်းရောင်ဖျ"

"အဲဒါ ရှင့်အပူတစ်ပြားမှ မပါဘူးထင်တယ်"

"မင်းဟာ တရားခံလက်ထပ်ထားတဲ့ ငါ့မိန်းမဗို့ မင်းတိစ္စလည်း ငါကိစ္စပဲ"

ကျွန်တော် သူမ မနှစ်မြို့တဲ့စကားကို ထိုသို့ရွေးပြော လျှင် သူမမှာ နားနှစ်ဖက်ကို စုပိတ်ကာ . . .

"တော်စမ်းပါ ကြားရတာ စိးသက်လွန်းလို့။ ရှင် ကျွန်မ ကို အဲဒါကြီးနဲ့ လာ လာ မဖိနဲ့နော် ကျွန်မ ဂရုစိုက်မှာ မဟုတ်ဘူး"

"မင်း ဂရုမစိုက်လည်း ငါက ပြောရမှာပဲ။ မင်း ဖွင့်နေတဲ့ ဆိုင်ကိုပိတ်ပါ။ နောင်တော်ကြီးရဲ့ ဇနီးတစ်ယောက် အနေနဲ့ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ခပ်နုပ်နုပ်ဆိုင်ဖွင့်တာဟာ သိတ္တာကျလွန်းတယ်"

ကျွန်မသည် သူသုံးနှုန်းတဲ့ "ခပ်နုပ်နုပ်" ဆိုတဲ့စကား
ကြောင့် မခံချင်စိတ်နဲ့ မာနတို့သည် လွှားခနဲ ကိုယ်ပေါ်ခုန်အုပ်
ရသလို သူ့အား ခပ်စေ့စေ့ကြည့်ရင်း . . .

"ဒီမှာ ကိုနောခ်တော်ကြီး ကျွန်မဆိုင်ကို ခပ်နုပ်နုပ်ဆိုပြီ
ရှင်က ဘယ်ပေတံနဲ့တိုင်းတာတုန်း။ ကျွန်မဆိုင်က ပစ္စည်းတွေဟ
စက်ခ့ပူတို့၊ ဂျပန်တို့က တင်သွင်းတဲ့ ပစ္စည်းချည်းပဲ၊ အားလုံးရဲ
တန်ဖိုးဟာ ဒီခေတ်ကာလနဲ့တွက်ရင် မနည်းတဲ့ အရင်းအနှီး စိုက်
ထုတ်ထားတာပါ။ ကျွန်မကို အဲလို မစော်ကားပါနဲ့"

ဟု ဒေါသတလှိုက်လှိုက်နဲ့ တရစပ် ကျွန်မက ဆိုအပြီ
တွင် သူက ခေါင်းကို လှန်ချကာ အူလှိုက်သည်းလှိုက် ရယ်မော
ပြီး . . .

"လှင်းရောင်ဖျ . . . မင်းရဲ့ဆိုင်က တစ်သောင်းတန်
ပစ္စည်း တစ်နေ့ ဘယ်နှစ်ခုထွက်တုန်း။ ကိုယ့်ဟိုတယ်မှာ နိုင်ငံခြ
ဝင်ငွေနဲ့တည်းတဲ့ တည်းခိုသူမျိုး တစ်နေ့ကို အယောက် ၂၀ ထေ
မနည်းရှိတာကွ။ ဒီတော့ မင်းရဲ့တစ်နေ့ဆိုင်ဖွင့်တဲ့ ဝင်ငွေဟ
ကိုယ့်ဝင်ငွေနဲ့ယှဉ်ရင် ခပ်နုပ်နုပ်ပဲဆိုတာ မင်း ငြင်းမလား"



"အို ဘာလို့မငြင်းနိုင်ရမှာလဲ၊ ကျွန်မရဲ့တန်ဖိုးထားမြတ်
နိုးမှုနဲ့ ရှင်ရဲ့တန်ဖိုးထားမြတ်နိုးမှု နှိုင်းလို့မှ မရတာ၊ ကျွန်မက
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဒီဆိုင်ကို ထူထောင်ခဲ့ရတာ၊
မိဘအရောင်နဲ့တောက်ပြောင်နေတာမျိုး မဟုတ်လို့ ဒီဆိုင်ကို
တန်ဖိုးထားတယ်၊ ကျွန်မ ဆိုင်ကို လက်လွှတ်စပယ် တစ်ရက်
တောင် မထားနိုင်ဘူး၊ သိကြားမင်းလာတားလည်း မဖျက်နိုင်ဘူး။
ကျွန်မဘဝရဲ့ရပ်တည်မှုအတွက် ဒီဆိုင်လေးက လုံခြုံဖြည့်ဝ
တယ်။ ကဲ ရှင်နားလည်ပြီနော်"

သူမသည် ကျွန်တော် ဘာစကားမှ မချေပနိုင်မီ ကျွန်
တော့်ရှေ့မှ လှလှပပ ထွက်သွားလေပြီ၊ သူမနောက်မှ သော့တွဲ
တွေ ကတ်တလောက်တစ်ထပ်ကြီး ကိုင်ကာ ဖျန်းသစ်စနဲ့ လတ်
လတ်လည်တို့ သူမနောက်မှ ခစ်သွှက်သွက် လိုက်ကာ ကျွန်
တော့်အား မအီမလည်နဲ့ ပြုံးပြကြပါတယ်။

ဤသို့ လင်းရောင်ဖျက အင်မတန်ကို စီးစီးပိုးပိုး နိုင်သူ
ဖြစ်တည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

ကျွန်မ၏အနိုင်ပိုင်းထိုးနက်မှုသည် သူ့ထံ ထိရောက်မှု ရှိကြောင်း နောက်တစ်နေ့နံနက်တွင် ဆိုင်သွားရန် လည်အား အခေါ်၌ သိရခြင်းပင် . . .

"လည် မနိုးသေးဘူးလား ထဟာ ဆိုင်သွားရမယ်"

ကျွန်မက လည့်အခန်းတံခါးကို တခေါက်ခေါက် ခေါက်ရင်း . . .

"ဖျူ လည်မရှိဘူးဟ၊ တော်လတ်တ ဆိုဒ်ထဲ အလည် သွားပြီ"

"ကျစ် . . . လည်ကလည်းကွာ 3 Sister ဆိုတာနဲ့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ညီတော့မလဲ၊ ရှိစေတော့ ကဲ . . . နင်ပြင်တော့ ဖျန်းသစ်"

ကျွန်မသည် အကြောင်းစုံကို မရိပ်မိသေးဘဲ ရှုံးစင်းစွာ နှိုးဆော်မေမယ့် ဖျန်းသစ်သည် မဝံ့မရဲအကြည့်မျိုးနဲ့ ကြည့်ကာ

"ဟို ဂေါ်ကိုလည်း တော်လေးက ပျော်တယ်ထဲ လှေလာ မလို့ဆိုပြီး ခေါ်ထားတယ်ဟ . . . အဲဒါ"

စကားမဆုံးမီ တတီတီနဲ့ ဟွန်းနှိပ်ပြီး ခေါ်သံကြောင့် ဖျန်းသစ်သည် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားပြီး . . .

"ဟော ခေါ်နေပြီ ဖျ ငါ သွားပြီနော်"

ဟုဆိုကာ ဒရောသောပါး ပြေးဆင်းလေပြီ၊ ကျွန်မသည် စိတ်မရှင်စွာနဲ့ . . .

"သွားကြပေ့ သွားကြ ကမ္ဘာ့အပြင်ဘက်ထိ ကြွကြ တစ်ယောက်တည်းပဲ ဆိုင်ဖွင့်မယ်"

ဟူ၍ ဒေါသထကြီးအော်ဟစ်ကာ အခန်းဘက် အလှည့်တွင် အောင်ပန်းတဝေဝေ အပြုံးမျက်နှာကြီးနဲ့ ... တော်ကြီးကို မျက်နှာချင်းဆိုင် တွေ့လိုက်ရတာမို့ ကျွန်မ တစ်ဖုံတစ်ခုကို ချက်ချင်းနားလည်ကာ သူ့ရှေ့တွင် ခြေစုံရပ်ပြီး ... ဒါ ရှင့်အကြံအကုန်ပဲပေါ့ ဟုတ်လား။ ကျွန်မ ...



တစ်စ တစ်စ ခွဲထုတ်ဖို့ ကြံရွယ်ထားတာပေါ့၊ အင်မတန် ယုတ်ညံ့တဲ့ အတွေးအခေါ်တွေနဲ့ ရှင် တော်တော် လူမဆန်တဲ့ . . . လူ"

"ဆောရီးပဲ . . . ကိုယ်က မင်းကို lesson ပေးတာပါ လင်းရောင်ဖျရဲ့၊ ဘယ်လောက်ချစ်ကြတဲ့ မောင်နှမတွေပဲ ဖြစ်ဖြစ် နောက်ဆုံးတော့ ကိုယ့်လမ်းကိုယ်လျှောက်ကြတဲ့ သူတွေပါပဲ၊ အဲ့ဒါကို မင်းသိအောင် ကိုယ်က လုပ်ပြတာ"

"ပက်စက် ရိုင်းစိုင်းတဲ့လူ"

ကျွန်မသည် မကျေနပ်မှုအစိုင်ခဲကို ဆိုစကားတစ်ခွန်းနဲ့ပင် သူ့ကို ပစ်ပေါက်ခဲ့ပြီး ရေချိုးခန်းထဲဝင်ကာ ရေချိုးရင်း ဒေါသတွေကို ဖွင့်အန်ထုတ်ရပါတယ်။

သူ၏ရိုက်ချက်တို့သည် ကျွန်မအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိရကား ကျွန်မမှာ တစ်ကိုယ်တည်း ဆိုင်ဖွင့်ရသူ ဖြစ်သွားရပေပြီ၊

ဒီနောက်ပိုင်း နည်းလမ်းတို့က ကျွန်မအား တိုက်ရိုက်ကို ထိခိုက်လာပါတယ်။ သူ အလုပ်က ပြန်လာလျှင် . . .

"လင်းရောင်ဖျ"

ဟု အကျယ်ကြီးအော်ခေါ်ကာ သူ၏နက်(ခ်)တိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နိုင်းတာမျိုး၊ သံပုရာရည်ဖျော်တိုက်ခိုင်းတာမျိုး လုပ်တတ်ပါတယ်။

"နေစမ်းပါဦး . . . ရှင့်ကို အဲ့ဒါတွေ လုပ်ပေးရအောင် ရှင်က ဒုက္ခိတမို့လို့လား။ မလုပ်ပေးနိုင်ဘူး"

"အဲ့ဒါကတော့ မင်းဆန္ဒပဲ လင်းရောင်ဖျူ။ မင်းကို မယားဝတ္တရားကျေအောင် ကိုယ်က လုပ်ခိုင်းတာ။ မင်း မလုပ်နိုင်ရင် အဲ့ဒီတာဝန်ကို လည်ပဲ ဖြစ်ဖြစ်၊ ဖျန်းသစ်ပဲ ဖြစ်ဖြစ် ပေးရလိမ့်မယ်"

ကျွန်မသည် သူ့မျက်နှာကို ဆတ်ခနဲ မော့ကြည့်လျှင် သူ့ထံမှ မထီတရီဟန်တို့နှင့် . . .

"ကိုယ့်ကို ကူညီပေးပါ လည်။ Excuse Me"

"ရပါတယ် . . . ကိုကြီး"

လည်သည် တော်လတ်ကို လုပ်ပေးနေရာမှ သူတောင်းဆိုချက်ကို လက်ခံလျှင် ကျွန်မသည် ဖျင်းခနဲ ဖြစ်သွားကာ ကိုယ့်ညီမအား ထိုသို့တင်စီးစွာခိုင်းမည့်အစား ကျွန်မပဲ အနာခံပေးလိုက်ချင်တဲ့စိတ်နဲ့ . . .

"နေ . . . နေ . . . လည် . . . ငါ လုပ်ပေးလိုက်မယ်"



ဘူ၍ မဖေကျမနစ်ဆိုကာ သူနက်(ခ်)တိုင်ကို ဆောင့်ကြီးအောင့်ကြီးနဲ့ ဖြုတ်ပေးရင်း . . .

"စေတနာ မရှိဘူး။ လက် သနတယ်"

"အဲ့လို မပုပ်စပ်နဲ့ လင်းရောင်ဖျူ။ ကဲ စေတနာမရှိလက်စနဲ့ ကြယ်သီးပါ တစ်ပါတည်း ဖြုတ်ပေး။ ပြီးရင်-ကိုယ့်အတွက် Juice တစ်ခွက်လောက် . . ."

ဟု အရှဲ့တိုက်တတ်ပါတယ်။ ကျွန်မသည် မကျေနပ်သော်ငြားလည်း လည်နဲ့ဖျန်းသစ်လုပ်ပေးရမည်ကို စိုးရိမ်တာနဲ့ အောင့်သက်သတ်နဲ့ပင် လုပ်ပေးရပါတယ်။

ထမင်းစားခန်းထဲတွင် လည်နဲ့ဖျန်းသစ်သည် တော်လေးနဲ့ တော်လတ်တို့အတွက် ကိုယ်စီ Juice ဖျော်ကြလျှင် ကျွန်မမှာ မအောင့်အီးနိုင်စွာနဲ့ . . .

"ဟွန်း နင်တို့ယောက်ျားတွေများ အံ့အံ့ဝါရဲ့၊ ကိုယ့်မိန်းမကို ဒီလိုတခြားယောက်ျားက ခိုင်းတာကိုများ သဝန်မတိုဘာမတိုနဲ့"

"ခြော် . . . ဖျရယ် သူတို့အစ်ကိုကြီးကို တော်လေးတို့က အရမ်းချစ်တာကိုးဟဲ့၊ ဟုတ်တယ်နော် . . . လည်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖျရဲ့၊ သူတို့အစ်ကိုကိုပဲ နေတစ်ဆူ လတစ်ဆူလို့ ကိုကွယ်ကြတာ"

"အမလေးဟဲ့ သူတို့ ချစ်ပုံ ကိုးကွယ်ပုံက ငါဖြင့် လက်ဖျားခါရော၊ ရှူးများ ရှူးနေကြသလားတောင် မသိပေါင်၊ မျက်ကန်းစွတာတိုး အချစ်မျိုးတွေ"

ဟု၍ ကျွန်မက ပျစ်ပျစ်နစ်နစ်ကြီးကို ဝေဖန်ပါတယ်။

လည်နဲ့ဖျန်းသစ်တို့ နှစ်ယောက်စလုံးကတော့ ကြုံရျှင်ကြုံသလို ကျွန်မနဲ့ သူနဲ့ ပြေလည်စေရန် ဒါမှမဟုတ် ကျွန်မ မယုံကြည်ဆုံးအချစ်ကြီးနဲ့ ဖြားယောင်းတတ်ပါတယ်။

"ဖျန်းသစ်ဖြင့်လေ တော်လေးကို အဲ့လို လုပ်ပေးရတာကို အောက်ကျတယ်လို့ မထင်ပေါင်၊ ကြည်တောင် ကြည်နူးပါရဲ့၊ ကိုကြီးကိုလည်း၊ ဖျ တစ်ခါမဲ လုပ်ကြည့်ပါလား"

ဟု၍ တစ်မျိုး။ လည်ကျပြန်တော့လည်း . . .

"ကိုကြီး ဖျကို တစ်ခါ တစ်ခါ ကြည့်တဲ့အကြည့်ဆိုကြည်လဲ့စိုနေတာပဲနော် ဖျ၊ နင် သတိမထားမိလို့ သိလား။ သူ့ဆီမှာ နင့်အတွက် သိုဝှက်ထားတဲ့ အချစ်တွေ တော်တော်များများ ရှိနေမှာ . . . ငါအခံမရဲ့"



ဟု တစ်မျိုးနဲ့ တစ်မျိုး မရိုးနိုင်အောင် သူနဲ့ကျွန်မ ပြေလည်စေရန် ကြိုးပမ်းပေမယ့် ကျွန်မရဲ့နှလုံးအိမ်သည် ဟင်းလင်းပြင်ပင် ရှိဆဲတည်း။ ထိုသို့ သူမတို့နှစ်ယောက်က မြှူဆွယ်သိမ်းသွင်းတိုင်း . . .

"ဟော့ ကောင်မနှစ်ယောက် နေရာတကာ လက်ဝါးကြီးအုပ် အမြတ်ထုတ်ချင်တဲ့ အဲ့ဒီကိုလိုနီခေတ်အတွက် ရှေ့နေလိုက်ပြီး အယူခံဝင်မနေနဲ့၊ သူ့ကို တစ်သက်တစ်ကျွန်းပဲ ပေးမယ်။ နင်တို့ယောက်ျားတွေ နင်တို့အပေါ် သစ္စာဖောက်ရင် သေဒဏ်ပေးပစ်မှာ . . . မယုံမရှိနဲ့"

ဟု အတည်ပေါက်ကြီးနဲ့ ကျွန်မကဆိုလျှင် ဖျန်းသစ်နဲ့လည်တို့မှာ မျက်နှာတွေမျက်ယွင်းကာ ပုမန်စိုးရိမ်ရိပ်တွေ အထင်းသားတွေ့ရပါတယ်။

ကျွန်မသည် ကိုယ့်ညီမနှစ်ယောက်အား မထိခိုက်စေချင်ပေမယ့် နေရာတကာ အိမ်နီးနတ်ဆိုသော ခေါင်းစီးတစ်ကာ အခွင့်ထူးခံလုတန်းစား လုပ်လိုတဲ့ သူတို့ညီအစ်ကိုတစ်တွေအား အတော်ကြီး မျက်မုန်းကျိုးကာ ပြောခြင်းပင်။

ဘယ်ဘဝရေစက်ရဲ့ မုန်းတီးခါးသက်မှုဟု ခေါ်ဆိုမရ

www.burmeseclassic.com



အောင် မြင် . . . ကြား . . . တွေ့တိုင်း မုန်းတီးစက်ဆုပ်ရတာပင် တည်း။

× × ×

ရွှေအိုရောင် နေညှိုရိပ်သည် မြတွင်းမြက်ခင်းပြင်တွင် ဖြာစိမ့်ကျနေပါတယ်။ ထိုနေရောင်ခြည်ကြောင့်ပဲလား မသိ၊ ဖျန်းသစ်နဲ့ လည်တို့ရဲ့ မျက်နှာပေါ်တွင် ဝင်းလက်တောက်ပနေပေပြီ။

"ပျော်စရာကြီးနော် တော်လတ် . . . လည်နဲ့ ဖျန်းသစ်တို့က အတူတူ ကိုယ်ဝန်ရှိတာ . . . ဟီ . . . ဟီ၊ ကြည့်နေ မွေးရင်လည်း တစ်ခန်းတည်းပဲ မွေးမယ်။ နော် . . . ဖျန်းသစ်"

"ဒါဖြင့်ကွယ် အမြွှာညီအစ်မနှစ်ယောက်က ချစ်စွပ်တူတဲ့ သားသားနဲ့ မီးမီး တစ်ယောက်စီ မွေးမှာပေါ့ကွယ့်"

"ဖျန်းသစ်တို့ကသာ ပျော်နေတာ ဖျက ဘာကပ်ပဲ့နေပြီးမျ နော်။ ဟုတ်တယ်မလား ဖျ"

တော်လေးရဲ့ အရွှန်းဖောက်မှုကြောင့် စကားတစ်ဝိုင်းလုံးကို မီးနဲ့ ရန့်ဖျန်းလိုက်သလို ဖျတ်ခနဲ ငြိမ်သက်သွားပြီးမှ လင်းရောင်ဖျော့ ကျွန်တော်က တိတ်တဆိတ် ခိုးကြည့်မိပါတယ်။



သူမရဲ့မျက်လုံးများထဲက လက်ခနဲ အရောင်တောက်ပနဲ့အတူ . . .

"တော်ပါပြီ တော်လေးရယ် . . . ဒီဘဝ ဒီမျှပါပဲ၊ လည်နဲ့ ဖျန်းသစ်တို့ရဲ့ တိုက်ဆိုင်မှုကိုပဲ ကြိုဆိုတော့မယ်၊ ဆုံစရာပါပဲ၊ သူတို့တစ်တွေကလည်း ပြိုင်တူပဲ ကိုယ်ဝန်ရှိရတယ်လို့"

"အို ဒါက ရှားပါးတဲ့ အခွင့်အရေးမလား ဖျရဲ့၊ နော် တော်လတ်"

လည်သည် နံဘေးမှာထိုင်နေတဲ့ နောင်တော်လတ်ကို ပခုံးချင်းတိုက်ပြီး မေးကာ ကျွန်တော့ ပထမအကြိမ် ကျိမ်သားစုနဲ့ ရင်းနှီးစကားစမြည်ပြောရခြင်းအဖြစ်ကို နှစ်လိုနေပါတယ်။

ညနေခင်းဟာ အတိုင်းအဆမဲ့ သာယာစိုပြေနေပြီး ကျွန်မ မုန်းတဲ့သူအား ဥပေက္ခာပြုထားရတာမို့ စိတ်ထဲ ရှင်လန်းမိတာ အမှန်ပင်၊

"ကိုကြီး တိတ်လှချည်လားဗျ၊ ကျွန်တော်တို့ကို ဝက်မြူပွဲလေး ဘာလေး ကြိုမလုပ်ပေးဘူးလား"

ကျွန်တော်က စိတ်အားထက်သန်မှုနဲ့ တက်ကြွနေတဲ့ တော်လေးကို ခပ်ဖွဖွ လှမ်းကြည့်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က အခုမှ ထီထိုးထားရုံပဲ ရှိတဲ့သဘော၊ ထီ
မပေါက်သေးတာ၊ ဖျန်းသစ်စနဲ့ လတ်လတ်လည်တို့အပေါ်မှာ
မူတည်နေတာ၊ ကျောက်စာကို မေ့လို့မှမရတာ"

တော်လေးနဲ့တော်လတ်တို့ရဲ့ မျက်နှာသည် ဖွေး
သွေးဆုတ်ဖြူလျော်သွားသလို လည်နဲ့ဖျန်းသစ်တို့ပါ သတိရ
နဲ့ စိုးထိတ်မှုကို အထင်းသား တွေ့ရပါတယ်။

ကျွန်တော်က အနည်းငယ် စိတ်မကောင်းဖြစ်ရမှု
ကာ မေ့နေသည့်ကိစ္စတစ်ခုကို ခုမှ ဖော်ထုတ်ပေးရ၍ သ
တောင့်သက်သာ ဖြစ်ချိန်တွင် လင်းရောင်ဖျမှာ ရှုံးရှုံးရှဲရှဲ ဒေါ
ထွက်ကာ . . .

"ဘာဆိုင်လို့လဲ ဒီကျောက်စာပေါ်က အကြောင်းအ
တွေက ကလေးရဲ့အနာဂတ်နဲ့ ဘာမှ သက်ဆိုင်နိုင်မှာ မဟုတ်
လိုကို မလိုအပ်ဘူး။ ရှင့် ရှုးကြောင်ကြောင် အတွေးတွေ
မပြောနဲ့"

"ဟာ . . . လင်းရောင်ဖျ မင်း တရားလက်လွတ် မ
လေး ဒါက မေ့ထားလို့ရတဲ့ကိစ္စမျိုး မဟုတ်ဘူးကွ၊ ငါတို့ အနာ
တွေအားလုံးအတွက် သက်ဆိုင်တယ်"



"သေလိုက် . . . ရှင်ပဲ အဲ့ကျောက်စာကြီးဖက်ပြီး သေ
လိုက်၊ ဒီကလေးတွေကို ဆွဲမထည့်နဲ့၊ ရှင်ပဲ မှိုတက်တဲ့အတွေး
အခေါ်တွေနဲ့ နေပေါ့"

"လင်းရောင်ဖျ . . . မင်းတို့ကို ငါတို့ အစဉ်အလာတွေ
အကြောင်း အားလုံးသိခွင့်ပေးခဲ့တာပဲ"

"ကျွန်မမှ သဘောမတူတာ"

"မင်း သဘောမတူပေမယ့် ဖျန်းသစ်ရော လတ်လတ်
လည်ရော မကန့်ကွက်ဘူးလေ၊ ဒီတော့ ယောကျ်ားလေး မွေးပါ
စေလို့ပဲ ဆုတောင်းပေါ့၊ လွဲချော်ခဲ့ရင်တော့ ဖော်လတ်ရော
တော်လေးရော ကျောက်စာထဲကအတိုင်း လိုက်နာရမှာပဲ"

"ရှင် . . . ရှင် . . . တာဝန်မဲ့စကားမပြောနဲ့၊ လူဆို လူ
စကားပြောစမ်း၊ ရှင့်ရဲ့ ယုတ်ညံ့စုတ်ပြတ်တဲ့ မျိုးရိုးစရိုက်တွေ
မရိုက်သွင်းနဲ့"

"လင်းရောင်ဖျ . . . မင်း မစော်ကားနဲ့ကွ"

ကျွန်မသည် သူ့အား ခါးသီးမုန်းသက်စွာနဲ့ ခြေမြန်လက်
မြန် နံဘေးရှိ ရေကူးကန်ထဲ ဝုန်းခနဲနေ့အောင် တွန်းချပစ်ခြင်းပင်၊
သူသည် ချက်ချင်းပင် ရေစိုရွှဲကာ ကြွက်စုတ်တစ်ကောင်လို ပြန်

www.burmeseclassic.com



တွယ်ကပ်ထက်ရင်း . . .

"မင်း . . . မင်း . . . တော်တော်ရိုင်းစိုင်းပါလား။ မင်းရဲ့ ကိုယ်ထလက်ရောက် လက်ပါမှုတွေက သိဝ်တရားလွန်နေပြီ လင်းရောင်ဖျူ"

ကျွန်တော်သည် တစ်ခါမှ ထိုသို့စော်ကားခြင်းမခံရဘူး ၍ ရှက်ခြင်း နာကြည်းခြင်းများ ရောပြွန်းကာ သူမအား ထိုသို့ လျှင် လင်းရောင်ဖျူသည် စိန်ခေါ်စူးရှတဲ့ မျက်ဝန်းတွေနဲ့ တည့် တည့် ပြန်ရင်ဆိုင်ကာ . . .

"ကျွန်မရဲ့ ရိုင်းစိုင်းမှုတာ ရှင့်ရဲ့ယုတ်ညံ့မှုထက် အများကြီး ဖိုးသိမ်မွေ့ပါတယ် နောင်တော်ကြီးရဲ့၊ ရှင့်ရဲ့ဖိနှိပ်ချင်တဲ့ ယုတ်ညံ့ တဲ့သွေးတွေ ပျော်ဝင်နေမယ့် ရှင့်ကို မဆက်ဆံချင်ဘူး။ ကျွန်မ ဒီအိမ်က ထွက်သွားမယ်၊ ဒီလို လူ့မဆန်လူနဲ့ မိုင်းမိနေတဲ့ ဒီ လောင်းရိပ်က ကျွန်မ ရှန်းထွက်မှာ"

ဟူ၍ ကျွန်မသည် ဒေါသစကားမြားတွေ တရစပ် သုန်ချဖွင့်ထုတ်ပြီး သူ့ရှေ့မှ ပြေးထွက်ကာ အခန်းဆီပြေးတက် လာခဲ့ပါတယ်။ ကျွန်မနဲ့သူ့အကြားတွင် ပြည့်တင်းဖောင်းကားနေ တဲ့ ဒေါသလုံးကြည်ကြည်တစ်လုံးကို တစ်စုံတစ်ရာနဲ့ ထိခတ်



တာနဲ့ ဖောင်းခနဲ ကွဲထွက်မည့် အခြေအနေမှ ခုတော့ ကွဲထွက် လေပြီ။

မည်သည့်အခါမှ စေ့စပ်၍ ရမည်မဟုတ်၊ ဒါဟာ အမုန်းတရား ဖြစ်လေပြီ။

ကျွန်မက အဝတ်သေတ္တာကို တဒုန်းဒုန်း ဆွဲချကာ မြို့ထဲ ပြန်ဆင်းလာချိန်တွင် သူသည် မေးရိုးကြီးတွေ ထောင်ထနေ အောင် အံတင်းတင်းကြိတ်ကာ ကျွန်မကို မမှိတ်မသုန် စူးစိုက် ကြည့်နေပါတယ်။

ဂိုထောင်ထဲမှ ကျွန်မရဲ့ ဆလွန်းကားကို တရကြမ်း မောင်းထွက်ကာ မြက်ခင်းအနားတွင် ကပ်ရပ်ပြီး . . .

"ဖျန်းသစ်နဲ့ လည် ငါနဲ့ လိုက်ခဲ့မှာလား"

"ဟာ . . . မလုပ်ပါနဲ့ဖျရာ . . . လည့်ကို ခေါ်မသွားပါနဲ့"

"ဖျန်းသစ်ကို ထားခဲ့ပါဗျာ"

ကျွန်တော်က ပျာပျာသလဲဟန်နဲ့ သူတို့မိန်းမတွေကို တားကွယ်နေသော တော်လေးနဲ့ ထော်လတ်အား . . .

"ဖော့ကောင်တွေ . . . သူတို့ဆန္ဒရှိရင် လိုက်ပလေစေ" မှာ ဒေါသနဲ့ ဝင်ဟန့်ပေမယ့် လတ်လတ်လည်နဲ့ ဖျန်း

www.burmeseclassic.com



သစ်စတို့သည် ဖော့်လတ်နဲ့ တော်လေးတို့၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး တုတ်တုတ်ပင် မလှုပ်ချေ။

"မလိုက်ချင်လည်း နင်တို့သဘောပဲ။ မတရားတာတွေကို ခေါင်းငုံ့ခံမနေနဲ့ တွန်းလှန်ပြီးတော့သာ ငါ့ဆီ လာခဲ့ ကြားလား"

ဟူ၍ ကျွန်မက ဆိုပြီးလျှင် သူ့ထံလှမ်းကြည့်ကာ . . .

"ကျွန်မ ရှင့်ဆီ နောက်ထပ်သုံးရက်ကြာရင် ကွာရှင်းစာချုပ် ပို့လိုက်မယ်။ ရှင် လက်မှတ်ထိုးပေးပါ . . ."

"စိတ်ချ . . . ဒီတစ်သက် မင်းကို ငါ ဘယ်တော့မှ ကွာခွင့်ပေးမှာ မဟုတ်ဘူး။ အဲ့ဒါ မင်း မကြိုက်တဲ့ ငါ့ရဲ့ ဗိန္ဒိစ်ချစ်ချယ်ခွင့်ပဲ လင်းရောင်ဖျ"

သူ၏ ညစ်တျယ်ကျယ်လေသံနဲ့ မုန်းတီးစက်ဆုပ်ချင်စရာ မျက်နှာတို့ကြောင့် ကျွန်မသည် တောက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်ကာ ပေါတီကို အောက်တွင် ရပ်ထားခဲ့ရှိသော



"ဒုန်း . . . ချွမ်း . . . ခလွမ်း . . . ဒုန်း"

ဟူသော အသံတို့သည် ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာကာ သိန်းထောင်ကျော်တန်တဲ့ သူ့ကားကြီး၏ ရှေ့မှန်ရှေ့မီးနှစ်လုံးတို့သည် ကွဲကြေမွကုန်လေပြီ။

သူသည် ကြက်သေသေသကာ မှင်သက်တွေဝေချိန်တွင်

"ရှင့်ကားကို တိုက်မှုနဲ့ ရှင့်တရားဝင်ဇနီး ကျွန်မကို တရားစွဲလို့ရပြီနော်"

ဟု ခပ်ရွဲ့ရွဲ့အော်ကာ မြို့ထဲမှ တရကြမ်းမောင်းထွက်ခဲ့ပါတယ်။ ကျွန်မ၏ ပစ္စုပ္ပန်သည် သူ့လက်ထဲမှ လွတ်မြောက်ခဲ့ပြီးပေမယ့် ကျွန်မ၏အနာဂတ်ကိုတော့ သူက သိမ်းသွင်းသော့ခတ်ထားခဲ့ပါတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ကာမဂ္ဂတာပိကောင်းပါ...

www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက်အား
အညွှန့်တုံးသွားအောင် . . .
စိတ်ကူးယဉ်ချင်လာအောင် . . .
မှိန်မှိန်အားထားချင်လာအောင် . . .
ပြုစားသူသည် . . .

ချစ်ခြင်း စုန်းတစ္ဆေတစ်ကောင်ဖြစ်ပြီး
ဤတစ္ဆေသည် ပျောက်ကွယ်ရန် ခက်ခဲလွန်းလှ၍
ပေါ်ပေါက်ရန်လည်း မလွယ်ကူချေ။

လေးနက်တိကျသောသူတို့၌
ထိုတစ္ဆေကောင်သည်
တစ်သက်တွင် တစ်ကြိမ်သာ ပေါ်ပေါက်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

ဝိုက်ဖုံးအကျီ ပန်းနုရောင်လွလွလေးတွေနဲ့ အလှကြီး လှကာ မေတ္တာရိပ်တွေ ဖိတ်စင်ကျနေတဲ့ ဖျန်းသစ်နဲ့ လည့်ကို ကြည့်ပြီး ကျွန်မမှာ ကြည်နူးရှုမဆုံးချေ။

"ဖျရေ...ငါ့ပုံကို ကြည့်စမ်း...ဟား...ဟား...မီးပုံးမျ ကြီးနဲ့တူတယ်နော်။ ဖျန်းသစ်ဝိုက်ကြီးက ဘောလုံးကြီးလိုပဲ ဆရာ။ ဟား...ဟား...လုံးပြီး ဝိုင်းနေတယ်"

"အံမယ်...ဒေါ်လတ်လတ်လည်ရယ် နင်ကပဲ သူများ ကို ပြောရတယ်ရှိသေး။ နင့်ဝိုက်ကြီးခံနေလို့ နင့်ခြေမတောင် မမြင်ရဘူးဆို။ သူကများ...လာ...လာချည်သေး

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်မဆိုင်သို့လာပြီး အပြိုင်အဆိုင် ငြင်းခုံကြစမြဲ ပင်။ တစ်ခါတစ်ရံကျတော့ သူမတို့နှစ်ယောက်အလယ်ကို ကျွန်မအား ဝင်ရပ်ခိုင်းပြီး ခွက်တိုးခွက်လန် ရယ်ကာ . . .

"ဖျက အဲဂါမခံဘူးဟေ့"

"တို့လိုမှ မရှိတာ။ သူက ပြားချပ်ချပ်ကလေး"

ဟူ၍ ကဲ့ရဲ့ကာ ညနေ တော်လေးနဲ့ တော်လတ် ဝင်တိုက်တဲ့အချိန်ထိ တခုတ်တရ ပြောကာ ရယ်မောဆုံးရွေ။ သူတို့စုံတွဲနှစ်တွဲသည် ကျွန်မ ဆိုင်ပိတ်တဲ့အချိန်ထိ စောင့်ပြီးမှ နီးစပ်ရာ ကော်ဖီဆိုင်တစ်ဆိုင်သို့ သွားလေ့ရှိပါတယ်။

သူတို့ ညီအစ်ကိုတစ်တွေဟာ နှောင်တော်ကြီးလို မဟုတ်လှဘဲ၊ ဖျန်းသစ်တို့အပေါ် ကြင်ကြင်နာနာရှိတာကြောင့် ကျွန်မမှာ စိတ်သက်သာရာရပေမယ့် ကျေနပ်ခြင်းတော့ မရှိသေးပါ။

ကျွန်မသည် တစ်ခါတစ်ရံ သူတို့စိတ်ကို လှစ်ဟကြည့်လိုတော့နဲ့ . . .

"တော်လတ်နဲ့ တော်လေးတို့ရဲ့ ကျောက်စာထဲက အတိုင်း ဖြစ်မလာဘဲ ချုတ်ချော်တိမ်းပါးခဲ့ရင် ဘာဆက်လုပ်မြ



မလဲ ဟင်"

ဟု သွေးတိုးစမ်းမေးလျှင် သူတို့နှစ်ယောက်သည် ခေတ္တမျှ တိတ်ဆိတ်ဆွံ့အသွားပြီး ခဏကြာမှ ပြုံးတူလိုပင် . . .

"ကျွန်တော် လည့်ကို အရမ်းချစ်တယ်"

"ကျွန်တော်က ဖျန်းသစ်ကို အရမ်းချစ်တာ"

ဟူ၍ အမေးတခြား အဖြေတခြား ဖြေတတ်ပတယ်၊ ထိုအခါမျိုးတွင် ဖျန်းသစ်နဲ့လည်လည်သည် ကြည်နူးမှုတွေ တစိမ့်စိမ့်ဖြာတဲ့ မျက်နှာပေးမျိုးနဲ့ ရှိတတ်လေပြီ၊

ကျွန်မသည်လည်း ထိုခံစားချက်မျိုး ကူးစက်ပျံ့နှံ့ကာ ရွှင်ပျ သာယာတတ်လေပြီ။

ထိုသို့ဖြင့် ကျွန်မသည် တစ်ယောက်ထီးတည်း ဆိုင်ဖွင့်ရင်း မေမေနဲ့အတူတကွနေထိုင်ရင်းနဲ့ပင် မုန်တိုင်းတစ်ခင်းကို ဖန်တီးတိုက်ခိုက်ခဲ့ပါတယ်။

ထိုမုန်တိုင်း၏အစကတော့ တော်လေးနဲ့တော်လတ်တို့ မပါဘ်၊ မေမေထံ လာလည်ကာ အပြန် ဆေးခန်းဝင်ရန် စီစဉ်ခဲ့သည့် လည်တို့ထံမှ အစပျိုးခဲ့ပါတယ်။

"သမီးတို့နှစ်ယောက်စလုံး ဖျတ်တရွေ မလှပ်ကြနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



နော်၊ ကိုယ်က နဂိုကမှ လွတ်လွတ်လပ်လပ် မဟုတ်တော့ဘူး။ ကိုယ်ဝလေးလက်ဝန်ကြီးနဲ့၊ ကျန်းမာရေးကို တတ်နိုင်သမျှ ဂရုစိုက်၊ မတည့်တာတွေ မစားနဲ့၊ (၇)လကျော်ပြီဆို သတိထားတော့"

စသဖြင့် အရှည်တကာ့ အရှည်ဆုံး မှာတမ်းတွေကို ခြွေချကာ သူမတို့နှစ်ယောက်ကတော့ အမြှာဝီဝီ ဗိုက်ဖုံးအင်္ကျီဆင်တူတွေဖြင့် တဟဲဟဲ ရယ်ပြကာ . . .

"Don't Worry ပဲ မေမေ၊ လည်တို့မှာ အဖော်ရပြီးသား"

ဟူ၍ ပြန်ဖြေကာ အူမြူးမဆုံးနိုင်အောင် တခိခိရယ်၍ ကျွန်မကားပေါ် အလုအယက် တက်ထိုင်ကြပါတယ်။ ကျွန်မတာ သူတို့ပြနေကျ အိုကျီထိုင်နေသော ဆေးခန်းကို လိုက်ပို့လျှင် . . .

"အမြှာတွေတော့ . . . သုံးမြှာ"

"ဟို အမြှာနှစ်ယောက်က ဗိုက်ကြီးတာချင်းလည်း အတူတူပဲ၊ ချစ်စရာလေးတွေ ဟယ်"

ဟူသော အံ့ဩချီးမွမ်းသံတွေ၊ အထူးအဆန်းသဖွယ် အကြည့်တွေကို လက်ခံရလျှင် ကျွန်မမှာ . . .

"မဗိုက်နှစ်ယောက် . . . နင်တို့ကြောင့် လူပိုကြည့်ခံရ



တဲ့၊ တကတည်း မျောက်ပွဲပြတာကျနေတာပဲ၊ လူတွေဟာ လွန်လွန်လွန်းတယ်"

"ငါတို့နှစ်ယောက်ရဲ့ ဒီပုံစံကြောင့် နင် ဗိုပြီး ပေါ်လွင်တာပေါ့ ဂျရဲ့"

"အဖိုကြီးဒီဇိုင်းပေါ့"

ဟုဆိုကာ တစ်ယောက်တစ်လှည့်စီ ရယ်ကြပြန်ပါတယ်၊ ကျွန်မသည် သူမတို့ကို မျက်စောင်းတစ်ချက်ထိုးရင်း ရှုတ်တရက် အခန်းထောင့်မှ တာတမ်းကြောင့် လူက ဆတ်ခနဲ ဖြစ်သွားပြီး . . .

"ဟဲ့ မဗိုက်တွေ အထရာဆောင်း ရိုက်လို့ရသတဲ့၊ နင်တို့ ရိုက်ကြပါလား။ တူလေးလား . . . တူမလေးလားဆိုတာ ငါ သိချင်လို့။ ပြီးတော့ ဟိုကျောက်တာကြီးကို ပုန်ကန်ချင်လို့"

ဟု ကျွန်မက အစီမကျေဖွာ ရေရွတ်လျှင် လည်နဲ့ ဖျန်းတစ်သည် ပြုံးတူပျာတာဖြစ်ကာ . . .

"တော်စမ်းပါ . . . ဘာကိတရားလဲ၊ အဲ့ကံတရားက ဘယ်လောက်ထိ နင်တို့ဘက်က ပါမှာမို့လို့တုန်း ဖျန်းသစ်ရဲ့ ငါ့ဒီတိစွကို မကျေတို့ မကျေနပ်ဘူး။ လက်တွဲပြန်ပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် အနာဟောင်းကို ဆွလိုက်သလို ကျ

ကာဓဒေဏ်ရာက တဆစ်ဆစ်ကိုက်ခဲလာချေပြီ။ ထိုစိတ်ကူးသည်

ဖုန်းသစ်နဲ့ လည်တို့အား ဓဆးခန်းပြုပြီးသည်အထိ ပပျောက်

မသွားဘဲ ကြီးသထက်ကြီးထွားလာပါတယ်။

ဒါကို မရိပ်မိတဲ့ လည်တို့နှစ်ယောက်က ...

"ဖျ ... နှင် ငါတို့ကို အိမ်ထိလိုက်ပို့ပါလား။ ကိုနောင်

တော်ကြီး မရှိဘူးဟ။ ... ကိုတယ်ရောက်နေတာ ...

လိုက်ပို့"

"တော်ပါပြီဟာ ... ငါ အဲ့ဒီအိမ်အရိပ်ကို ဘယ်တော့

မနင်းဘူးလို့ ဆုံးဖြတ်ထားတယ်။ သူ မရှိလည်း သူ့အရိပ်တွေ

နေမှာ။ ငါမှာ သူ့ကို ထပ်မုန်းဖို့နေရာလွတ်မရှိအောင် ပြည့်နေပြီ

ကျွန်မက နာနာကြည်းကြည်းဆိုရင်း သူတို့နှစ်ယော

ကို တက္ကစီနဲ့ တင်ပေးလိုက်ရပါတယ်။ ကျွန်မကားပေါ် ပြန်ရော

တဲ့အချိန်တွင် တိုက်ပွဲတစ်ခု တိုက်ရန် ပြင်ဆင်နေတဲ့ စစ်သ

တစ်ယောက်ရဲ့ ဟန်မျိုးလို အသက်ကို ခပ်ပြင်းပြင်း ရှူသွင်း

မုန်းခလုတ်တွေကို တ ဘက်တောက် နှိပ်ချလိုက်ပါတယ်။

သိပ်မကြာလှပါ။ ကျွန်မရဲ့ရန်သူတော်ကြီး၏ အ



အက်ရှရှကိုကြားရပါပြီ။

"နောင်တော်ကြီးရေ ... ရှင့်ရဲ့ကျောက်စာကြီး ဖြိုလဲ မလဲတော့ မသိဘူး။ လည်နဲ့ဖုန်းသစ်တို့ကတော့ အထရာဆောင်းရဲ့ result ထွက်လာပြီ။ မိန်းကလေးတွဲ ... ကဲ ... ရှင့်ကို ပါးစွဲ ကျွန်မ သတင်းကောင်းကို ဝမ်းမြောက်ဝမ်းသာနဲ့ မွေ့ဖက်ထား ဟုတ်ပြီလား"

ဟုဆိုကာ စကားကို တိခနဲ ဖြန့်ဖျက်ချပြီး ကျွန်မ ဖုန်းကို ပိတ်လိုက်ပါတယ်။ ကျွန်မထံက ဆွဲထုတ်တဲ့ ဝိညာဉ်တွေကို ပြန်ပူးကပ်စေရန် ဤနည်းကို သုံးရခြင်းဖြင့်။ ကျွန်မသည် ဝိညာဉ်စစ်ဆင်ရေးဟု တစ်ကိုယ်တော် ကင်ပွန်းတပ်ကာ ကျွန်မထံပါးမှ ကွယ်ပျောက်သွားသော ဝိညာဉ်တို့ကိုသာ မျှော်လင့်စောင့်စားနေခဲ့ပါတယ်။

ကျွန်မ မျှော်လင့်စောင့်စားသည့်အတိုင်းပင် နောက်တစ်နေ့နံနက်စောစောတွင် မျက်လုံးတွေ နီရဲမို့အစ်ကာ ဖုန်းသစ်နှင့်လည်တို့သည် အိမ်သို့ ပြန်ရောက်လာကြပါတယ်။

"နှင် လုပ်ရက်တယ် ... ဖျရယ်"

ဟု တနင့်တသီး ငိုကြွေးကာ အခန်းထဲဝင်လာတဲ့ လည့်

www.burmeseclassic.com

www.burmeseclassic.com



ကို ခုတင်ပေါ်မှ စိတ်အေးသက်သာစွာ ထိုင်ကြည့်ရင်း . . .

"ငိုမနေစမ်းပါနဲ့ လည်ရာ။ ငါ နင်တို့အနာဂတ်တွေ ခမ်းနားအောင် လုပ်ပေးတာ။ နောင်တော်ကြီးရဲ့ အစွဲအလမ်းတွေ အယူအဆတွေကို ချေဖျက်ပစ်ရမှာ"

"မဖြစ်နိုင်တာပဲ ဖျ . . . ခုဆို ငါတို့ ကာယကံရှင်တွေ ပြေလည်သွားနဲ့ ခွဲရပြီ . . . ဖျ။ အဲ့ဒါ ငါတို့အနာဂတ်ခမ်းနားမယ့် အတိတ်နိမိတ်တွေလား။ ငါတော့ မယုံဘူး"

တရှုံ့ရှုံ့နဲ့ ငိုပြန်တဲ့ ဖျန်းသစ်နဲ့လည်ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေချိန်တွင် မေမေသည် အခန်းတွင်းသို့ စိုးရိမ်တကြီး ဝင်ရောက်လာကာ . . .

"ဘာတွေဖြစ်ကြတာလဲ၊ ငါ့ကို ပြောကြပါဦး။ အလတ်မနဲ့ အငယ်မကလည်း ငိုယိုလို့၊ လိုက်ပို့တဲ့လူကလည်း အကျိုးအကြောင်းမပြော"

"ကျွတ် . . . မေမေရာ . . . လူလိုနားမလည်တဲ့လူတွေကို လူစကားသွားပြောလည်း အလကားပဲ၊ နင်တို့ နှစ်ယောက်လည်း ငိုမနေနဲ့။ တစ်နေ့ သူတို့ညီအစ်ကိုသုံးယောက်စလုံး ငါ့ရှေ့မှာ နူးညံ့ထောက်လာအောင် ငါလုပ်ပြမယ်၊ သူတို့ ဘိုဝ်တန်ဖိုးထားတဲ့



ယောက်ျားလေးတွေ မွေးကိုမွေးလာစေရမယ်၊ နင်တို့နှစ်ယောက်စလုံး ယောက်ျားလေး မမွေးနိုင်ဘူးလို့ ဘယ်သူပြောမလဲ"

"ငါတို့နှစ်ယောက်စလုံး သမီးမိန်းကလေး မွေးခဲ့ရင်ရော ဖျရယ်"

ကျွန်မသည် မျက်ရည်တွေ စိုလူးနေတဲ့ နှစ်ယောက်ကို စိုက်ငေးကြည့်ရင်း . . .

"စိတ်ချ နင်တို့ ယောက်ျားလေးပဲ မွေးစေရမယ်"

ဟူ၍ အရာရာကို ယုံကြည်စွာ ကတိပေးခဲ့လေပြီ။ ဖျန်းသစ်နဲ့ လည်တို့ရဲ့ ရင်ခွေးသည့် သားယောက်ျားလေးဖြစ်အောင် ကျွန်မသည် ဖန်တီးစွမ်းဆောင်နိုင်ရမည်ပင်။

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် . . . နင်တို့ရဲ့ ကလေးတွေဟာ ယောက်ျားလေးပဲဖြစ်ရစေမယ်"

"နင် . . . ဘာတွေကြံစည်ထားလဲ ဖျ . . . ဟင်၊ လှည့်ကွက်တွေ သုံးမလို့လား ဖျရယ်"

"မစိုးရိမ်ပါနဲ့လည်ရာ၊ ခုချိန်မှာ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေ၊ အချိန်တန်ရင် အားလုံးအဆင်ပြေသွားလိမ့်

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်မကဆိုလျှင် . . .

"ထင်ရာတွေ မစိုင်းပါနဲ့ အကြီးမရယ်။ မေမေ့သမီးတွေဘဝမှာ အမှားဆိုတာ မရှိစေရဘူး"

"လင်းရောင်ဖျာလုပ်ရင် ဘယ်တော့မှ မမှားပါဘူး မေမေ"

ကျွန်မသည် လည်တို့အိမ်ပြန်ရောက်လာသည့်နေ့မှစ၍ ဆိုင်ကို ရက်အကန့်အသတ်မရှိဘဲ ပိတ်ပစ်လိုက်ပြီး၊ သူမတို့နှစ်ယောက်၏ ကျန်းမာရေးကို ဂရုတစိုက် ကြပ်မတ်ပေးခဲ့ပါတယ်။

"ဗိုက်ကြီးသည်ဆိုတာ စိတ်ကို ရွှင်ရွှင်လန်းလန်း ထားရတယ်ဟဲ့။ နင်တို့နှစ်ယောက် မျက်နှာကို ကြည့်ကြည်ရွှင်ရွှင်ထား။ ဒါမှ နင်တို့သားတွေ ညက်မထိုင်းတဲ့ကလေးတွေ ဖြစ်လာမှာ"

ဟု၍ ကျွန်မမှာ သူမတို့နှစ်ယောက်၏ ပင်တိုင်ဗေဒင်ဆရာမ ဖြစ်ရပြန်ပါတယ်။ သူမတို့နှစ်ယောက်သည် ကလေး၏အနာဂတ်ထက် သူမတို့၏ အနာဂတ်တွေ မှုန်ဝါးပြီးဆုံးသွားမှာကို ထိတ်လန့်နေတတ်ပြန်ပါတယ်။

"ဖျရယ် . . . ငါညက တော်လေးကို အိပ်မက်မက်တယ်။ သူ ဖျဲ့ကို သတိရနေတယ်နဲ့တူတယ်"



ဟု ဖျန်းသစ်သည် မိုးလင်းလင်းချင်း ပြောလျှင် ကျွန်မက . . .

"နင် . . . စိတ်စွဲလို့ဖြစ်မှာပါ။ သူ သတိရရင် ခုချိန်လောက်ဆို လာတွေ့လို့ရနေပြီပဲ။ ခေါင်းထဲက ထုတ်ပစ်။ ဗိုက်ကြီးသည်ဆိုတာ အိပ်ရေးဝဝ အိပ်ရတယ်။ ကဲ . . . ဇဲ . . . ပြန်အိပ်"

ကျွန်မက စိတ်မဝင်စားဟန်နဲ့ဆိုပြီး စောင်ကို ပြန်ဆွဲခြုံပေးကာ တစ်ဘက်စောင်းအိပ်ရန် ဥပဒေကျွာပြုထားပါတယ်။ လည်ကျပြန်တော့လည်း တစ်ခုခု စားပြီဆိုတာနဲ့ . . .

"တော်လတ်တော့ ငါမရှိရင် အိမ်ပြန်စားမှာ မဟုတ်ပါဘူး။ ကြုံသလို အပြင်မှာစားမှာပဲ။ အချိန်မှန်မှန်ရော စားရဲ့လားသိဘူး"

တမ်းတမ်းတတ ပြောတတ်ပါတယ်။ ကျွန်မသည် မြင်မြင်းကုတ်စွာ . . .

"သူ အချိန်မှန်မမှန်ဆိုတာ အရေးမကြီးဘူး။ ကိုယ့်ကိုကိုယ်ပဲ အချိန်မှန်မှန်စားဖြစ်အောင် ကြိုးစား . . .။ တကတည်း

www.burmeseclassic.com



ယောက်သည် ကျွန်မလိုစိတ်မျိုး မထားနိုင်ဘဲ ကွယ်ရာတစ်မျိုး ရှေ့တွင်တစ်မျိုး လွှမ်းမဆုံးအောင် ဖြစ်ပုံများ စိတ်ပင်စည်သည် အထိပင်။

"သူတို့ချစ်ခြင်းကို သမီး ဘာလို့ခွဲတာလဲ အကြီးမရယ်။ တစ်နေ့ ဝင့်လိုက်လိမ့်မယ်"

"ဗျို . . . ဝင့်လိုက်ရအောင် ဘယ်သူ့ကိုမှလည်း မချစ်ဘူး။ ချစ်ဖို့ အချစ်လည်း မရှိဘူး မေမေ။ ဗျို ယောကျ်ားလေးတွေကို မုန်းတီးရွံရှာလွန်းလို့"

ဟု၍ ကျွန်မသည် မျက်စိစုံမှိတ်ကာ ငြင်းဆန်မြဲတည်း။

× × ×

"ဗျို . . . ငါတို့ ဒီည တော်လတ်ဆီ ဖုန်းခေါ် ကြည့်ချင်တယ်"

"ဟုတ်တယ် ဗျို . . . ငါရောပဲ"

ဟု တောင်းဆိုလာချိန်တွင် ကျွန်မသည် ဒေါသတွေ ထောင်းခနဲ ထွက်သွားရပေမယ့် ရုပ်ပျက်မြိမ်းမောင်းရန်နှင့် သူမတို့ တစ်တွေကို စိတ်ဆင်းရဲမှုတွေ မပေးချင်တာနဲ့ . . .



"ခေါ် ကြည့်လေ . . . ဒါပေမယ့် တစ်ယောက်ကို ဆယ် မိနစ်နှုန်းပဲ ပြောရမယ်"

ကျွန်မ၏ခွင့်ပြုမိန့်အဆုံးမှာ . . . အိုကေ . . အိုကေ ဟု ပြိုင်တူရေရွတ်ရင်း ဖုန်းဆီသို့ ခပ်သွက်သွက်သွားတဲ့ သူမတို့ နှစ် ယောက်ကို ငေးရင်း . . .

"ခုကျတော့လည်း ဗိုက်ကြီးသည် မဟုတ်သလိုပဲ"

ဟု ကျွန်မမှာ တစ်ကိုယ်တော် ရေရွတ်ရမြန်ပါတော့ယ်။ ကျွန်မသည် သူမတို့နှစ်ယောက်၏ အစဥ်အမြဲ မြူးတူးပျော်ရွှင်မှု ကိုပဲ လိုလားသူဖြစ်တာကြောင့် သူမတို့ကို ဒီတစ်ကြိမ် လွတ်လပ် ခွင့်ပေးခြင်းသည် မမှားနိုင်ပါ။

သို့သော် . . . ကျွန်မ၏အတွေးသည် ကြာရှည်မခံစည်တဲ့ ဘဲ မျက်စိမျက်နှာပျက်ကာ ဖုန်းချတဲ့ လည့်မုံစံကြောင့် ထိတ်ခနဲ ဖြစ်သွားရပြီး . . .

"ဟဲ့ . . . လည် . . . ဘာဖြစ်လို့လဲ။ နင့်ကို ဘာပြောလို့လဲ။ ကိုင်တာ ဘယ်သူမို့လို့တုန်း"

"တော်လတ်ကိုင်တာပါ"

လည့်ဖြေသံသည် ဖျော့တော့နွမ်းလျှစွာ . . .

www.burmeseclassic.com

www.burmeseclassic.com



"တော်လတ်ကိုင်တယ်ဆို . . . ပြောပေါ့၊ ဆယ်မိနစ်မှ မပြည့်သေးတာကိုပဲ"

"သူက . . . သူက . . . အနားမှာ ကိုကိုကြီးရှိတယ်တဲ့၊ ငါနဲ့ စကားပြောလို့ မဖြစ်ဘူးတဲ့"

ကျွန်မသည် ဖုန်းခနဲ မတ်တတ်ထရပ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး . . .

"ဒါ . . . ဘာသဘောလဲ၊ နင်နဲ့တော်လတ်နဲ့က တရားဝင် ကွာရှင်းပြီးသားမှ မဟုတ်တာ၊ ဖုန်းပြောတာနဲ့ ဘာဖြစ်မှာလဲ၊ ဒါ သက်သက်မဲ့ကျောတာ၊ တွေ့တယ်မဟုတ်လား လည် . . . နင်တို့ သိပ်ပြီး ယုံကြည်အားကိုးတဲ့ ယောကျ်ား . . . နောက်ဆုံးတော့ အလကားပဲ"

ဟု၍ လူသတ်ပစ်ချင်စိတ်တွေ ရောက်လာတဲ့အထိ ဆိုးညစ်ကုန်ရပါတယ်၊ လူလူချင်း ဖုန်းလေးပြောတာနဲ့ ဘာတွေ ဖြစ်သွားမှာမို့လို့လဲ၊ ယောကျ်ားတွေဟာ နေရာတကာမှာ အသာ စီးရလိုသည်ကလည်း နှစ်ယောက်အဖြင့်မရှိ၊ အနိုင်ပိုင်းလိုမှုက လည်း သူတို့ထက်ပင် မရှိ . . .။



တည်း။

"ဖျ . . . ငါတော့ စမ်းကြည့်ချင်သေးတယ်၊ တော်လေး ဆို ပြောရင် ပြောမှာပါ"

ကျွန်မသည် ဖုန်းသစ်အား စိတ်ကုန်စွာနဲ့ ကြည့်ပြီးမှ . . .

"လုပ်ကြည့်လေ . . . ငါတော့ မထင်ဘူး"

ဟု တိုတောင်းစွာ ပြောလိုက်ပါတယ်၊ ကျွန်မ ပြောသည့် အတိုင်းပင် တော်လေးကလည်း . . .

"နောက်မှ အေးအေးဆေးဆေး စကားပြောမယ်ဆိုပြီး ဖုန်းပြန်ချသွားတယ်"

"အေး . . . နင်တို့ အဲဒါကိုပဲ မျှော်လင့်နေကြ၊ လက်ဆုပ် လက်ကိုင် မပြုနိုင်တဲ့အရာထဲမှာ နှစ်သည်ထက် နှစ်နေဦးမှာပဲ၊ မဖြစ်နိုင်တာကိုဘဲ မျှော်လင့်နေကြတာ၊ ဒီတစ်ကြိမ်ဟာ ပထမ ဆုံးနဲ့ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေ၊ နောက်တစ်ကြိမ် ထပ်ဆက် သွယ်ဖို့ လုံးဝ မကြိုးစားပါနဲ့"

သူမတို့နှစ်ယောက်သည် ရာဇသံ ပြင်းပြင်းထန်ထန် ပေးကာ ကျောခိုင်းထွက်သွားတဲ့ ဖျရဲ့ နောက်ကျောကိုကြည့်ပြီး

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မယုံနိုင်လောက်အောင်ပါပဲဟယ်။ ဒါပေမယ့် သူ့ဆီမှာ ငါ့အတွက် အချစ်တွေ ရှိနေသလိုပဲ ငါခံစားရတယ် . . . သိလား . . . ဖျန်းသစ်"

"ငါလည်း ဒီလိုပါပဲဟာ။ ဒါပေမယ့် ငါတို့အခြေအနေက လွန်ဆန်လို့မှ မရတာ။ သူတို့လည်း နောင်တော်ကြီးကို မလွန်ဆန်ရဲသလို . . . ငါတို့လည်း ဖျူကို လွန်မှ မလွန်ဆန်ရဲတာ။ ဘယ်တတ်နိုင်ပါ့မလဲ"

မှု၍သာ တိုးတိုးတိတ်တိတ် ရင်ဖွင့်ရလေပြီ။ သေချာတာတစ်ခုက သူမတို့နှစ်ယောက်သည် ချစ်ခြင်းကို မှန်းတီး၍ မရခြင်းပင်။ ထိုအဖြစ်၏ ရလဒ်ကတော့ နှစ်ယောက်သား တစ်ဦးကိုတစ်ဦး အားကိုးတကြီး တိုင်ပင် ရင်ဖွင့်ရခြင်းပင်တည်း။

"ငါဖြင့် . . . တော်လတ်ကို လွမ်းလိုက်တာ"

လည်သည် မိမိစိတ်တွင် အလွမ်းတွေ မွန်းသိပ်လာတိုင်း ဖွင့်အံညည်းညူတတ်ပြီ။ ဖျန်းသစ်ကတော့ . . .

"ငါဖြင့် . . . ပေါက်လေးကို အရမ်းချစ်တာပဲ။ သူနဲ့ စိတ်ကူးထဲမှာတောင် မဝေးရဲဘူး . . . လည်ရယ်။ အပြင်မှာများ တကယ်ဝေးရရင် ငါဖြင့် သေသွားမလားအဲ"



—ဟု၍ ညည်းညူတတ်ပါတယ်။ သူမတို့နှစ်ယောက်သည် ညအကြောင်းများ အိပ်မပျော်လျှင် ဖျမန်းအောင် မျက်စပစ်၍ နှုတ်ဆွဲပေါ်မှဆင်းကာ ခြံထဲသို့ လမ်းဆင်းလျှောက်တတ်ပါတယ်။

ထိုညမျိုးဆိုလျှင် ရှေးဟောင်းနောင်းဖြစ်တွေ ပြန်ပြောကြကာ . . .

"ငါတို့အဖြေပေးတဲ့ New Year ညကို မှတ်မိလား လည်"

ဟု ဖျန်းသစ်က အစပျိုးလျှင် လည်သည် နောက်ကြောင်းပြန်ရန် မဝန်မလေးသူပီပီ . . .

"အိုး . . . မှတ်မိတာပေါ့၊ သိပ်ကြည်နူးစရာ ညလေးပဲလေ။ ငါ့ဘဝခြားသွားတောင် မမေ့နိုင်ဘူး။ ငါ့အတွက် ရှင်သန်ခြင်းရဲ့ ညပဲ"

"ငါလည်း အဲ့ညမျိုး ပြန်လိုချင်လိုက်တာဟယ်။ ခုနေ ငါ့ဘေးမှာ ပေါက်လေးရှိပြီး . . . နင့်အနားမှာ တော်လတ်ရှိနေရင် အရမ်းကောင်းမှာပဲနော်။ နင် စိတ်ကူးကြည့်စမ်း . . . လည်"

သူမ ထိုသို့ပြောလျှင် လည်က မျက်လုံးကို စုံမှိတ်ပြီး

www.burmeseclassic.com



နှုတ်ခမ်းဖျားတွေသည် ထဖြည်းဖြည်း ကော့တက်လာကာ ...

"တော်လတ်က ... ငါ့လက်ကို ခပ်ဖွဖွတွဲထားပြီးတော့ လမ်းလျှောက်ကြတာပေါ့။ အိုး ... အရမ်းလှပတဲ့ စိတ်ကူးလေး ဖျန်းသစ်ရဲ့"

ဟု တသသ မြည်တမ်းကာ မျက်လုံးတို့ကို ပြန်ဖွင့်ပြီး

"နင်တို့နှစ်ယောက်ကြားက မမေ့နိုင်စရာ အကျင့်လေး ရှိရင် ပြောပြစမ်းပါယ်။ ငါလည်း ပြောပြမယ် ... အလွမ်းပြေပေါ့"

"ဖြစ်တာပေါ့ လည်ရဲ့။ ငါဆို ... တော်လေးဆံပင် ... စမ်းစင်းတွေကို ခေါင်းစည်းကြိုး အမျိုးမျိုးနဲ့ စည်းပေးတာ။ အရ ... ရယ်ရတာပဲ"

"နင့်အဖြစ်က ရယ်ရပေမယ့် ... သိပ်ဇိမ်မရှိလှဘူး ... ငါဆို ဂျာနယ်တွေ မဂ္ဂဇင်းတစ်ထပ်ကြီးတွေ ဘယ်တော့မှ ကိုယ် ... ဟာကိုယ် မဖတ်ဘူး။ တော်လတ်ကို ညကျမှ အကုန်စုပြီး ဖတ် ... ပြခိုင်းတာ"

"သူကရော ဖတ်ပြတာပဲလား"

"ဒါပေါ့ ... ဖတ်ပြတာပေါ့။ ကဲ ... ဇိမ်မရှိဘူးလား"

ဟူ၍ ... သူမတို့နှစ်ယောက်သည် တစ်ယော ...



အကြောင်း တစ်ယောက် အလွမ်းပြေ ပြန်ပြောရသည်ကိုပင် အရသာတွေ့လှုပြီ။ ထိုသို့ လွတ်လပ်ပေါ့ပါးတဲ့ညလေးထဲမှာ သူတို့အား ပွင့်လင်းစွာ လွမ်းခွင့်ရခြင်းကို ခုံမင် တိမ်းမူးလေပြီ၊

သူမတို့သည် ညလေးကို တစ်မက်မောသဖြင့် အိပ် ပျော်သွားမည်ကို စိုးရိမ်ကာ ကိုယ်ဝန်ဆောင်အားတိုးဆေးတွေ ဖျ ဝယ်ပေးထားသမျှ အားတွေးကို နှစ်ဦးသဘောတူ တိတ်တဆိတ် ဖြုတ်တောက်ပစ်လိုက်ကြပါတယ်၊

ဖျ ... မအိပ်သေးခင် မေမေနဲ့ ဖျမသိအောင် လက်ဖက် တွေ ခိုးစား၊ လက်ဖက်ရည်တွေ ခိုးသောက်ပြီး အိပ်ချင်စိတ်ကို တွန်းလှန်ကြပါသေးတယ်၊

အိပ်ရေးပျက်ဖန်များလာတဲ့ သူမတို့ကို ဖျက သေချာ ကြည့်ပြီး ...

"နင်တို့နှစ်ယောက် ကြည့်ရတာ ခေါင်းစင်းစင်းနဲ့၊ မျက်နှာတွေလည်း ချောင်နေတာပဲ၊ ညဘက်ရော အိပ်ပျော်ရဲ့ လား ... လည်နဲ့ဖျန်းသစ်"

ဟု စိုးရိမ်တကြီးမေးလျှင် သူမတို့နှစ်ယောက်မှာ ကြို တင် ဖာတ်တိုက်ထားသည့်အတိုင်း ...

www.burmeseclassic.com



"အိပ်ပျော်တာမှ တရှူးရှူးပါဖဲ ဖျာရာ၊ နင့် ဝယ်ပေးတဲ့ အားဆေးမျိုးစုံ ဒီလောက်သောက်နေတဲ့ ဥစ္စာ . . ."

လည်သည် မှင်မောင်းကောင်းကောင်းနှင့် ဝိဝိရိရိ လိမ်လျှင် . . .

"အေးပါ . . . ငါက စိုးရိမ်လို့၊ အိပ်ပျော်ရင်လည်း ပြီးတာပါပဲ၊ အစားလည်း များများစား၊ ဒါမှ ကလေးလည်း ထွားမှာ"

"ကိုယ်ဝန်ရင့်လာရင် သိပ်ပြီး အိပ်မပျော်ချင်တော့ဘူး အမကြီးရဲ့၊ ကလေးက ဗိုက်ထဲမှာ ဟိုတိုး . . . ဒီတိုးနဲ့၊ အမေက ဘယ်သို့အိပ်လို့ရမလဲ၊ အဲဒါကြောင့်နေမှာပါ"

ဟု၍ မေမေကပါ ဝင်ကူပြောမှ ဖျာသည် ယုံကြည်စိတ်ချဟန်အပြည့်နဲ့ ဖြစ်သွားတတ်ပါတယ်၊ သူမတို့နှစ်ယောက်ကတော့ အိပ်ရေးပျက်ဖန်များတာကြောင့် အစားအသောက်တွေမှာ ပျက်ချင်ချင်ဖြစ်လာကာ မည်မျှ ဖွယ်ရာစွာ ချက်ကျွေးပေမယ့် တို့ကနန်း ဆိတ်ကနန်းသာ စားနိုင်ပေပြီ။

သို့ပေမယ့် ဖျာရှေ့တွင် ဟန်မပျက်စားပြီး ညစဉ်တိုင်းလည်း တိုးတိတ်စွာ လွမ်းမြပင်တည်း။

× × ×

# အခန်း(၁၀)

ကျွန်မသည် နေ့စေ့လစေ့ဖြစ်ကာ ဒီလောက်နာကျင်မှု ခံစားနေရသည့်ကြားထဲ ဆေးရုံမသွားနိုင်သေးဘဲ တော်လတ်နဲ့ တော်လေးဆီ ဖုန်းဆက်ပေးပါလို့ တကျိကျိ ပူဆာနေတဲ့ အမြွာဗိုက်ကြီးသည် နှစ်ယောက်ကို ကြည့်ကာ စေ့ခွဲမရနိုင်ချေ။

ကျွန်မ မာနတွေချပြီး ခေါ်ရမှာဖြစ်၍ ဝန်လေးသလို . . .

"ကဲပါ . . . အကြီးမရယ်၊ ဒီမှာ သေတော့မယ်ဟဲ့၊ မြန်မြန် ခေါ်ပေးလိုက်ပါ၊ လူထက် ဘာမှ အရေးမကြီးဘူး"

မေမေရဲ့အလောတကြီးအသံကြောင့် ကျွန်မသည် ဆတ်ခနဲ ဖြစ်သွားရကာ ဖုန်းခလုတ်တွေကို တဖောက်ဖောက် နှိပ်ချလိုက်မိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

ရှတ်တရက် ယောက်ျားသံနဲ့အတူ ထိုအသံရှင်က နောင်တော်ကြီးမဟုတ်မှန်း သိလိုက်ရတာနဲ့တစ်ပြိုင်နက် ကျွန်မသည် လှိုက်ခနဲ ဝမ်းသာသွားရပြီး . . .

"ခု ပြောနေတာ တော်လတ်လား၊ တော်လေးလား ဟင်"

"ကျွန်တော် . . . နောင်တော်လတ်ပါ"

"တော်လတ်၊ ခု လည်ရော ဖျန်းသစ်ရော ဗိုက်နာနေကြတယ်၊ သူတို့ဆန္ဒအတိုင်း မင်းတို့ကို လှမ်းအသိပေးတာ"

"ဟာ . . . ဒါဆို သူတို့ အခု ဘယ်မှာလဲ ဗျ"

များများသလဲ စိုးရိမ်ပူပန်သံကြောင့် ကျွန်မသည် လက်ရှိအခြေအနေကို ကျေနပ်သွားရပြီး . . .

"သူတို့ . . . ခု အိမ်မှာ၊ မင်းတို့နှစ်ယောက်ကို စောင့်ပြီးမှ ဆေးရုံသွားချင်သတဲ့"

"ဟုတ်ပြီ . . . ဟုတ်ပြီ ဗျ၊ ဒါဆို ကျွန်တော် တော်လေးကို ခေါ်ပြီး အိမ် ကိုလိုက်ခဲ့မယ်၊ ခုပဲ ထွက်လာပြီ"

ဟု နောင်တော်လတ်ကဆိုကာ ဖုန်းချပြီးတာနဲ့ တော်လေးကို ခေါ်ရန် ဂေ့ကားဆီ ခြေဦးအလှည့်တွင် . . .



"မင်း သွားဖို့မလိုတော့ဘူး တော်လတ်၊ အဖြေကို ကြိုတင်သိထားပြီပြီပဲ၊ သံယောဇဉ်ဖြတ်လိုက်ပါတော့၊ ငါတို့ မျိုးရိုးကို ဆက်ခံမယ့်သားယောက်ျားလေး မွေးဖွားပေးနိုင်မယ့် မိန်းမတစ်ယောက်နဲ့ မင်း စေ့စပ်ပြီးပြီလေ . . . တော်လတ်"

"မဟုတ်ဘူး ကိုကြီး၊ ခုဟာက လည်း မွေးတော့မှာဗျ"

"မင်း . . . တယ် ဒုံးဝေးပါလား တော်လတ်၊ လတ်လတ် လည်း မွေးတာ မင်းအလုပ်မဟုတ်ဘူး၊ ဆရာဝန်အလုပ်၊ မင်းနဲ့ သူနဲ့ ဇာတ်လမ်းပြီးပြီ၊ ငါတို့ရဲ့အစဉ်အလာကို ချိုးဖောက်မယ့် မိန်းမကို ငါတို့မျိုးရိုးထဲ ဆွဲမသွင်းနိုင်ဘူး တော်လတ်"

နောင်တော်လတ်သည် ကျွန်တော်၏ စကားအဆုံးတွင် ဆိုဇာပေါ်သို့ အရုပ်ကြိုးပြတ် ပုံကျသွားပါတယ်၊ ကျွန်တော်ကတော့ နောက်ဆုံး တော်ဝင်မိသားစုရဲ့ အစဉ်အလာကို ထိန်းသိမ်းရန်အတွက် စတေးစွန့်လွှတ်သင့်တဲ့ အရာမှန်သမျှ နောက်မတွန့်ဘဲ စွန့်လွှတ်ပြီးသားပင်၊

ယုတ်စွအဆုံး . . . ကျွန်တော်၏ နှလုံးသားကိုပါ စွန့်လွှတ်ထားပါပြီတည်း၊

× × ×

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် နာရီလက်တံကိုကြည့်ကာ စိတ်မရှည်ချင် တော့ပေ။ ဖုန်းဆက်ပြီးသည်မှာ နာရီဝက်တိတိကြာလှချေပြီ။ ခုထိ အရိပ်အယောင်မျှ မတွေ့ရသေး။

ဒီလမ်းခရီးသည် သွားမည်ဆိုလျှင် နာရီဝက်မကြာဟု သိထားသူပီပီ လည်တဆန့်ဆန့် ဖြစ်လာရလေပြီ။

"အကြီးမရေ . . . ဖျ . . . လာခဲ့တော့။ ဆေးရုံပို့မှပဲ . . . ဒီမှာ လက်ဖျားတွေ အေးစက်နေပြီ။ မစောင့်နဲ့တော့"

အိမ်တွင် မေမေ့ထံမှ အော်ခေါ်သံကြားလျှင် ကျွန်မသည် ထွက်မျှော်နေရာမှ ဝရန်းသုန်းကားနဲ့ အိမ်ထဲပြေးဝင်လျှင် သွေးဆုတ်ဖနေသော စက္ကူဖြူတစ်ချပ်ပမာ ဖြူဖျော့နေတဲ့လည်နဲ့ ဖျန်းသစ်ကို တွေ့လိုက်ရတော့မို့ . . .

"မဖြစ်တော့ဘူးမေမေ ဆေးရုံပို့မှ၊ လည် . . . ဖျန်းသစ် သတိထားနော်၊ ငါ , . .ဆေးရုံပို့ပေးမယ် သိလား"

ဟု တဲထဲမျှကျန်တဲ့ သူမတို့နှစ်ယောက်ရဲ့သတိကို အမြန်လှုပ်နိုးရင်း မေမေနဲ့ကျွန်မက တစ်ယောက်စီကို မနိုင်မနိုင် တွဲကာ ကားပေါ်အမြန်တင်ပြီး ဆေးရုံဆီ တရကြမ်းမောင်းနှင်ခဲ့ တယ်။



စိုးရိမ်စိတ်တို့က အငွေ့ပျံထွက်နေသလား ထင်ရအောင် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံး ထုပ္ပလောင်ကျွမ်းနေပါပြီ။ မေမေ့ထံမှ ရှိုက်သံတိုးတိုးနဲ့ ဂါထာမန္တာန်ရွတ်သံသဲ့သဲ့သည် ကျွန်မ၏ နလုံးအိမ်ကို ခပ်တင်းတင်းဆုပ်ခြေဖျစ်ညှစ်ထား သလိုပင် . . .၊

ကျွန်မ ဖန်တီးခဲ့သော မုန်တိုင်းသည် ကျွန်မထံ ပြန် တိုက်ခတ်ပြီဟု ထင်မှတ်မှားသည်အထိ စိုးရိမ်မှုတို့ ပိုမိုလာရ လေပြီ . . .။

"လှနာနှစ်ယောက်စလုံး အရမ်းအားနည်းနေတယ်၊ ကလေးက ထွားတော့ ညှစ်အားမရှိဘူး။ ခွဲမွေးရမယ်၊ ခွဲစိတ်ဖို့ သဘောတူရင် လက်မှတ်ထိုးပေးပါ၊ ကလေးဖခင်မပါဘူးလား၊ လူနာရှင် . . ."

"ကျွန်မပါဘဲ သူတို့နှစ်ယောက်စလုံး ကျွန်မညီမတွေပါ"

"သူတို့ခင်ပွန်းတွေရော . . ."

နာ့(စ်)ရဲ့ ထိုမေးခွန်းသည် ကျွန်မရင်ဝသို့ ဓါးမြှောင်နဲ့ ထိုးသုံး စိုက်ချလိုက်သလိုပဲ ရက်စက်စွာရှလှပါတယ်။

"ကျွန်မ လက်မှတ်ထိုးပေးလို့ မရဘူးလား"

www.burmeseclassic.com



"အေးလေ . . . ခင်ပွန်းသည်တွေ မပါရင်တော့၊ ရှင်မဲ ထိုးပေးပေါ့"

ကျွန်မရဲ့ ပင်ကိုယ်စိတ်နဲ့ဆို တစ်စုံတစ်ရာပက်ခနဲ ပြန်ပြောမိမှာမုန်ပေမယ့် စိုးရိမ်တဲ့နှုန်းက များလွန်းမက များနေတာကြောင့် ထိုးပေးလာတဲ့ စာရွက်ပေါ်မှာ လက်မှတ်ကို ခပ်သွက်သွက်ဝင် ထိုးချလိုက်ပါတယ်။

မေမေကတော့ ခွဲစိတ်ခန်းအဝမှာ ထိုင်ကာ တတ်သမျှ ဂါထာမန္တာန်တွေကို မျက်ရည်တွေဝေ့ကာ ရွတ်ဖတ်နေသလို ကျွန်မကတော့ ထိုအခန်းဝတွင် မလှုပ်မယှက်ရပ်ပေမယ့် စိတ်အစုံသည် လှိုင်းလုံးတွေကဲ့သို့ တဝုန်းဝုန်းနဲ့ ရိုက်ခတ်နေပေပြီ။

"ကျွီ . . ."

ရုတ်တရက် ခွဲစိတ်ခန်းတံခါးက ပွင့်လာပြီး . . .

"ဖျန်းသစ်ရဲ့လူနာရှင် . . ."

"ရှိတယ် . . . ရှိတယ်"

ကျွန်မက ခပ်ကျယ်ကျယ်ပြန်ထူးကာ အနားသို့ရောက်သွားလျှင် . . .

"လူနာအခြေအနေက စိုးရိမ်ရပါတယ်၊ ကလေးနဲ့မိခင်



အသက် ဘယ်သူ့ကို ဦးစားပေး . . ."

"အိုး . . . မိခင်အသက်ပဲယူပါ"

ကျွန်မသည် စကားကို ဆုံးအောင် နားမထောင်နိုင်ဘဲ အဖြေပေးမိပါတယ်။ ထိုစဉ် တစ်ဆက်အခန်းတံခါးကလည်း ပွင့်လာပြီး . . .

"လတ်လတ်လည်ရဲ့ လူနာရှင် . . ."

"ကျွန်မပါ . . ."

"လူနာက သွေးပေါင်အရမ်းကျနေတယ်၊ ကျွန်မတို့ အစွမ်းကုန်ကြိုးစားပေမယ့် စိတ်မကောင်းပါဘူး၊ လတ်လတ်လည် ဆုံးသွားပါပြီ"

"ရှင် . . ."

လှကို ခပ်ပြင်းပြင်းဖြတ်ရိုက်ခံရသလို ယိုင်ခနဲဖြစ်သွားချိန်တွင် မေမေ့ထံမှ သမီးဟူသော ငိုသံကြီးကိုပါ ကြားရပြီး ကျွန်မသည် သတိလက်ကျန်တို့ကို ဖျစ်ညှစ်ကာ . . .

"ကလေး . . . ကလေးရော . . . ဆရာမ . . ."

"ကလေးလည်း ကံမကောင်းရှာပါဘူးရှင်၊ ကျွန်မတို့

www.burmeseclassic.com



"လည် ... အလုပ်မရေ"

ကျွန်မသည် ပါးပြင်ပေါ်စီးကျလာတဲ့ မျက်ရည်တွေကို သွေးရူးသွေးတမ်းနဲ့ ပွတ်ဆွဲကာ ...

"မေမေ ... သတိထားပါ ... ဗျူ ... ဗျူ ရှိတယ်လေ"

ထိုအချိန်တွင် ဖျန်းသစ်၏ အခန်းတံခါးသည် ဖျတ်ခနဲ ပွင့်လာလျှင် ...

"ဆရာ ... ဖျန်းသစ် ... ဖျန်းသစ် အခြေအနေ"

ဆရာသည် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပြရင်း ...

"စိတ်ခိုင်ခိုင်ထားပါဗျာ၊ ဖျန်းသစ်စ.ရော သူ့ကလေးရော အတွက်ပါ ကျွန်တော်တို့ ကြိုးပမ်းပေမယ့် အားအရမ်းနည်းလွန်းတာကြောင့် လက်လွှတ်လိုက်ရပါပြီ ..."

ကျွန်မသည် ထပ်မံ၍ ရမ်းယောင်ကာ ရေရွတ်ချိန်တွင် မေမေ့ထံမှ ...

"ဖျန်းသစ် ..."

ဟု ခေါ်တွင်ကာ ခွေယိုင်လဲကျခြင်းပင်။ ကျွန်မသည် မေမေ့အား အချိန်မီ ဖမ်းယူပွေ့ထားနိုင်ပေမယ့် မေမေ၏အသက်ကိုတော့ ဖက်ပွေ့ထားချိန် မရခဲ့ချေ။



မေမေသည် သူ့အင်မတန်ချစ်သော သမီးတို့နဲ့အတူ လောကကြီးနဲ့တကွ ကျွန်မကိုပါ ထားရစ်ကာ ထွက်သွားလေပြီ။

တစ်ကိုယ်ထီးတည်း ကူရာမဲ့စွာနဲ့ အုတ်နံရံကြီးကို မှီတွယ်ကာ အချိန်အတော်ကြာကြာ ကျွန်မသည် ငိုကြွေးမဝနိုင်အောင် ရှိရချေပြီ။ တစ်နေ့တည်း မိနစ်ပိုင်းအတွင်းမျှသာ ကွာခြားတဲ့အနေအထားတွင် အခင်တွယ်ဆုံး၊ သံယောဇဉ်အရှိဆုံး၊ အနီးကပ်ဆုံး လူသားသုံးဦးကို စွန့်လွှတ်လိုက်ရတဲ့ ကျန်ရစ်သူဖာစ်ယောက်ရဲ့ရင်ထဲကို လှစ်ဟကြည့်စမ်းပါ ...။

ဝမ်းနည်းမှုတွေ ထုထည်သိပ်သည်းနေတာကိုပဲ တွေ့မြင်ရပါတယ်။

ကျွန်မရဲ့ တည်ရှိနေမှုသည်လည်း ဖြုတ်ခနဲပင် ပျောက်ကွယ်ရပြီတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

# လင်းရောင်ဖျ

ရပ်တည်မှုမဲ့တဲ့ ရှင်သန်ခြင်းသည် ကျွန်မအတွက် အဓိပ္ပါယ်မရှိတော့ချေ။ ကျွန်မချစ်မြတ်နိုးတွယ်တာရတဲ့ အမေ၊ နောက် ယည်နဲ့ဖျန်းသစ်၊ အားလုံးကို စွန့်လွှတ်ဆုံးရှုံးပြီး နောက်၊ ကျွန်မ၏ ကိုယ်စိတ် နှလုံး သုံးပါးစလုံး အဆုံးစွန်ထိ စွန့်လွှတ်ကာ မာနပါ နှင်းချေပြီး သူတို့ကို မောင်းနှင်ထုတ်ရန် ကျွန်မ ကြံရွယ်ထားပါပြီ၊ ဤကမ္ဘာမြေပေါ်တွင် လင်းရောင်ဖျ လတ်လတ်လည် ဖျန်းသစ်တို့ , ပျောက်ကွယ်ခဲ့သလို နောင်တော်ကြီး နောင်တော်လတ် နောင်တော်လေးလည်း မကျန်ရစ်စေရ၊ ထိုစကားသည် သစ္စာဆိုခြင်းဖြစ်သလို ကိန်းကာက၏လာသင်း ယာဆာ၏ ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇီရှင်ထုံးများ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အရာအားလုံး သွက်သွက်လည်ခါရင်း သွားရလောက်အောင် အံ့ဩသွားရပါတယ်။ ကျွန်တော့်ရုံးခန်းထဲ ရောက်နေသူဟာ တက်ကြွဖြတ်လတ်မှုတွေ နာကျည်းညှိုးငယ်း မှုတွေအစားမှိုင်းရီနွမ်းလျနေတဲ့မျက်ဝန်းညိုတစ်စုံဝမ်းနည်းမှုတွေ အဆမတန်ဖိစီးခံထားရတဲ့တဆတ်ဆတ်တုန်ယင်နေတဲ့နှုတ်ခမ်း တစ်စုံကို ပိုင်ဆိုင်ထားတဲ့ ကျွန်တော့်ရဲ့ တရားဝင်ဇနီးပင်တည်း။

"လင်းရောင်ဖျ . . ."

ကျွန်တော်က ထိုင်ခုံမှထကာ သူမရှေ့သို့ ရောက်သွား-ချိန်တွင် စိုရည်လွှုးနေတဲ့ မျက်ရည်တွေနဲ့ . . .

"ကျွန်မ . . .ကျွန်မကို ရှင့်ရဲ့အရိပ်ထဲမှာ ပြန်ခိုလှုံခွင့် ပေးပါတော့၊ကျွန်မ.ကျွန်မမှာလေကိုးကွယ်တည်ရှိမှုတွေမဲ့နေပါပြီ၊ ကျွန်မလေအားလုံးကိုစွန့်လွှတ်လိုက်ရပြီ။ ကိုနောင်တော်ကြီးရယ် သူတို့နဲ့ ကျွန်မကို ထားရစ်ခဲ့ပြီး သူတို့နဲ့အတူ ကျွန်မရဲ့မာနတွေ အတ္တတွေပါ ထည့်ပေးလိုက်ရပြီ။ ကျွန် . . . ကျွန်မမှာ ကျန်ခဲ့တာ ဆိုလို့အားငယ်တာတွေပဲရှိပါတော့တယ်ကိုနောင်တော်ကြီးရယ်"

ကျွန်တော်သည် ရှိုက်သံတွေ ပျံ့လွင့်ကာ တိုးညှင်းတုန် ခါတဲ့အသံတို့ကို အံ့ဩတွေဝေနေစဉ် သူမသည် ကျွန်တော့်ကို ခပ်တင်းတင်းဖက်ကာ ရင်ခွင်တွင်းမှာ တိုးဝှေကာ ငိုရှိုက်ခြင်းပင်၊

www.burmeseclassic.com

www.burmeseclassic.com



ထူးထွေဆန်းပြားတဲ့ ပြောင်းလဲမှုတစ်ခုသည် ကျွန်တော့်ရင်တွင်း၌ အံ့ဖွယ်ဖြစ်ထွန်းလာရပြီ။ ကျွန်တော့်ကို ကျစ်ကျစ်ပါအောင် ဖက်ထားရင်း ဝမ်းပန်းတနည်းငိုရှိုက်နေတဲ့ သူမကို ကျွန်တော်က ခပ်ဖွဖွပြန်ပွေ့ဖက်ရင်း နူးညံ့သိမ်မွေ့တဲ့ အပြုံး တစ်ခုကို အအံ့သြကြီး အံ့သြနေပေပြီ။

"ရှင် . . . ရှင် ကျွန်မကို ပြန်လက်ခံပါတယ်နော်"

"လက်ခံပါတယ် လင်းရောင်ဖျရယ်၊ မင်းက ကျောက်စာကို ချိုးဖောက်တဲ့သူမှ မဟုတ်တာပဲ၊ တဲ ငိုတာတွေ ရပ်တော့ မင်း အရမ်းဝင်ပန်းနေပြီ၊ အိမ်ပြန်နားမလား . . .ဟင်"

ဟု တိုးဖွဖွဆိုကာ ကျွန်တော်က မျက်ရည်တွေနဲ့ စိုကပ်နေတဲ့ သူမဆံပင်ခပ်ဖွာဖွာတွေကို သပ်ဆင်ပေးလိုက်ပါတယ်။ သူမက ကလေးငယ်တစ်ယောက်လို ငြိမ်သက်စွာ ခံယူရင်း . . .

"ဘယ်အိမ်ကို ပြန်နားရမှာလဲဟင်၊ ဖျ . . . ဖျရဲ့အိမ်ကို မပြန်ချင်တော့ဘူး။ ဖျ တစ်ယောက်တည်း အထီးကျန်ဆန်တာကြီးကို မလိုချင်တော့ဘူး"

"ဟုတ်ပါပြီ . . .ကိုယ်ကလည်း အဲ့ဒီအိမ်ကို ပြန်မပို့ပါဘူး။ ကိုယ်တို့အိမ်ကိုပဲ ပြန်ပို့မယ်လေ၊ ဒီက ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို ပြန်ပို့ခိုင်းလိုက်မယ်၊ နားမလား"



ကျွန်တော့်မေးခွန်းအဆုံးမှာ သူမက စင်ကြယ်တဲ့ အကြည့် အဖြူရောင်တွေနဲ့ ခပ်မော့မော့ငေးကာ . . .

"ရှင်ကရော . . .ဟင်"

"ကိုယ်က ညနေကျမှ ပြန်လာမှာပေါ့၊ လင်းရောင်ဖျရဲ့"

"ဟင် အဲ့ဒါဆိုရင် ဖျလည်း ရှင်နဲ့ကျမှ တူတူပြန်မယ်လေ၊ အဲ့လို လုပ်လို့မရဘူးလား ဟင်"

ကျွန်တော်သည် သူမလေးရဲ့ မဝံ့မရဲမေးဟန်ပေါ်တွင် တစ်ချက်တိမ်းမူးသွားရတာ ဘိုအဖြစ်ကို ဟက်ခနဲတစ်ချက်ရယ် ချပစ်ရင်း . . .

"ရပါတယ် . . . ကိုယ်က မင်း ပင်ပန်းနေမှာစိုးလို့၊ ကဲ သဘောပဲ . . . လွတ်လွတ်လပ်လပ်နေ . . . OK"

"ဖျအတွက် လုံခြုံနွေးထွေးပြီး အထီးကျန် မဆန်စေဘူး ဆိုရင် အားလုံး OK မှာပါ ကိုနောင်တော်ကြီးရယ်"

ကျွန်တော့်မှာ သူမရဲ့စကားသံတွေ အပြုအမူတွေရဲ့ ပြောင်းလဲခြင်းကို လိုက်၍မမီအောင် ဖြစ်ရချေပြီ။ နေ့လယ်စာ စားချိန်တွင် ကျွန်တော်က . . .

"ဘာစားမလဲ လင်းရောင်ဖျ . . . တရုတ်စာ၊ ထိုင်းစာ၊ Sea Food ၊ ဂျပန်၊ ကုလား အကုန်ရတယ်။ ဒီမှာပဲ စားမလား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လှမ်းမှာလိုက်မယ်"

"ဖျ ဘူဖေး(လ်) စားချင်တာ။ ကိုယ်စားချင်တာ အကုန် စားလို့ရတယ်လေ။ ပြီးတော့ ဟိုတယ်ကို ပထမဆုံး ရောက်ဖူးတဲ့ အနေနဲ့ တစ်ပတ်လျှောက်ကြည့်ချင်သေးတာ၊ ဒါပေမယ့် ကိုနောင်တော်ကြီး . . . ဟို ဆန္ဒရှိရဲ့လားဟင်၊ ဒီမှာပဲ မှာစားချင် လည်း စားပါ . . . သဘောပါပဲ"

ဟုဆိုလျှင် ကျွန်တော့်မှာ ကရုဏာသက်ရပြီ။ သူမကို ကြည့်ကာ . . .

"ကဲ . . . လင်းရောင်ဖျ သဘောပါပဲ . . . ရတယ်လေ။ ဟိုတယ်လည်း ကြည့်၊ ဘူဖေး(လ်)လည်းစားပေါ့ ဟုတ်ပြီလား"

"ကျေးဇူးပဲ ကိုနောင်တော်ကြီးရယ် . . . ဖျ တကယ်ပဲ ကျေးဇူးတင်ပါတယ်"

ဟု၍ သူမကဆိုပါတယ်။ ကျွန်တော်ကတော့ သူမလေး ရဲ့ ဆန္ဒအတိုင်း လိုက်လျောချင်စိတ်တွေ အတော်ကြီးများနေကာ သူမ၏ ကပဲပြောပြော ဘာပဲ လုပ်လုပ် ခေါင်းညိတ်လက်ခံချင်စိတ် တို့ကသာ ကျွန်တော့်တစ်ကိုယ်လုံး အုပ်မိုး၍ နေချေပြီ။

သူမသည် စားသောက်ခန်းမတွင် ဘူဖေး(လ်)တို့ စိတ်တိုင်းကျ တစ်ခုပြီးတစ်ခု ထည့်ရင်းက ကျောက်ပုစွန်ကြီး နှစ်



ကောင်ကိုပါ ပန်းကန်ပြားထဲ ဆတ်ခနဲ ကောက်ထည့်လျှင် . . .

"လင်းရောင်ဖျ . . . ကျွန်တော် ပုစွန် လုံးဝ မစားဘူး"

"ရှင် . . . မကြိုက်လို့လား"

"ဆိုပါတော့"

"ဖျက အရမ်းကြိုက်တာ။ ကဲ . . . ကိုနောင်တော်ကြီး မကြိုက်ရင် ပြန်ထည့်လိုက်ပါ့မယ်"

ဟု ကျွန်တော်က ပြောထွက်ပြီးမှ ကိုယ့်ကိုယ်ကိုယ် ထပ်မံပြီး အံ့ဩရပြန်ပါသည်။ သူမကတော့ ညှို့ဝင်အားပြင်းလှန်း တဲ့ အကြည့်တစ်ချက်နဲ့ လှမ်းကြည့်ကာ တိမ်းမူးညွှတ်ပျောင်းဖွယ် ကျိုတ်၍ ပြုံးပါတယ်။

ကျွန်တော့်မှာတော့ ထိုအဖြစ်အပျက်ကို ထူးဆန်းစွာ တွေနပ်မိချေပြီ။ မရှက်စတမ်း ဝန်ခံရမည်ဆိုလျှင် ထိုနေ့ နေ့လယ် စာသည် အင်မတန် စားမြိန်လှပါတယ်။

သူမသည် ကျွန်တော်ယစ်မူးသာယာစေရန် ထပ်မံ ဆွဲ ဆောင်နည်းကတော့ ရုံးခန်းထဲတွင်ကော်ဖီတစ်အိုးဖျော်ကာ

"ဖျလက်ရာ မြည်းကြည့်ဦး။ လျှာတွေလည်ပြီး ခွေမျိုး မေ့သွားမှာ။ ဒါပေမယ့် ဖျကိုတော့ မမေ့နဲ့နော်။ အားကိုးစရာဆိုလို့ ကိုနောင်တော်ကြီးတစ်ယောက်တည်း ရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုတတ်ပြန်ပါတယ်။ သူမသည် တစ်နေ့လုံး ကျွန်တော့်အား နွေးထွေးညင်သာတဲ့ ခံစားမှုတစ်ခုကို လွှမ်းခြုံပေးထားပါတယ်။ ညနေ အိမ်ပြန်ရောက်လျှင် ကျွန်တော် မာစီးဒီးဖြူခန့်ခန့်ကြီး၏ LOVER SEAT ပေါ် နေရာပေးလျှင် . . .

"ဖျူ ပထမဆုံး ဒီနေရာမှာ ထိုင်စီးဖူးတာနော်၊ အချိန်တွေနှမြောသား"

"ဟိုတုန်းက ကိုယ်တို့ တိုက်ပွဲတွေ ဖြစ်နေတာလို"

"ခုတော့ မဖြစ်တော့ဘူးဆိုတဲ့ သဘောပေါ့နော်"

ဖျူ၏ ကျွန်တော့်အား ဆွဲအဖွယ်စကားလုံးတို့နဲ့ တစ်ပါတည်း ဝိတ်ဆို ဆီးတားတတ်ပါတယ်၊ သူမ အိမ်ပြန်ရောက်လာတာကို ဖော်လေးနဲ့ တော်လတ်တို့က တအံ့တဩကြီးဖြစ်ကာ ငေးကြည့်လျှင် သူမက . . .

"ဖျူ ဒီကိုပြန်လာတာ တော်လတ်ရော၊ တော်လေးရော ကျေနပ်ရဲ့လား မသိဘူး"

"ဟာ . . . မဟုတ်တာဘဲ ဖျူရာ၊ မကျေနပ်စရာမရှိပါဘူး။ ကျွန်တော်တို့ကတောင် လည့်အတွက် စိတ်မကောင်းဖြစ်ပြီး တောင်းပန်ရမှာပါ"

"ဟုတ်ပါတယ် ဖျူ . . . ကျွန်တော်တာလည်း ဖျန်းသစ်



အတွက် အရမ်းခံစားရပါတယ်၊ ခွင့်လွှတ်ပေးပါဗျာ"

ဖော်လေးနဲ့ တော်လတ်တို့သည် တိုးဖွဖွဆိုရာမှ အများခတ်တွင် တုန်ယင်သွားကာ ကျွန်တော့်ထံ စိုးထိတ်ဟန်နှင့် အကြည့်တွေရောက်လာလျှင် ကျွန်တော့်မှာ လင်းရောင်ဖျူ ရိုဝိဒ်သွားမည် စိုးရိမ်ကာ မလုံမလဲနဲ့ ပထမဆုံး မျက်နှာလွှဲခြင်းပင်။

ကျွန်တော့်ဟာ ဘာကြောင့်များ မျိုးရိုးအစဉ်လာပေါ် စွဲလမ်းအယူသည်းခြင်းထက် သူမ၏ ပြုပြင်ကြေကွဲမည့်အဖြစ်ကို မလိုလားရလိမ့်။

"ထားပါတော့ . . . ပြီးခဲ့တာတွေ ပြီးပြီပဲ၊ ဒီလိုပါပဲ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ရမှာပဲ၊ ဖျူ . . . ဖျူ သစ်ရေတရားကို နှလုံးသွင်းထားပါတယ်"

"လင်းရောင်ဖျူ နားတော့လေ . . . အမေသွင် . . . ဖျူကို အခန်းထဲ ပို့ပေးလိုက်၊ လိုအပ်တာ လုပ်ပေးပါဦး။ ကဲ . . . လင်းရောင်ဖျူ ခေါင်းထဲ ဘာမှမထားဘဲ နားလိုက်တော့"

ကျွန်မသည် အလွန်နာခံလွယ်သော ကလေးငယ်တစ်ယောက်လို သူ့ရှေ့မှ ထွက်လာခဲ့ပါတယ်။ ကျွန်မရဲ့ နောက်ကျောတွင် အံ့ဩရှုမောဖွယ် မျက်ဝန်းနှစ်စုံနဲ့ ချစ်ရိပ်တစ်ခွန်းသာ ဝွန်းထင်နေတဲ့ မျက်ဝန်းတစ်စုံ ကပ်ငြိပါလာမည်ဆိုတာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက် သိပြီးသားပင်။

ကဲ . . . ကြည့်စမ်း တစ်နေ့တည်းမှာပင် ယုံကြည်မြတ်နိုးမှု တချို့တစ်ဝက်ကို သူ့ထံမှ ရရှိခြင်းသည် ကျွန်မအတွက် အောင်မြင်မှု တစ်ပိုင်းတစ်စပင်။

ကျွန်မက မျက်နှာကြက်ကို မော့ကြည့်ကာ အူလှိုက်သည်းလှိုက် ရယ်မောရင်း . . .

"ပြီးခဲ့တာတွေ ဘယ်တော့မှ မပြီးစေရဘူး နှောင်တော်ကြီးရေ . . . ။ ကျွန်မဘဝရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ လည်နဲ့မျိုးသစ်တို့ အပြီးတိုင် ပျောက်ကွယ်ရသလို ရှင့်ဘဝ တစ်စိတ်တစ်ပိုင်းလည်း ပျောက်ကွယ်စေရမပေါ့။ အသက်ရှင်ပြီး ဘဝမဲ့နေတဲ့ ကျွန်မလို ရှင်လည်း ဖြစ်စေရမှာပေါ့။ ဟာ . . . ဟ . . . အဲဒါဟာ ရှင့်ကို ကျွန်မ တုံ့ပြန်မယ့် ဖန်တီးပေးမယ့် ဘဝသစ်တစ်ခုပေါ့ကွယ်"

ဟု၍ ကျွန်မသည် ကျေနပ်ကြည်နူးစွာ မြည်တမ်းနိုင်လေပြီတည်း။

× × ×

# အခန်း(၁၁)

"ဟိတ် . . . ထတော့လေကွာ။ အိပ်ပုတ်ကြီးမနေနဲ့။ (၇း၀၀) တောင်ထိုးနေပြီ။ ဒီမှာ ကြည့်စမ်း . . . မှုတောင် ရေမိုးချိုးပြီးလို့ သနပ်ခါးတွေတောင် လိမ်းပြီးပြီ . . . ထတော့"

နှာဝဆီမှ သနပ်ခါးနံ့ သင်းပျံ့ပျံ့နှင့်အတူ မျက်လုံးဖွင့်ကြည့်တာနဲ့ ကျွန်တော့်မျက်နှာပေါ် အုပ်မိုးနေတဲ့ သနပ်ခါးပါးကွက်ကြား ဆံပင်ကောက်ကလိမ်လေးနဲ့ မလိုက်ဖက်တဲ့ ကိုရှပ်လေးကို တွေ့လိုက်ရပါတယ်။

"အစောကြီးပဲရှိသေးတယ် လင်းရောင်ဖုရဲ့

www.burmeseclassic.com



"ခြော် ... ဒီလိုကြေးလား ... ပြော ... ဖျတောင် ဘုရား လည်းရှိခိုးပြီးပြီ၊ ရှင်တို့တစ်တွေ စားဖို့ မနက်စာတောင် အမေသွင် နဲ့တူတူလုပ်ပြီးပြီ၊ ဒါတောင် အစောကြီးရှိသေးလား ... ရဘူးကွာ၊ ထရမယ် ... ထ ... ထ"

ဟု ဖွတ်ဆိုကာ အတင်းကြီးဆွဲထူပါတော့တယ်၊ ကျွန် တော်သည် ရုတ်တရက် တိုးဝှေ့ကျီဆယ်တာ သူမလေး သနပ်ခါး နံ့ရယ်၊ နွေးထွေးညင်သာတဲ့ လက်အစုံရဲ့အထိအတွေ့ကြောင့် ကျွန်တော့်မှာ ရင်တွေ တဒိုင်းဒိုင်း ခုန်ပေါက်လာပြီး ဖျတ်ခနဲ သူမ ကို သိမ်းပွေ့ကာ ခပ်ဖွဖွ အနမ်းဦး ခြွေချခြင်းပင်၊

"အို"

သူမလေးသည် ထိုသို့ အလန့်တကြား အာမေဋိတ် ထွက်သွားကာ ကျွန်တော့်ရင်ဘတ်ကို လက်နဲ့တွန်းထားရင်း ...

"လွှတ်ကွာ ... ဖယ် ... ဖျ ... ဖျ ... အောက်ထပ်ဆင်း တော့မယ်"

"ဟာ ... ဒီလို ဘယ်ရမလဲ၊ ကိုယ်မှ အိပ်ရာက မနိုးသေး တာ၊ ကိုယ့်ကို ဆက်နိုးလေ ... ကိုယ်နိုးမှ အောက်ထပ်ဆင်းပေါ့"

"ဟွန်း ... မနိုးပေလို့ဘဲ ... ကဲ ... လွှတ်"



ဟု၍ မျက်လုံးချင်းမဆုံဘဲ ရှက်ဝဲဝဲနဲ့ ဆိုပါတယ်၊ ကျွန် တော်သည် ဒီလောက်မြန်တဲ့ ရင်ခုန်သံတွေက ကဗ်ပြောတဲ့ စကားသံတွေကြောင့် ရင်ထဲမှာ ဟိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရတနာတစ်ပါးကို ဖြုန်းခနဲ တွေ့ရှိကာ ...

"ဖျ ... ကိုယ် ... ဖျကို ချစ်မိသွားပြီ သိလား"

"အဟုတ် ... တကယ်"

သူမလေးသည် ကြည့်လဲ့စင်နတဲ့ မျက်စန်းအကြည့် တွေနဲ့ မေးလျှင် ကျွန်တော်က ခပ်သွက်သွက် ခေါင်းညိတ်ပြမှ သူမက ...

"တော်စမ်းပါ ... လက်ထပ်ပြီး တစ်နှစ်ကျော်မှ ဒီစကား က အခုမှဝင်ဘူး သိရဲ့လား ယောက်ျားရဲ့"

သူမက ကျွန်တော့်နဖူးကို သူ့မနဖူးနဲ့ ဝင်တိုက်ပြီးပြော လျှင် ...

"ဘာပဲဖြစ်ဖြစ် ချစ်တာက ချစ်တာပဲ မိန်းမရဲ့"

အားကျမခံစွာ ပြန်ပြောရလေပြီ၊

ကျွန်တော်တို့သည် ပွင့်လင်းစွာ ချစ်ကြတဲ့ဇနီးမောင်နှံ ဖြစ်သွားသည့်နောက်ပိုင်းတွင် သူမလေးသည် သူမကျုအောင်ပင်

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သိမ်မွေ့ကြင်နာတတ်သော ဇနီးကောင်းတစ်ဦးဖြစ်မှန်း သိခဲ့ရပါတယ်။

ကျွန်တော် အိမ်ကထွက်ကာနီးအချိန်အထိ လက်ဆယ်ချောင်း တစ်ချောင်းမှ မလှုပ်ရဘဲ၊

“ယောက်ျားရေ . . . လာ . . . မှန်ရှေ့မှာထိုင်၊ ဖျ ခေါင်းဖြီးပေးမယ်၊ ပြီးရင် အင်္ကျီ ဘောင်းဘီ ဖိနပ်တွေပါ တစ်ပါတည်း ဝတ်ပေးမယ်”

သူမပြောသည့်အတိုင်း အစအဆုံး လုပ်ပေးလျှင် ကျွန်တော့်မှာ . . .

“ဖျရာ ဘောင်းဘီတော့ ကိုယ့်ဟာကိုယ်ပဲ ဝတ်ပါရစေကွာ . . . ကိုယ် ရှက်လို့ပါ”

“အံမယ် . . . သူကပဲ တစ်ပြန်စီး ရှက်ရသေးတယ်။ ကဲ . . . ကဲ . . . ဝတ်တော်မူ . . . စော်တော်မူ”

ဟု ဆောင့်ကြီးအောင့်ကြီးနှင့်ထိုင်နေပါတယ်။ ကျွန်တော်က နောက်ကျောမှ သိမ်းကျုံးမွေ့ဖက်ကာ . . .

“စိတ်မကောက်ပါနဲ့ကွာ . . . ပြီးရင် ခါးပတ်ပတ်ပေး နက်(ခ)တိုင်စည်းပေးပေါ့ကွာ”



ချော့ချော့မော့မော့ ဆိုရပါပြီ။ ကျွန်တော့်အား ပြင်ဆင်ပေးပြီးလျှင် သူမလေးသည် လက်ဆွဲအိတ်ကို ဆွဲကာ ကားနားအထိလိုက်ပို့ပေးပြီး . . .

“ဒီနေ့ညနေ စောစောပြန်လို့ရရင် ပြန်လာခဲ့ပါကွာ နော်။ ဖျ တစ်ယောက်တည်းမို့လို့”

ဟု ကျွန်တော့်အား မမေ့မလျော့နဲ့ တာစည့်မှာစမြဲတည်း။ ကျွန်တော်ကလည်း သူမလေးကို ကြာရှည်မခွဲရက်လွန်းသွာနဲ့ အရေးတကြီးအလုပ်မှလွဲ၍ အိမ်သို့ ပြန်လာရမြဲ။

ကျွန်တော့်ကားဝင်လာလျှင် သူမလေးသည် ပေါ်တီကိုအောက်သို့ လာကြိုနှင့်ပြီး ကျွန်တော့်အိတ်ကို ဆွဲကာ ကျွန်တော့်လက်မောင်းကို ဟီးလေးဆိုပြီး . . .

“သံပုရာရည်ဖျော်ပြီးပြီ . . . အမောပြေသောက်လိုက်ဦးသိလား။ ခဏနားပြီးတာနဲ့ ရေချိုး . . . တော်လတ်တို့လည်း ရောက်နေပြီ၊ ညစာ စားကြမယ် မြန်မြန်လုပ်”

ဟူ၍ ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်ပါတယ်။ ကျွန်တော့်မှာ သူမလေးရဲ့ ဆန္ဒအတိုင်း ခပ်သွက်သွက်လုပ်ပေးရပါတယ်။ ထမင်းစားဝိုင်းမှာ လူစုံတက်စုံ တွေ့ရချိန်၌ တော်လတ်တို့

www.burmeseclassic.com

www.burmeseclassic.com



သည် ပြုံးစေရုက်နှာလေးနဲ့ . . .

"ကိုကြီးကြည့်ရတာ စိတ်ချမ်းသာနေသလိုပဲနော်။ ကြည်နူးရိပ် တလက်လက်နဲ့"

"ဒါပေါ့ကွ . . . မှီရတဲ့မျက်နှာဆိုတာ"

နိစ်ကွက်တတ်ပါသည်။ ကျွန်မတာတော့ ထိုစကားတွေကြားတိုင်း သူ့ရဲ့ပျော်ရွှင်နေမှုတွေကို မနစ်မြို့စွာ ရှုံ့ရှာစွာနဲ့ ပျို့အန်ချင်လာပါတယ်။ ကြည့်စမ်း . . . သူတို့တွေဟာ အသက်ဆုံးရှုံးတိမ်းပါးလေတဲ့ သူတို့နဲ့ပတ်သက်တဲ့ ဇနီးမလေးတွေ၊ သားသမီးတွေကို မေ့နေလေပြီ။

နောင်တော်ကြီးကရော လက်သည်မပေါ်တဲ့ သတ်နည်းမျိုးနဲ့ လည်၊ ဖျန်းသစ်၊ မေမေ နောက်ပြီး မမြင်ရသေးတဲ့ ကလေးငယ်ရဲ့ အနာဂတ်တို့ကိုပါ မြေမြှုပ်ခဲ့လေပြီ။ ဒါတွေကို သူတို့တွေက လွယ်ကူစွာ မေ့ပစ်နိုင်ကြပါတယ်။

"ထပ်တူညီတဲ့ဘဝမျိုး ရှင်တို့တစ်တွေ ပြန်ခံစားရစေမယ် နောင်တော်ကြီးရေ . . . ကျွန်မ အဲဒီအခွင့်အရေးကို အမြဲစောင့်နေမယ်"

ဟူ၍ တိုးတိတ်စွာ ရေရွတ်တတ်စမြဲပါ။ သို့သော် ထို



အခွင့်အရေးသည် သိပ်မစောင့်စားရဘဲ ကျွန်မထံ ရောက်ရှိလာခဲ့ပါတယ်။

"မနက်ဖြန် မနက်စောစော တော်လတ်နဲ့ တော်လေး မြင်ဦးလွင် တက်ရမယ်။ ငါနဲ့ ဖျ နောက်နှစ်ရက်ကြာရင် လိုက်လာခဲ့မယ်။ တော်လတ် မင်းရဲ့ သတို့သမီးလောင်းကို စေ့စေ့စပ်စပ် အကဲခတ်ပါနော်။ ဒီတစ်ခါ လွှတ်တာ ဖြင်းဖို့မဟုတ်ဘူး။ ရင်းနှီးဖို့လွှတ်တာ တော်လေးကလည်း မကြာခင် ဖြစ်လာတော့မယ့် သတို့သမီးကို လေ့လာထား၊ တော်လတ်တို့ကို လက်ထပ်ပြီးရင် မင်းတို့ကို စေ့စပ်မယ်"

ဟု သူက တချကြမ်း အစီအစဉ်တွေချလျှင် ကျွန်မသည် တအံ့တသြကြီးဖြစ်သွားကာ . . .

"တော်လတ်က လက်ထပ်တော့မှာ"

ဟုအကြောင်းစုံမသိသေးသူပီပီဝင်မေးလျှင် တော်လတ်က မသက်မသာနဲ့ ခေါင်းညိတ်ပြပြီး သူ့ထံ မေးငေါ့ပြပါတယ်။

"ကိုလတ်သတို့သမီးရဲ့ ညီမကို ကျွန်တော်က လက်ထပ်ရမှာ . . ."

ကျွန်မသည် မိုက်ခနဲပင် ဖြစ်သွားရပါတယ်။ ကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ မကြာခင်ကပဲ သေဆုံးကွယ်ပျောက်သွားတဲ့ လည်နဲ့ ဖျန်းသစ်ကို နည်းနည်းမှ ဂရုမပြု မစာနာဘူးတဲ့လား၊ ဒီလိုပဲ လွယ်လွယ်မေ့ပျောက်စွန့်ပစ်တတ်လို့ ရရှိုးလား။ ကျွန်မသည် အတွေးထဲမှာ အောင့်မနေနိုင်ဘဲ . . .

"နေပါဦး . . . တော်လတ်တို့က ခု လက်ထပ်မယ့် မိန်းမကိုရော ချစ်ရဲ့လား"

တော်လတ်သည် ကျွန်မအမေးကို ခပ်လေးလေး ခေါင်းရမ်းပြကာ . . .

"ကျွန်တော့်အချစ်တွေက လည်နဲ့ အတူတူပါသွားပြီ ဗျာ။ ကျွန်တော်တို့မှာ အချစ်ဆိုတာ ရှိမှမရှိတော့တာ၊ ရှိလို့လည်း မရဘူးလေ။ အရာရာက သေဆုံးပြီးသွားခဲ့ပြီပဲ"

ဟု ဆိုလေသည်။ တော်လေးကတော့ ဆံပင်တွေနဲ့ ကာကွယ်ရင်း စီးဆင်းလာတဲ့ မျက်ရည်စတွေကို ကျိတ်သုတ်လေပြီး ကျွန်မသည် တော်လတ်၏ စကားကြောင့် . . .

"လည် နင်ဂုဏ်ယူစမ်းပါဟယ် . . . တော်လတ်က နင့်တစ်ယောက်တည်းကိုပဲ ချစ်တာတဲ့၊ ဖျန်းသစ် . . . နင်ရော တော်လေး ကျိတ်ငိုတာ တွေ့တယ်မဟုတ်လား။ သူတို့ကို ကျေနပ်လိုက်။ ဒါပေမယ့် ခွင့်မလွှတ်နဲ့ နင်တို့အစား ငါ ဒဏ်ပြန်ခတ်ပေးမယ် . . .။ မျှော်ညှိုတွေဝေတဲ့ အယူသည်းလွန်တဲ့သူတို့အတွက် ထိုက်တန်တဲ့အပြစ်ဒဏ် ငါ စီရင်ပေးမယ်။ တမလွန်ကနေ ငါ့ကို ကူညီစောင့်ရှောက်ကြစမ်းဟယ် . . . နော်"

ဟူ၍ တိုင်တည်ကာ ကျွန်မရဲ့စီရင်ထုံး အမှတ်(၁) ကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျွန်မသည် သူတို့ စီးနင်းသည့် မာစီဒီး အနက်ရောင်ကြီးကို ကြိုတင်သိထားသူပီပီ ထိုနေ့ည သန်းခေါင်ယံအချိန်တွင် ချွတ်ချော်တိမ်းပါးစေမည့် စက်ချွတ်ယွင်းမှုတစ်ခုကို ဖန်တီးခဲ့ခြင်းပင်။

နံနက် မှောင်ရီဖျိုးဖျမှာပင် တော်လတ်နှင့် တော်လေးတို့သည် စီးနင်းမောင်းနှင်မည့် ကားကြီးပေါ် တက်ကာ . . .

"ကဲ . . . သွားပြီ . . . ကိုကြီးနဲ့ ဗျူ။ ကိုကြီးတို့လည်း ဟန်နီးမွန်းခရီးစဉ်အဖြစ် နောက်က လိုက်ခဲ့ကြနော်"

"ဖျရေ . . . ကိုကြီးကို စိတ်ချမယ်နော် . . . သွားပြီဗျို့"

ဟု ချွတ်နောင်တနောက်နဲ့ နှုတ်ဆက်လေပြီး၊ ကျွန်မသည် သူတို့ကားကြီးကို မျက်စိတဆုံး လိုက်လံငေးမောရင်း . . .

"တစ်သက်စာအတွက် နှုတ်ဆက်ပါတယ် . . . နောင်

www.burmeseclassic.com



တော်နှစ်ယောက်ရယ်။ မင်းတို့ကို လည်နဲ့ဖျန်းသစ်တို့ စောင့်နေလိမ့်မယ်"

ဟု မြည်တမ်းကာ ကောင်းကင်ယံကို မော့ကြည့်လျှင် လည်နဲ့ဖျန်းသစ်တို့ အပြုံးတွေဝေနေတဲ့ မျက်နှာနှစ်ခုကို မြင်ယောင်မိသယောင်။

"နင်တို့ ကြိုလိုက်ပါနော် . . . တော်လေးနဲ့ တော်လတ် လာနေပြီဟဲ့"

စိတ်တွင်းမှ တီးတိုးပြောစဉ် . . .

"ဖျ . . . ဖျ . . . ဘာတွေ တွေးနေတာလဲ"

"ဟင် . . . ဘာလဲဟင် ဘာလဲ"

"ဟောဗျ . . . ဗျာက ကားကြီးကို ငေးလိုက်၊ ကောင်းကင်ကို မော့ကြည့်လိုက်နဲ့မို့လို့ ကိုယ်က မေးတာ။ ဘာတွေတွေးနေတာလဲလို့"

ကျွန်မသည် စကားနဲ့အတူ ပခုံးဆီသို့ မြွေတစ်ကောင်လို ရစ်ပတ်လာတဲ့ သူ့လက်အစုံကို ရှုံ့ရှာစွာငုံကြည့်ရင်း . . .

"ဘာမှမတွေးပါဘူးကွာ . . . ကဲ အိမ်ထဲဝင်ကြမယ်လေ ရှင်သွားဖို့တော့ကျွန်ုပ်ကစီစဉ်ပေးရဦးမှာယောက်ျားရဲ့မဟုတ်ဘူးလား"



ဟု၍ သူ့ရင်ခွင်မှာဟန်ဆောင်မှီနွဲ့ရင်း အိမ်ထဲသို့ ဝင်လာခဲ့ရပါတယ်။ ကျွန်မသည် ကိုယ့်လုပ်ရပ်၏ အောင်မြင်ခြင်းသတင်းကောင်းကို ထိုအချိန်မှစ၍ မျှော်တလင့်လင့်နဲ့ စောင့်စားရချေပြီ။

သန်းခေါင်လွဲကျော်စပြုသည့် ခပ်မဆိတ်ညတွင် ရုံးရှုစွာ မြည်လာတဲ့ ဖုန်းသံသည် ကျွန်မ၏ မျှော်လင့်ချက်ကို အဆုံးသတ်ပေးခဲ့ပါတယ်။ သူက ကျွန်မကို သိုင်းဖက်ထားတဲ့ လက်ဖြင့် ဖုန်းကို လှည့်ယူကာ . . .

"ကျွတ် . . . ဒီအချိန်ကြီးကျမှကွာ"

အိပ်မှုံစုံဝါးနဲ့ ရေရွတ်ပါတယ်။ ကျွန်မကတော့ ဆတ်ခနဲ ဝင်ရောက်လာတဲ့ သတိကို အသည်းအသန် ဖမ်းဆုပ်ထားရင်း မျှော်လင့်ရင်ခုန်ရပေပြီ။

"ဗျာ . . . မဖြစ်နိုင်တာ သေချာရဲ့လားဗျ။ . . . ဗျာ နောင်တော်လတ် (ဇကာ . . .) ဟုတ်ပါတယ် . . . ဟုတ်ရဲ့လားဗျာ။ ပွဲချင်းပြီး တော်လေးရော . . . ဗျာ . . . နှစ်ယောက်စလုံး . . . ကျွန်တော် . . . ခုပဲ လိုက်လာခဲ့ပါမယ်"

သူ ဖုန်းကိုချပြီး ကျွန်မဘက်အလှည့်ကို မျှော်တလင့်လင့် စောင့်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ ဘာဖြစ်တာလဲ . . . ဖျ . . . ဖျက်ကို ပြောပြပါဦး"

သူ့မျက်လုံးထဲက သွေးကြောမျှင်တွေဟာ နီရဲဖောင်းကြွနေပြီး၊ မျက်ခမ်းသားတို့ကို တဆတ်ဆတ်တုန်ခါနေပါတယ်။ သူက ဖျက်ကို အကြာကြီး ငေးကြည့်ကာ . . .

"မြင်ဦးလွင်အတက် တော်လတ်တို့ ဘရိတ်ပေါက်ပြီး တောင်အောက်ကို ထိုးကျ . . . ကွာ"

"တော်လတ်တို့ ဘာဖြစ်သွားကြလဲဟင်"

"နှစ်ယောက်စလုံး မွဲချင်းပြီးတဲ့"

"အို"

သူသည် ရမ်ဖျက်ဆင်းဖျက် ခံစားနရပုံရကာ၊ ဝမ်းပန်းတနည်းနဲ့ ကျွန်မရင်ခွင်ထဲ တိုးဝှေ့ပြီး၊ ရှိုက်ကြီးတငင် စတာပ်ငိုချပါတော့တယ်။ ကျွန်မရဲ့ အင်္ကျီရင်ဘတ်တွေ၊ လက်မောင်းတွေ နေရာမလပ်ဘဲ တခဏချင်း သူ့မျက်ရည်တွေနဲ့ စိုနစ်ရွဲစေပြီ။

ကိုင်း . . . ယောက်ျားရင့်မကြီးတစ်ယောက်ဖြစ်တဲ့ သူဟာ . . . ညီနှစ်ယောက်တစ်ပြိုင်တည်း ပျောက်ကွယ်သေဆုံးခဲ့တဲ့ အဖြစ်ကို ဤမျှ ပြင်းထန်စွာ ခံစားရလျှင်၊ ကျွန်မတုန်းက နိုလ့်ရာရင်ခွင်မှကာ၊ မေမေနဲ့ မိနှစ်ခြားတဲ့ ညီမနှစ်ယောက်ကို ဆုံးရှုံး



လက်လွှတ်ခဲ့ရတာ။

နွေးထွေးတဲ့ အုတ်နံရံမရှိတဲ့ အုတ်နံရံကြီးကို ဖက်တွယ်ပြီး ငိုခဲ့ရတာ။

ကျွန်မသည် ရှိုက်ငိုမပြီးနိုင်တဲ့ သူ့ကို ငုံ့ကြည့်ရင်း . . .

"ငါ ပြစ်ဒဏ်ချပြီးပြီ။ ကဲ . . . ဒီတစ်ကြိမ်စီရင်မှာက ရှင်နဲ့ ကျွန်မရဲ့ လှည့်ပေါ့။ ရှင့်ဘက်က ပေးဆပ်ရမှာက ဘဝနဲ့အချစ်ဖြစ်ပြီး၊ ကျွန်မဘက်က ကိုယ့်ကိုယ်ကိုယ် တစ္ဆေတစ်ကောင် အဖြစ် ပြောင်းလဲပစ်ရမှာပေါ့"

ဟု တိုးတိတ်မြည်တမ်းရင်း ဤစီရင်ထုံး (၂) အား "တစ္ဆေတစ်ကောင်၏စီရင်ထုံး" ဟု ပညတ်ထားခဲ့ပါပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

ကာမဂ္ဂဝါဒိယကာင်ငေါဝိဓိရှင်းလင်းချက်...

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များသည် ကျွန်တော့်ဘဝထဲတွင် အိပ်မက်ရေပွက်တစ်ခု၊ မျက်လှည့်ပွဲတစ်ခုပမာ လျင်မြန်စွာ ပြီးဆုံးပျောက်ကွယ်သွားရပေမယ့် ကျွန်တော်သည် ကြေကွဲနာကျင်မှုကို ပြင်းပြသည်းထန်စွာ ခံစားဖူးတာကြောင့် ထိုမှ ထပ်လာမည့် ခံစားမှု ပြင်းပြင်းတွေကို မလာစေချင်တော့ပြီ။

ထိုအကြောင်းကို တွေးမိတိုင်း ဖျူအား ခပ်တင်းတင်း ဖွေ့ဖက်ကာ . . .

"ဖျူ . . . ကိုယ့်ကို ဘယ်နည်းနဲ့မဆို ပစ်မသွားပါနဲ့၊ ခွဲမသွားပါနဲ့ကွာ၊ အဲဒီ ကတိတစ်ခုလောက် ပေးပါ"

ဟု ကျွန်တော်က ကတိတောင်းလျှင် ဖျူသည် ခပ်ပါးပါးပြုံးကာ . . .

"ဖျူ . . . ကျောက်စာထဲကလို ယောက်ျားလေး မမွေးပေးနိုင်ခဲ့ရင်ရော"

ဟုမေးလျှင် ကျွန်တော်သည် တွေဝေကာ အဖြေမထုတ်ပဲ ဖျူကိုသာ ပျောက်ကွယ်သွားမှာ စိုးမတတ်ဖြင့် အကြာကြီး ရင်ခွင်ထဲထည့်ကာ . . .

"ဘာပဲဖြစ်ဖြစ် ဖျူရာ . . ."

စကားမဆက်နိုင်တော့ချေ။ ဒီတစ်ကြိမ်တော့ ဖျူသည်

www.burmeseclassic.com

ကျွန်တော့်ရင်ခွင်ထဲမှ ရုန်းထွက်ကာ . . .

"ရှင် စိတ်ဝင်စားမယ်ဆိုရင်လေ ဖျူမှာ သိပ်လှတဲ့ စိတ်ကူးလေးတစ်ခုရှိတယ်၊ အဲ့စိတ်ကူးထဲမှာ ကျောက်စာလည်း မရှိဘူး၊ အမေသွင်လို မျိုးရိုးစဉ်လိုက် အကြောင်းသိနေတဲ့လူလည်း မပါဘူး၊ မှိုင်းမိနေတဲ့ ဒီအိမ်ကြီးလည်း မပါဘူး။ ကဲ အဲဒီ စိတ်ကူးထဲမှာ ဘယ်သူပါလဲ ရှင် တွေးကြည့်စမ်း"

"အင်း . . . ဖျူ စိတ်ကူးဆိုတော့ ဖျူက မပါမဖြစ်ပေါ့။ ပြီးတော့ ကိုယ်ရောပါလား"

"အိုး . . . Right . . . ကြည့်စမ်း ဖျူယောက်ျားလေးက ဉာဏ်ကောင်းသား။ ပြီးတော့ဖျူတို့ရဲ့မေ့ဘေးချာလှတဲ့ရင်သွေးလေး"

"ဒါပေါ့ . . . ဖျူ ကမ္ဘာလေးတစ်ခု ထူထောင်မယ်၊ အဲဒီထဲမှာ ဘယ်သူမှမပါဘူး၊ ဖျူတို့တစ်တွေပဲပါရမယ်။ ကဲ . . . ဘယ်လိုလဲ စိတ်ဝင်စားလား"

ဟု မေးလျှင် ကျွန်တော်သည် ဖျူကို မခွဲခွာလိုတဲ့ ထက်သန်သော စိတ်တို့ဖြင့် . . .

"စိတ်ဝင်စားတာပေါ့။ အဓိက.က ကိုယ်နဲ့ဖျူ မခွဲခွာဖို့ဘဲ"

ဖျူသည် ကျွန်တော့်ထံမှ စကားကိုရလျှင် ထက်သန်တောက်ပြနေတဲ့ သွေးရောင်စိုစို မျက်နှာလေးဖြင့် . . .

"OK . . . OK . . . ဒါဖြင့် ဖျူရဲ့စိတ်ကူးကို အကောင်အထည်ဖော်ကြစို့။ ဖျူတို့နှစ်ယောက်ကလွဲပြီးဒါကိုဘယ်သူမှမသိစေချင်ဘူး။ တကယ်လို့များဖြစ်မလာခဲ့ရင် ဖျူတို့ကမ္ဘာလေးထဲမှာ အပြီးတိုင်ဖတ်တ်မြှုပ်ပစ်ရမှာအဲဒီထိရောရှင်စွန့်စားရဲပါ့မလားဟင်"

ကျွန်တော်က ဖျူရဲ့ လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း

"ဒီလိုမျိုး ဖျူနဲ့နေကြေးဆိုရင် ဘဝမှာ အားလုံးကို စွန့်လွှတ်ရဲတယ်၊ ဖျူ ရှိနေမယ့်ဆိုရင် ဘဝမှာ တခြား ဘာမှမလိုတော့အောင် ပြီးပြည့်စုံပြီ"

"ဒါဆို ဖျူ . . . ကမ္ဘာလေးကို အရင်သွားထူထောင်မယ်။ ပြီးတော့မှ ဖျူ ယောက်ျားကို လှမ်းခေါ်မယ်"

"ဟာကွာ . . . ဖျူကလည်း တူတူသွားရင်မရလို့လား"

"ရှော် . . . တူတူသွားမှတော့ အမေသွင်တို့က ရိပ်မိမှာပေါ့၊ ညီတွေကျတော့ ပုံစံသွင်းပြီး သူကျတော့ ကိုယ်လွတ်ရုန်းတယ်ဖြစ်မှာပေါ့။ ဖျူတို့က ဘာမှမဆိုင်တဲ့ ခရီးတစ်ခုကို သွားတယ်လို့ပဲ သိပစေ။ အဆင်သင့်ဖြစ်လို့ ဖျူ လှမ်းခေါ်ရင် ရှင်က ခရီးတစ်ခုကို အကြောင်းပြပြီး ထွက်ခဲ့ . . . ကဲ . . . အဆင်မပြေဘူးလား"

ဟူ၍ ဖျူက ခပ်မြူးမြူးလေး မေးလျှင် ကျွန်တော်က . . .

"ဖျူနဲ့မခွဲရရင်ပြီးရောကွာ"

ဟူသတည်း။ တကယ်တမ်းတော့ ဖျူ၏အချစ်ကို ကျွန်တော် စုံလုံးမိတ်ကာ ပုံယုံကြည်မိပြီး၊ ကျွန်တော့်အဖြစ်သည် . . .

"မျက်ကန်း တစ္ဆေ မကြောက်" သော အဖြစ်မျိုးနှင့် ဆင်တူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# နောင်တော်ကြီး

ဖေနှင့် ကျွန်တော်တို့၏ ဇာတိရွာသည် လူသူမနီး သည့် ကျွန်းကလေးတစ်ကျွန်းမှာဖြစ်ပြီး ၂၀တန်ကြာ နေထိုင် ရှင်သန်ရန် ဖြစ်သည်။ ထိုကျွန်းစုလေးဆီသို့ တောင်သောင်း ရနေ့ခင်းမှ တစ်နေ့ကုန်သည်ထိ စပိဘုတ်နှင့် မောင်းနှင်ကာ သွားရသော နေရာဖြစ်ပြီး၊ ကျွန်းအတော်များများရှိကာ ရှုပ်ယှက်ခတ်နေသော ရိုပ်မြုံတစ်ခုပင်၊ တော်ရဲ့ စက်လှေ တောင် အရောက်အပေါက် နည်းသည့်အဖြစ် . . .

ဖေ့အပြောကတော့ ဒီနေရာဟာ တတ်မြုပ်နေထိုင် လို့ရတဲ့ နိုင်ငံတစ်ခုတဲ့လေ၊ ဖေ့သည် တားနုပ်ရိကွာ လိုအပ် သမျှ ပစ္စည်းတန်ဆာပလာတွေ ဝယ်ယူစုဆောင်းကာ အကွက်ကျကျတည် ထောင်ထားလေပြီ၊

မည်သည့်အချိန်ကမှ မောင်းနှင်တတ်သွားလည်း မသိတဲ့ စပိဘုတ်ကို ကျွမ်းကျင်စွာ ပဲကိုင်ရင်း . . .

ကျွန်တော်အား ထိုကျွန်းပေါ် ခေါ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

ကျွန်းသည် စိမ်းညို့ညို့ တောအုပ်ကလေးနဲ့ တူပြီး၊ ဒီရေတက်ချိန်တွင် ကျောက်ဆောင်တွေကိုပါ ရေဖုံးလွှမ်းကာ ပင်လယ်လှိုင်းလုံးကြီး တလိပ်လိပ်တက်လာသည်ကို အနီးကပ် တွေ့ရပါတယ်။

ဖျန်နဲ့ကျွန်တော်သည် ကျွန်းပေါ်ရောက်ရောက်ချင်း ကျွန်း အတွင်း လေကွယ်ရာအရပ်တွင် ရွက်ဖျင်တဲကြီး အလျင်အမြန် ထိုးကာ စည်သွပ်ဘူးတွေ၊ ဆန်တွေ၊ အိုးတွေ၊ ပုလုံးတွေကို ခြင်း ကြီး ခြင်းငယ်နဲ့ တဲလေးဆီကို သယ်ရပါတယ်။

"ဟာ . . . ဟ . . . ဖျတ္တို့ အမဲလိုက်မုဆိုးတွေကနေတာ ပဲနော်၊ ကြည့်စမ်း ရွက်ဖျင်တဲတွေ ဘာတွေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖျာသည် သူမ ထုထောင်ထားတဲ့ ကမ္ဘာကြီးကို သဘောအကျကြီးကျနေပေပြီ။

ပစ္စည်းတွေစုံလျှင် ကျွန်တော်လည်း ခြေကုန်လက်ပမ်း ကျကာ တဲထဲတွင် ဂုန်းခနဲ ပစ်လှဲလိုက်ရပြီး ဖျာသည် ကျွန်တော့် ရင်ဘတ်ပေါ်တွင် မေးတင်ကာ . . .

"ယောက်ျားရေ"

ဟု ထုံးစံအတိုင်းခေါ်လျှင် . . .

"ဟာကွာ . . . နားကလေတာတယ် ဖျာ၊ အခေါ်အဝေါ်ပြောင်း ခေါ်ကွာ"

"အလဲ့ . . . တွေ့လား။ ဟိုအိမ်ကြီးက ထွက်လာတာနဲ့ အတွေးအခေါ်အသစ်တွေ နရီလာပြီး အသက်ကို ဝဝရှူ"

"ဟော့ . . . ဖျာနော် မနောက်နဲ့၊ ကဲ အခေါ်အဝေါ်ပြောင်း ကွာ"

"ရ.ရစေမယ့် ပြောင်းခေါ်မယ်"

ဟူ၍ ဖျာသည် ကျွန်တော့်နားနားကပ်ကာ . . .

"ကို"

အကျယ်ကြီး ကျူးအော်ပါတယ်၊ ကျွန်တော်သည် ရုတ်တရက် လန့်ဖျပ်ကာ ငုတ်တုတ်ထထိုင်မိသည် အထိပင်၊ ဖျာသည်



ကျွန်တော့်ကိုကြည့်ကာ တဟားဟား ပွဲကျလျှင် ကျွန်တော့်မှာ မကျေမနပ်နဲ့ ပြန်စိုက်ကြည့်လျှင် . . .

"ဟော့ မိုက်ကြည့်ကြည့်တာလား . . . မကြောက်ဘူးနော် ဖျာကိုက ချလင်း(န်)ခေါ် ပြီးသား"

"ဒါဖြင့် မိအောင်ဖမ်းမယ်ကွာ"

ပြောပြောဆိုဆို ကျွန်တော်က ကုန်းရုန်းထကာ ဖျာကို လိုက်ဖမ်းလျှင် သူမသည် သဲပြင်တစ်လျှောက် တဟုန်ထိုး ထွက် ပြေးလေပြီ။ ကျွန်တော်ကလည်း အစွမ်းကုန်လိုက်ရင်း နောက်ဆုံးတော့ မောပန်းလာကာ ဖျာက . . .

"ဘုတ်တေးဟော့ . . . ဘုတ်တေး . . . ဒီမှာ မောနေပြီ"

ဟု အော်ကာ သဲသောင်ပြင်ပေါ်တွင် ထိုင်ချပစ်လိုက်ပါ တယ်၊ ကျွန်တော်ကတော့ သူမလေးနား မရောက် အရောက် သွားပြီး . . .

"မိပြီကွ"

ဆွဲဖက်ကာ အော်ဟစ်လိုက်ပါတယ်။ ကျွန်တော်နှင့် ဖျ သည် ပြိုင်တူ သောင်ပြင်ပေါ်တွင် လှဲအိပ်ချကာ အဆုံးမဲ့ပြာလွင် လွင် ကောင်းကင်ကြီးကို ကြည့်ပြီး . . .

"ညစ်ပတ်မှာတွေ ဘာတွေ မစိုးရိမ်ရတော့ဘူး ဖျာရေ . .

www.burmeseclassic.com

www.burmeseclassic.com



ပျော်လည်း ပျော်တယ်၊ လွတ်လည်း လွတ်လပ်တယ်။ ကိုယ်တို့ ဒီမှာ တစ်သက်လုံးနေကြရအောင်"

ဟု ကျွန်တော်ကဆိုလျှင် ဖျာသည် လေးပင်ဖင့်နွဲ့စွာနဲ့ . .

"နေရမှာပေါ့ ကိုရဲ့"

ဖြေလေပြီ။ ကျွန်တော်တို့နှစ်ယောက်သည် အတော်ကြာတဲ့အထိ သောင်ပြင်ပေါ်မှာ လဲလျောင်းနေပြီးမှ တဲဆီပြန်ခဲ့ကြပါတယ်။ နှစ်ယောက်စလုံး ပင်ပန်းပျော်ရွှင်လွန်း၍ ဘာမှ ဟုတ်တိပတ်တိ မစားနိုင်ဘဲ၊ တစ်ယောက်နဲ့တစ်ယောက် စိုက်ငေးကာ ပေါင်မုန့်နှင့် ငါးသေတ္တာတစ်ဘူးသာ ဖြီးခဲ့ရပါတယ်။

ထို့နောက် ဖျာသည် ကျွန်တော့်လက်မောင်းပေါ် ခေါင်းအုံးကာ နောက်တစ်နေ့ အစီအစဉ်ကို ဆွဲရင်း လှိုင်းသံတဝုန်းဝုန်းကြားမှာ နှစ်မြိုက်စွာ အိပ်ပျော်ရပါတော့တယ်။ ပျော်ရွှင်ဖွယ်ရာအတိပင်။

ကျွန်တော်၏ အစီအစဉ်များထဲတွင် အကျီချွတ်ဘောင်းဘီ ဆင်တူဝတ်ကြရန်နှင့် ငါးမျှားရန်ပင် ပါဝင်သေးတယ်။

နောက်တစ်နေ့စွင် ဖျန်း ကျွန်တော်တို့သည် နီညိုရောင်အကွက်လက်ရှည်၊ ချင်းမြွာရင့်ရောင် ကိုယ်စီဖြင့် သောင်ပြင်ကျောက်ဆောင်ပေါ်တွင် ငါးထိုင်မျှားကြပါတော့တယ်။



"ကိုရာ . . . ဒီနားမှာထိုင်ရတာ တစ်နာရီလောက် ရှိပြီ၊ ငါးတစ်ကောင်မှ မရသေးဘူး။ ဒီမှာ နေပူပြီး လူခြောက်ဖြစ်တော့မယ်"

"အဲဒီတော့လည်း ကောင်းတာပေါ့ ဖျရဲ့။ ဒီအတိုင်းပဲ စားရတာပေါ့။ အလုပ်ရှုပ်တောင် သက်သာသေး"

"ဟွန်း . . . ယောက်ျား အစုတ်ပလုတ် ငါးတောင်ရအောင် မမျှားနိုင်တဲ့ ယောက်ျား"

"အောင်မယ် . . . ဘေးနားက အခန့်သားထိုင်နေတဲ့ မိန်းမ ရေသာခိုကများ . . . လူခြောက် မြန်မြန်ဖြစ်ပါစေ ဘုရား"

ကျွန်တော်က တစ်ခွန်းမခံ စကားနားထိုင်းလျှင် ဖျာသည် ကျွန်တော့်အား မျက်စောင်းအကြီးစားကြီးဖြင့် ပစ်ပေါက်ပါတယ်။

"ရင်ကို ထိချက်ပြင်းလွန်းတယ်ပေါ့ . . . ဒေါ်လှင်းရောင်ဖျာ"

ဟု ဆိုစဉ်မှာပင် ကျွန်တော့်လက်ထဲမှာ ငါးမျှားကြိုးသည် တုန့်ခနဲ တင်းလာပေပြီ။

"ဟာ . . . ဖျရေ . . . ငါးဆွဲပြီကွ . . . ဆွဲနေပြီ"

"ဟယ် . . . ဟုတ်လား . . . ဆွဲတင်တော့ . . . ဆွဲတင်"

ကျွန်တော့်စကားကြားတာနဲ့ ဖျာသည် ဖျတ်ခနဲလှုံးကာ

www.burmeseclassic.com

ထအော်ပါတော့တယ်။ ကျွန်တော်သည် ဖျကို စချင်စိတ် ပေါက်ခဲ့ပေါ်လာကာ . . .

"အမလေး . . . အကြီးကြီးပဲနဲ့ တူတယ်။ လေးသဟ ဖျကူညီပါဦး"

"အင်း . . . အင်း . . . ဖျ ဆွဲတင်ပေးမယ်"

ဟုဆိုကာ ဖျသည် အသည်းအသန်ကူဆွဲပေးပါတော့တယ်။ ကျွန်တော်က ရယ်ချင်စိတ်ကို မျိုသိပ်ပြီး၊ ငါးများတဲ့ကို ဆတ်ခနဲဆွဲတင်လျှင် တစ်ထွာသာသာ ငါးလေးသည် ငါးမျှားကြိုးတွင် တန်းလန်းလေးပါလာပါသည်။

ဖျသည် ငါးကို တစ်လှည့် လူကိုတစ်လှည့် စောင်ဝေဝေနဲ့ ကြည့်ကာ . . .

"အေး . . . တွေ့မယ် . . . တွေ့မယ်။ လူကိုများ နောက်ရောကျလို့ လူအညစ်အကြေးတုံးကြီးရဲ့"

"ဒါဆို . . . လူအညစ်အကြေးတုံးကြီးရဲ့မိန်းမ လူအညစ်အကြေးမကြီး"

ဟုဆိုလျှင် သူမမှာ ငါးကို ဖိုးဖိုးဖတ်ဖတ် ဖြုတ်ယူကာ

"နောက်တစ်ကောင်ရအောင် မျှားထား"

"တင် . . . ဒီကောင်ကရော"



"သွားကင်ဦးမယ်"

ဖျသည် ထိုသို့ဆိုကာ မီးကျောက်ဆောင်အောက် ဆင်းသွားပြီး ခလယ်ကွယ်ရာအရပ်၌ ငါးကင်နေလေပြီ။ ကျွန်တော်ကတော့ နောက်ထပ်ငါးတစ်ကောင် ထပ်မျှားရင်း သူမရဲ့ ငါးကင်ခြင်းကို မျှော်လင့်တာနေပါတယ်။

သို့ပေမယ့် အချိန်ကြာတဲ့အထိ လူရော ငါးကင်ရော ပြန်မရောက်တဲ့အဖြစ်မို့ . . .

"ဖျရေ ငါးကင်မရှမလားသွားလား။ ဒီမှာ စားချင်လှပြီ"

"စားချင်ရင် နောက်ထပ်တစ်ကောင်သာ ထပ်မျှားပေတော့၊ ဖျစားလို့ ကုန်ပြီ"

ဟုရှိသတည်း။

သူမသည် ထိုမျှသာမကသေး လူတစ်ယောက်အား နောက်တီးနောက်ရောက်[illegible]ကိုမျှတစ်ခါသေးတယ်။ ကျွန်တော်တို့ ရွက်ဖျင်[illegible]မပျော်ခန်းတွင် သဘာဝစိမ့်စမ်းရေတစ်ခုရှိပြီး၊ ရေတွင်းနံဘေးလို့ ဖြစ်ပေါ်နေတာကြောင့် အပေါ်သက်ပိုင်းတို့ သောက်ရေအဖြစ်သုံးပြီး ရေကန်တို့တော့ ရေချိုးရေခပ်ရန်ကြလေ့ရှိပါတယ်။

"ကို . . . ဖျရေချိုးမယ်နော်။ လုပ်းမကြည့်နဲ့ ဖျသည်လည်း

www.burmeseclassic.com



မကြည့်နဲ့နော်"

ဟု အော်ဟစ်ကာ သူမက ရေအရင်ချိုးပါတယ်။ ကျွန်တော်တို့နှစ်ယောက်မှာ လဲလှယ်စရာ ပုဆိုးနဲ့ထဘီတစ်ထည်စီသာပါပြီး၊ ကျွန်အစတ်တွေသည် အောင်းဘီတွေသာ ဖြစ်တာကြောင့် သူမက ချောက်ချမို့ အကြံရခြင်းဖြစ်သည်။

"ကိုင်း . . . ကို . . . ချိုးတော့"

"ဖျနော် . . . ခိုးမကြည့်နဲ့ . . . ရှက်တတ်တယ်ကွ"

"အဲဒီ အိုင်ထဲမှာ ခေါင်းမြှုပ်ပြီးသေ သိလား"

ဟု သူမကရန်စောင်ကာ ကျွန်တော့်အနားမှထွက်သွားပါတယ်။ ကျွန်တော်ကလည်း စိတ်ချစွာ စိမ်ပြေနပြေ ရေစိမ်ပြီးမှ ကုန်းပေါ်တက်ရန်အကြည့်တွင် ကျွန်တော့်ပုဆိုးမရှိတော့ပေ။

ကျွန်တော်သည် ရေထဲမှနေ၍ ဟိုဟိုဒီဒီ လိုက်ရှာပေမယ့် မတွေ့ရတော့၊ သူမလက်ချက်မှန်း သိသွားကာ . . .

"ဖျ . . . ဖျရေ . . . ပုဆိုး ဝှက်ထားလား"

"ဝှက်ထားတာ မဟုတ်ဘူး . . . ပေါ်တင်ယူထားတာ ယောဒီမှာ တွေ့လား"

ဟု၍ သူမက လက်ထဲက ပုဆိုးကို မြှောက်ပြရင်း . . .

"ရှော်နေပေဦးတော့ ယောက်ျားရေ။ နောက်ထပ် ထ



နာရီကြာမှ ပေးမယ်"

"ဟာ . . . ဖျ . . . မလုပ်နဲ့ကွာ . . . ကိုယ်ချမ်းနေပြီကွ"

"အသက်နဲ့ အဝေးကြီးပါ ကိုရာ . . . မိနစ် (၆၀) ထဲ"

ဖျသည် တဲထဲဝင်သွားလျှင် ကျွန်တော်သည် ခိုက်ခိုက်တုန်အောင် ချမ်းလာရပါတယ်။ ဖျ တကယ် မှဆိုး လာပေးတော့ အချိန်တွင် မိနစ် (၂၀) သာ ရှိသေးပေမယ့် ကျွန်တော် ချမ်းနေပုံကို ကြည့်ပြီး . . .

"ဖျ နောက်တာလွန်သွားတယ် ကို . . . ဆောရီး . . . ဆောရီး . . . ဖျက ချစ်လို့ပေါ့"

ဟု၍ ထပ်တလဲလဲဆိုကာ ကျွန်တော့်အား ကမန်းကတန်း ရေသုတ်ပေးပြီး၊ မီးတွေပို အချမ်းပြေစေရန် ကော်ဖီတွေ ဖျော်တိုက်နဲ့ ပျာယာခတ်နေလျှင် . . .

"ဖျ . . . အပေါ်ယံတွေက အချမ်းမပြေပါဘူး ဖျရာ။ ကိုယ့်ကို လာဖက်ထား။ ဖျ ဖက်ထားမှ အချမ်းပြေမှာ"

ဟုဆိုလျှင် ဖျသည် ယစ်မူးကြည်မြတဲ့ အကြည့်တစ်ချက်နဲ့ မျက်လွှာကို ပင့်ကြည့်ကာ ကျွန်တော့်အနားလျှောက်လာကာ ရင်ခွင်ထဲ တိုးဝင်လိုက်ပါတယ်။

ကျွန်တော်သည် ဖျ၏ အပြုအမူကို တအံ့တဩဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဆွတ်ဆတ်ပျံ့နှံ့ လွှမ်းခြုံသလာပါတယ်။

ဘာကြောင့်မှန်းမသိ ဖျသည်ရင်ခွင်ထဲတွင်ဆိတ်ငြိမ်နေသလိုကျွန်တော်ကလည်းခပ်ကျစ်ကျစ်ပွေ့ဖက်ထားမိပါပြီတည်း။

* * *

ကျွန်မသည် မီးဖိုမှ အလင်းရောင်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ သူ့မျက်နှာကို နောက်ဆုံးအကြည့်နဲ့ စိုက်ငေးကြည့်နေမိပါတယ်။

ခါတိုင်းဆိုလျှင်သူ့လက်တစ်ဖက်ဖြင့်ဖျအားသိုင်းဖက်ပြီး အိပ်ထားတက်သော၊ ဖျ အနည်းငယ်လူးလွန့်တာနဲ့ သူ ဖျတ်ခနဲ နိုးတတ်ပါတယ်။

ခုများတော့ ကော်ဖီထဲမှာအိပ်ဆေးထည့်ထားတဲ့တန်ခိုးနဲ့ သူသည် ကျွန်မ ခွဲသွားမည်ကို မသိဟန်နဲ့ အိပ်ပျော်နေလေပြီ။

နာရီသည် ညဦး (၁း၃၀) နေပေပြီ။ မကြာခင်ပဲ ရောင်နီခပ်ဖျဖျ ရောက်လာတော့မည်ပြီ။ လသည်ဝင် ကောင်းကင်၏ တိုးခပ်မြင့်မြင့်တွင် နေရာယူလျက်ရှိချေပြီ။

ကျွန်မသည် သူ့မျက်နှာကို နောက်ဆုံးအနေနဲ့ကြည့်ပြီး သူ့အတွက် တာကယ်အသုံးဝင်မည့် ဓားတွေ၊ လှံတွေ၊ နောက်ပြီး



နာရီသံလိုက်အိမ်မြှောင်တွေကို မထားခဲ့ဘဲ တိတ်တဆိတ် တစ်ခုချင်း ကောက်သိမ်းကာ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ နင့်သီး ကြေကွဲလာရပါတယ်။

ဒီကျွန်းကလေးဟာ စက်လှေခပ်သေးသေးလောက်ပဲ ဝင်လို့ရတဲ့ များမြောင်ရှုပ်ထွေးသော ကျွန်းဆွယ်တွေကြားထဲမှာ ရှိတာကြောင့် သူ့အား ကယ်ခွင့် လွတ်မြောက်ခွင့်သည် ကမ်းမမြင် လမ်းမမြင် ရှိလှပါပြီ။

သူဟာ ဒီကျွန်းပေါ်မှာ ရက်အတန်ကြာနေပြီးတဲ့နောက် ရိက္ခာပြတ်ခြင်းနဲ့ ပထမဆုံး ကြုံတွေ့ရနိုင်ပါတယ်။

"ရိက္ခာက နောက်ထပ် နှစ်ရက်စာပဲ ကျန်တော့တာ။ အရှားပျောက်ဆေးတွေ ထားခဲ့လိုက်ပါမယ်။ သူ့ အဖျားပျောက်အောင် သောက်လို့ရတာပေါ့"

ဟုတီးတိုးရေရွတ်ကာနာရီကိုကြည့်လျှင်(၄း၀၀)ထိုးချေပြီ။

"ကဲ... ငါသွားဖို့ အချိန်ရောက်ပြီ။ သောင်ပြင် စဝ်ဘုတ်ခွက်ထားတဲ့နေရာဟာ ဒီကနေ တစ်နာရီလောက်လျှောက်ရမှာ အတော်ပါပဲ"

ကျွန်မသည် စိတ်ထဲကတွေးကာ သူ့ကို တစ်ချက်လှည့်ကြည့်ပြီး စောင်ကို လည်ပင်းအထိ ဆွဲခြုံပေး၊ မီးပုံထဲ သစ်မီးစွဲ

www.burmeseclassic.com

www.burmeseclassic.com



စေရန် ထင်းခပ်ကြီးကြီးသုံးချောင်းကို ပစ်ထည့်ပေးကာ ကျောပိုး အိတ်ကို ကောက်လွယ်ပြီး ထွက်ခဲ့ပါတယ်။

နေစမ်း ကျွန်မရင်ထဲမှာ တစ်ခုခုဟာ ညည်းတွားနေသလား၊ ဒါမှမဟုတ် ငိုရှိုက်နေသလား။ သိပ်မသေချာလှပါ။ သေချာတာကတော့ ကျွန်မသည် တဲထဲတွင် ကျန်ခဲ့သည့်လူကို နောက်ဆံတငင်ငင်နဲ့ ရှိခြင်းပါ။

သောင်ပြင်ပေါ်အရောက် အတွေးများခဲ့တဲ့ နေရာတွေ၊ အတူလဲလျောင်းခဲ့တဲ့ သောင်ပြင်၊ ရယ်သံတွေနဲ့ ချစ်ခြင်းစိုလက်တဲ့ အကြည့်တွေ၊ အရာအားလုံးသည် ရှင်သန်သက်ဝင်နေသလို ပင် ခံစားရပါတယ်။

ကျွန်မသည် ဒုတိယအကြိမ် ရင်ထဲမှာ တလှိုက်လှိုက် ဝမ်းနည်းလာရပြီးလှေဆွက်ထားရာနေရာကိုအားကုန်ပြေးလာခဲ့ပါတယ်။

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဖျူ ကိုယ့်ကို ခွဲမသွားနဲ့နော်"

"ဖျူကို ချစ်မိသွားပြီ"

အိုကွယ် . . . သွေစကားတွေဟာ ဖျူ . . . ဖျူအတွက် အနားမှာ ကပ်ပြီး ပြောနေသလို ရင်းနှီးနွေးထွေးဆဲ။

ဖျူသည် တရစပ်လိမ့်ဆင်းလာတဲ့ မျက်

စဝိဘုတ်ကို ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့ရပြီ၊



အကယ်၍များ ကျွန်မ၏ လုပ်ရပ်အားလုံးကို ကျောက်ဆောင်ထက် တစ်နေရာမှ သူကြည့်နေမှန်းသိခဲ့လျှင် . . .

× × ×

ကျွန်တော်သည် ကျောက်ဆောင်ပေါ်မှ ရပ်ကာ စက်လှေလေး မှုန်တိမှုန်ဝါးနဲ့ အစက်အပြောက်လေး ဖြစ်သွားတဲ့ အထိ မျက်စိတဆုံးကြည့်နေမိပါတယ်၊

"တစ်နေ့မှာ ဖျူ ခွဲသွားမယ်ဆိုတာ ရိပ်မိလျက်နဲ့ ဒီလောက် မြန်မြန်ကြီး ထားရစ်ခဲ့မယ်လို့ မမျှော်လင့်ခဲ့ဘူး . . . ဖျူ။ ဒါပေမယ့်ကျေနပ်ပါတယ် . . . ဖျူ ကိုယ် ဘယ်တော့မှ မမေ့ပျောက်နိုင်တဲ့ ကမ္ဘာလေးတစ်ခု ဖန်တီးပေးခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ ဒီကမ္ဘာထဲက ကိုယ်ထွက်ပြေးဖို့ မစဉ်းစားပါဘူး။ နေသားတကျဖြစ်အောင်ကိုယ်ကြိုးစားနေထိုင်သွားပါ့မယ်။ဖျူကိုချစ်တဲ့အချစ်တွေနဲ့ပေါ့"

ကျွန်တော်က ရင်တွေ ပွင့်ထွက်တော့ နလုံးသားတွေ ခုန်ပေါက်ထွက်လာတဲ့အထိ သောင်ပြင်ပေါ်တွင် ကမူးရှူးထိုး ပြေးလွှားနေပြီးမှ ဝုန်းခနဲ အားပြတ်ကာ ဟပ်ထိုးလဲကျသွားပါတယ်။

ကျွန်တော်သည် သဲသောင်ပြင်ပေါ်တွင် "ဖျူ ကို ချစ်တယ်" ဆိုတာကို ခပ်ထင်းထင်း ရေးချရင်း အကယ်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် မြေပြင်၏ မှန်တစ်ချပ်သာ ဖြစ်မည်ဆိုပါလျှင် ထိုစကားစုအား ဖျ ကောင်းကင်ကို မော့ကြည့်တိုင်း တွေ့နိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

သူ့ ဆုတောင်းသည် အမှန်တကယ် ပြည့်ခဲ့ပါပြီ။

× × ×

ကျွန်မသည် တရစပ်စရပ်စတမ်း ကျလာတဲ့ မျက်ရည်တွေကို ထိန်းရန်အလို့ငှာ ကောင်းကင်ကို ဖျတ်ခနဲ မော့ကြည့်ရင်း မျက်ရည်တွေ ပုတ်ခတ်သိမ်းဆည်းစဉ် . . .

"ဖျ ကို ချစ်တယ်"

အို . . . ဒါ . . . ဒါ . . . ဖျ ထင်မှတ်တာပဲဖြစ်ပါစေ။

ဒီစာတန်းဟာ ကောင်းကင်ပေါ်မှာ ထင်ရှားစွာ တည်ရှိမြဲ နေရာယူစမြဲ . . . ဖျ ကောင်းကင်ကို မော့ကြည့်လိုက်တိုင်း တွေ့ရစမြဲ . . .

သေချာတာကတော့ ကျွန်မတည်ထောင်ခဲ့တဲ့ ကမ္ဘာထဲမှာ ကျွန်မရဲ့နှလုံးသားနဲ့ ထိုအရာနဲ့ ထပ်တူညီသော လူတစ်ယောက်ကို ထားခဲ့ရခြင်းပင်တည်း။

× × ×

# နောက်ထပ် နှစ်ပေါင်း (၃၀) ကြာသော်

## အခန်း(၁၃)

အထူးကုဆေးရုံကြီး၏ အထူးခန်းတစ်နေရာတွင် အသက် (၅၅) နှစ်ရှိ မိန်းမကြီးတစ်ယောက်သည် အသက်အရွယ်နှင့်မမျှစွာ ဝေဒနာကို ပြင်းပြစွာ ခံစားနေရပါတယ်။

နှာခေါင်းအပေါက်နှစ်ခုစလုံးမှာ ပိုက်တွေ၊ လက်တွေမှာ အပ်ချောင်းများစွာနဲ့ သွယ်ဆက်ထားတဲ့ ပိုက်တွေ၊ ဂလူးကို့စ်ပုလင်း၊ သွေးပုလင်းတွေ မြောက်မြားစွာသော ပိုက်တွေကြားထဲမှာ ထိုမိန်းမကြီး၏ပါးလှပ်လှစ်ခန္ဓာသည်ပျောက်ကွယ်၍နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးခုန်ခြင်းကို တိုင်းနေတဲ့စက်မှ တတီတီအော်သံများ
က သေမင်းရဲ့ ခပ်ညှင်းညှင်းရယ်သံလို . . .

ဒေါ်လင်းရောင်ဖျူသည် သူမနံဘေးမှ ဝတ်လုံတော်ရ
ကြီးကို လက်ယပ်ခေါ်လျှင် ထိုဝတ်လုံတော်ရကြီးမှာ သူ့ရဲ့ခပ်ထူထူ
ပါဝါမျက်မှန်ကြီးကို ပင့်မကာ ဟန့်ကြီးမန့်ကြီးနဲ့ ထိုးလာလျှင် သူမ
မှာ ထိုးညှင်းတာ မနည်းအားစိုက်တဲ့ အသံနဲ့ . . .

"ကျွန်မ!... သေ... တမ်း... စာ... အထိုင်း... နောင်
တော်ကြီးနဲ့ ... လင်း... ရောင်... ဖျူ ကောင်းမှု ... လှူ ...
ပေး... ပါ"

"စိတ်ချပါ ဒေါ်လင်းရောင်ဖျူ စိတ်ချပါ"

ဟု ကတိပေးပြီးလျှင် ဒေါ်လင်းရောင်ဖျူသည် စပယ်
ရှယ်နပ်(စ်)လေးကိုခေါ်တာ သူမ ခေါင်းအုံးအောက်မှ တစ်စွန်း
တစ်စ ထွက်နေတဲ့ နီညို့ရောင်ရှပ်အကျီလေးကို ဆွဲပြလျှင် . . .

"အန့်တီ ဝတ်မလားရှင်"

သူမက ခေါင်းညိတ်အပြီးတွင် သူမကို ညင်သာစွာနဲ့
ဝတ်ဆင်ပေးပါတယ်။ သူမသည် ထိုအကျီဝတ်ပြီးမှ လုံခြုံစိတ်ချ
တာနဲ့ မျက်ဝန်းအစုံကို မှေးမှိတ်လိုက်လျှင် . . .



နှလုံးခုန်သံသည် တိခနဲ ဖြတ်တောက်သွားလေပြီ။

သူမ၏မျက်ဝန်းထောင့်စွန်းမှ မျက်ရည်စသည် မည်သူ့
အတွက်ကျသည်ဆိုတာ ကာယကံရှင်မှတစ်ပါး မည်သူမှ သိနိုင်
မည် မထင်ချေ။

အကယ်၍များ လင်းရောင်ဖျူ ဟု ခေါ်တွင်သော သူမ
သည် လူသူမနီးရာ ကျွန်းကလေးတစ်ကျွန်းပေါ်တွင် စုတ်ပြဲပေါက်
နေပြီဖြစ်တဲ့ ရှက်ဖျင်တဲကြီးတစ်ခုတွင် သူမနှင့်ဆင်တူညီတဲ့ ရှပ်
အကျီနီညိုကွက်ကိုဝတ်ဆင်ထားသောလူတစ်ယောက်သည်လည်း
သူမနှလုံးခုန်သံ တိခနဲရပ်သည့်အချိန်နဲ့ထပ်တူ လူ့လောကထဲက
ထွက်ခွာသွားရကြောင်း သူမသိခဲ့မည်ဆိုပါလျှင် . . .


ထိုလူသည် တစ္ဆေတစ်ကောင်၏ စီရင်ထုံးကို နာခံရ
သည့် လူတစ်ယောက်ပင် ဖြစ်လိမ့်မည်ဟု ယူဆရလေပြီ။

ထိုသူကား . . .

www.burmeseclassic.com

www.burmeseclassic.com

ဝေန္ဒများစွာမြင့်



(16.6.2002)

(7:05)P.M

www.burmeseclassic.com